www.burmeseclassic.com

# လတ်တော ရအောင်

ဝေယျာဝစ္စများတဲ့ကြယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၁၄၀၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၂၁၇၁၀၁၁ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | နိုဝင်ဘာလ၊ ၂၀၁၁ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | မျိုးကျော် |
| အဖုံးဖလင် | – | EAGLE |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် |
| | | အမှတ် ၁၈၁၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးနေမျိုး |
| | | နေမျိုးစာပေ (မြ-၀၄၀၅၈) |
| | | အမှတ် (၁) ၊ သုမင်္ဂလာလမ်း |
| | | ၅ ရပ်ကွက်၊ တောင်ဥက္ကလာပ။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

လတ်တေဇအောင်

ဝေယျာဝစ္စများတဲ့ကြယ် / လတ်တေဇအောင် – ရန်ကုန်။

နေမျိုးစာပေ၊ ၂၀၁၁။

၂၀၆ – စာ။ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ


ဤဝတ္ထုသည် သမဝါယမဒီဂရီကောလိပ်၏ (၂၀၀၂/၂၀၀၃) စာသင်နှစ်အတွင်း ရေးဖွဲ့ထားသော အပျော်ဝတ္ထုလေးတစ်ပုဒ်သာ ဖြစ်သည်။

ထိုနှစ်အပိုင်းအခြားတွင် ခင်မင်ခဲ့ရသော ကျောင်းသူကျောင်းသားများအား သတိရလျက် . . .

လေးစားစွာ

လတ်တေဇအောင်

www.burmeseclassic.com

www.burmeseclassic.com

(၁)

မြတ်ကို ကျဉ်းထဲကျပ်ထဲ ရောက်နေ၏။

ပြဿနာကတော့ ဖေဖေနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ခါတိုင်းလည်း ဖေဖေ့ကို ရှောင်နေခြင်းမျိုးမရှိပါ။ ဒါပေမယ့် ဒီနေ့ကတော့ ထူးတယ်ဟုဆိုရမလို ဖြစ်နေသည်။

မြတ်ကိုကလည်း ဒီနေ့မှ ဆတ်ဆော့ပြီး စတိုခန်းထဲရောက်နေခြင်း ဖြစ်သည်။ ဆယ်တန်းတုန်းက စာအုပ်အဟောင်းတစ်အုပ်ထဲမှာ ကူးထားသည့် ခေတ်ပေါ်ကဗျာတစ်ပုဒ်ကို လိုက်ရှာနေခြင်း ဖြစ်သည်။ မတွေ့သေး . . .။ စိတ်က ရှုပ်လာ၏။

စတိုခန်းကလည်း ကျဉ်းကျဉ်းလေး။ ဖေဖေက အပေါက်ဝမှာ ပိတ်ရပ်ပြီး စကားနှင့်ကျပ်တော့သည်။ တကယ့်ကို ကျဉ်းထဲကျပ်ထဲ။

"ဟေ့ကောင် မင်းရဲ့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာက ဘာသဘောလဲကွ . . . ဟေ"

ဖေဖေ အတိတ်ပဲမေ့သွားပြီလား။ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာက တက္ကသိုလ်တက်ရန်မှတပါး ဘာသဘောမှ ထပ်မပါချေ။ ဒါမှ





တောတ် ဖေဖေ့လို မျိုးရိုးစဉ်ဆက် ပညာရေးကို အလေးထားခဲ့သည့် လူမျိုးက သူအလှည့်ရောက်မှ နိုင်ငံခြားကိုပို့ပြီး အလုပ်လုပ်ခိုင်းချင်နေပြီလား မသိ။ ဖြစ်နိုင်ချေရှိတာတွေကို ဖြန့်ကျက်စဉ်းစားနေတုန်းမှာပင် ဖေဖေက . . .

"ဟေ့ကောင် ငါပြောတာ ကြားရဲ့လား၊ ဘာသဘောလဲလို့"

"ဘာသဘောမှ မဟုတ်ပါဘူး ဖေဖေ၊ ဒါပေမယ့် ကျွန်တော် နိုင်ငံခြားကိုတော့ မသွားနိုင်ဘူးနော်၊ ကိုယ့်မြေ ကိုယ့်ရေမှာပဲ ပညာကို အေးအေးဆေးဆေး သင်ချင်တယ်"

မထူးပြီ။ ဒီတစ်ခါတော့ သားအဖချင်း ခင်မင်မှုပျက်ချင်သည်း ပျက်တော့ဟုတွေးကာ ဖေဖေ့ကို လင်းလင်းရဲရဲပဲ ရင်ဆိုင်ပစ်လိုက်၏။ ဖေဖေလည်း ရုတ်တရက်ဆိုတော့ အငိုက်မိသွားလားမသိ။ တစ်ချက်တွေကနဲ ဖြစ်သွားပြီးမှ အားရပါးရရယ်ကာ . . .

"ဟား ဟား ဟား မင်းလိုကောင်ကများ နိုင်ငံခြားကို စိတ်ကူးယဉ်နေသေးတယ်၊ အံ့ပါ့ကွာ . . . အံ့ပါ့"

ဖေဖေ့မျက်နှာက သူ့ကိုလှောင်နေသည့်ဟန်မျိုး။ မြတ်ကို ထပ်ကာ စဉ်းစားရတော့သည်။ အရင်းအမြစ်ကိုလည်း ရှာမတွေ့နိုင်ဖြစ်နေ၏။ ဒါဆို တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာက ဘာဖြစ်သနည်း။ ဖေဖေဆိုလိုချင်တာကို သူတွေးမရတော့။

"ဖေဖေ ပြောချင်တာ သားနားမရှင်းဘူး"

"အေး . . . ရှင်းအောင်ပြောမယ်၊ မင်းလျှောက်လွှာမှာ ဦးစားပေးလျှောက်ထားတာ . . . ဘာလဲ"

"နည်းပညာတက္ကသိုလ်လေ . . . ဖေဖေကလည်း"

"အဲဒါကို ပြောတာပေါ့။ မင်းဟာလေ တကယ့်သောက်သုံးမကျတောင်ပဲ၊ ရေးထားတာကိုက' ဟွန်း"

"ဗျာ စာလုံးပေါင်းမှားနေလို့လား၊ သား ဒီလောက်တော့ မညံ့

www.burmeseclassic.com



ပါဘူး ဖေဖေရာ”

သူ့အပြောကြောင့် ဖေဖေက မျက်နှာကြီးမဲ့ကာ ကြည့်ပြီး . .

“ဟော့ကောင် မင်းမရှက်တတ်ဖူးလားကွ၊ မင်းရတဲ့အမှတ်နဲ့ မင်းလျှောက်ထားတဲ့ တက္ကသိုလ်က တန်လို့လားကွ၊ ပြောစမ်းပါဦး”

“ဖေဖေရာ ဒါလေးများ၊ သားက ဘာကိစ္စများလဲလို့ ပြီးတော့လည်း ရစေလိုရယ်လို့ မဟုတ်ပါဘူး”

“အောင်မာ ပြောပုံကိုက တက်ချပ်လည်းမရဘူးကွ၊ မင်းကွာ ငါ့သားလို့တောင် မပြောချင်ဘူး”

မြတ်ကို လေပြေထိုးကြည့်သော်လည်း ဖေဖေ့နှလုံးသားကို မဟပ်ချေ။ ပိုပြီး ပွဲကြမ်းလာ၏။ ခုပဲကြည့် သွေးခွဲစကားတွေတောင် ပါလာလေပြီ၊ ဒါလေးရေးမိတာနဲ့ ဒီလောက်ဖြစ်စရာမရှိဟု သူ့ဘက်က တွေးလိုက်မိပြီး . . .

“ဒါဆိုလည်း ပြင်ရေးလိုက်ပါ့မယ် ဖေဖေရာ”

“ဘာမှပြင်မနေနဲ့ ဟော့ကောင်၊ မင်းကို ငါပြောပြီးသားနော်၊ ဆေးတို့ စက်မှုတို့မရလို့ကတော့ ငါပြောတဲ့ကျောင်းပဲတက်ရမယ် ဒါပဲ”

စိတ်ဆိုးမာန်ဆိုးနှင့် တစ်ချက်လွှတ်အမိန့်ချပြီး ဖေဖေလည်း ထွက်သွားလေသည်။ မြတ်ကိုလည်း ခုမှ ကျဉ်းထဲကျပ်ထဲက လွတ်မြောက်သွားပြီး ဟင်းချနိုင်တော့၏။

အမှန်တော့ ဘာရယ်မဟုတ်ပေ။ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာက စာအိတ်လို ပုံစံဆိုတော့ အပေါ်မှာ ဦးစားပေးတက္ကသိုလ်တစ်ခုပဲ ရေးရသည်။ မြတ်ကိုလည်း သူ့အမှတ်နှင့်မမီတာ သိသည်။ ဘေးလူအမြင်မှာ လူရှိန်တာပေါ့လို့တွေးပြီး ရေးထားခြင်းဖြစ်သည်။ ခုတော့ ဘေးလူက မရှိန်ပဲ အဖေအရင်းကြီးနှင့် ဈေးဦးပေါက်သွားခြင်း ဖြစ်သည်။ ဖေဖေကတော့ ရှိန်မယ်မထင်။ သူမွေးထားတာကိုး . . .။

* * * *



“ဟော့ . . . မြတ်ကို လာပါအုံးကွ၊ ခဏလေး”

မြတ်ကို ကိုသိန်းဝင်းကိုကြည့်ပြီး စိတ်အတော်ညစ်သွား၏။ ဒီလူနဲ့တွေ့ရင်တော့ ခွေးအကြောင်း ဒါမှမဟုတ် အချစ်အကြောင်းကို နားအူမတတ် နားထောင်ရဦးမည်။ သို့သော်လည်း လက်ဖက်ရည်တိုက်ပြီးမှ ပြောတတ်တာမို့ အပေးအယူလေးတော့ ရှိတယ်ဟုတွေးပြီး ဝင်သွားလိုက်သည်။ ကိုသိန်းဝင်းမှာလည်း လက်ဖက်ရည်တိုက်ပြီးပြောတာတောင် နားထောင်မယ့်သူမရှိလို့လား မသိ။ သနားစရာလေး . . ။ ပုံစံက ညောင်နာနာကို ဖြစ်နေ၏။ သူ့ကို ခမ်းနွမ်းနွမ်းလေး ပြုံးပြပြီး . . .

“ထိုင်ကွာ၊ ငါလည်း အဖော်မရှိတာနဲ့၊ ဘာသောက်မလဲ”

“အအေးတစ်လုံးပေး ဖန်ခွက်ပါပေး”

အအေးပုလင်းရောက်လာတော့ ဖန်ခွက်ထဲငှဲ့ပြီး သောက်လိုက်သည်။ ပြီးမှ သူ့ဘက်တော့ အလှည့်ပေးလိုက်ဦးမယ်ဟုတွေးကာ-

“ကဲ . . . ဆို . . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာကိုဆိုရမှာလဲကွာ"

"မသိဘူးလေ၊ ခင်ဗျားနဲ့တွေ့ရင် ခွေးအကြောင်းမဟုတ်ရင် အချစ်အကြောင်း တစ်ခုခုပေါ့၊ ကိုသိန်းဝင်းက ခ-ကွေးအတ္ထုရာတွေ ထဲကမှ မထွက်တာ"

ကိုသိန်းဝင်း ခေါင်းခါလေ၏။ ပြီးမှ အသံခပ်တိုးတိုးလေး

"မဟုတ်ပါဘူးကွာ၊ မင်းကို ခ-ကွေး အကြောင်းမပြောသေး ပါဘူး၊ အခုဖြစ်နေတာက ဖ-ဦးထုပ်ကြောင့်ကွ"

"ဗျာ!"

သွားပြီ။ ကိုသိန်းဝင်းကို ပြူးပြဲကြည့်မိသည်။ မျက်တွင်းတွေ ချောင်ကျနေ၏။ အသားအရေကလည်း မွဲခြောက်ခြောက်။ ပုံစံက လည်း ညှောင်နာနာ ညှင်းသိုးသိုး။ သေချာပြီ။ ကုရာနတ္ထိဆေးမရှိသည့် ရောဂါဆိုပြီး သနားစိတ်တွေနှင့် ယူကြုံးမရဖြစ်ကာ . . .

"ဟာ ကိုသိန်းဝင်းရယ်၊ ခင်ဗျားဗျာ . . . ဘာဖြစ်လို့ အဲဒါတွေ လိုက်စားရတာလဲ၊ ဖြစ်လာရင်ဆေးမရှိဘူးဗျ၊ ဒီလောက် ဂျာနယ်တွေ မှာ ကြော်ငြာထားတာလည်း သိလျက်နဲ့ ခက်တယ်ဗျာ၊ တစ်ချို့လူတွေ ကလည်း အကာအကွယ်ဆိုရင် တစ်မျိုးထင် . . ."

"ဟင် . . မင်း မင်း မြတ်ကို ဘာတွေပြောနေတာလဲ၊ ဟာကွာ မဦးမချွတ် . . . လွဲပါစေ၊ ပယ်ပါစေ"

မျက်လုံးပြူး၊ မျက်ဆံပြူးကာ ကိုသိန်းဝင်း လက်ကားယားနှင့် တားတော့သည်။ မြတ်တို့က . . .

"မရှက်ပါနဲ့ ကိုသိန်းဝင်းရာ၊ ဘာမှအားမငယ်နဲ့ ကျွန်တော့် သူငယ်ချင်းတွေထဲမှာ N.G.O တွေရှိပါတယ်ဗျ၊ နှစ်သိမ့်ဆွေးနွေးပညာ ပေးပြီး . . ."

"ဟာ . . . ဟာ . . . တော်တော့ကွာ တော်တော့၊ မင်းပြော တာ တစ်ခုမှမဟုတ်ဖူးကွ"





"ဟင် . . . ခင်ဗျားပဲ ဖ-ဦးထုပ်ကြောင့်ဆို"

ကိုသိန်းဝင်း စိတ်တော်တော်ညစ်သွားပုံရသည်။ သက်ပြင်း တို တစ်ရပ်ကွက်လုံးကြားအောင် မှုတ်ထုတ်လိုက်ပြီး . . .

"ဖ-ဦးထုပ်ဆိုတာက မင်းပြောသလို လိုက်ပြောတာကွ၊ ငါ ဒီမှာထိုင်ရင်းနဲ့ ဖျားချင်နေတယ်လို့ ပြောမလို့ပါကွာ"

"ဟာ ဆောရီး ဆောရီး အပေါ် ထင်တော့ထင်သားဗျ၊ ခင်ဗျား ထည်း ဘော်လုံးဂျာနယ်တွေ ဖတ်တာပဲ၊ ဒီလောက်တော့ မနုံလှပါဘူးလို့"

တော်သေးသည်။ မဟုတ်လို့ကတော့ အက္ခရာတစ်လုံးထဲနှင့် ချိုပြီး ကိုသိန်းဝင်းလည်း ပိုစိမ်းတင်းသွားနိုင်၏။ ဒါတောင် သိပ်မကျေ နပ်လှချင်။ မကြည်မလင်ဖြစ်သွားပုံကြီးနှင့် . . .

"မင်းကို ပြောမိတာကိုက မှားပါတယ်ကွာ၊ ကြားလိုက်ရရင် အဆုံးတွေချည်းပဲ၊ မသိရင် ငါပဲ ဟိုဟာတွေ လိုက်စားနေတဲ့ကောင် ဖြစ်ရအုံးမယ်"

အနေအထားက အဒေးဖိုး ကိုယ့်ဟာကိုယ်ရှင်းရမယ့်ပုံစံ ဖြစ်လာတာမို့ စကားလမ်းကြောင်းပြောင်းရပြန်သည်။

"ဒါဆို အခု ကိုသိန်းဝင်းက ဖျားချင်နေတာပေါ့၊ အဲဒီလိုလား"

"အေးကွာ . . . နုံးချိချိ ချမ်းတမ်းတမ်းနဲ့"

"ဖျားချင်နေတာများဗျာ၊ ကျွန်တော့်ကို ခေါ်ပြောနေရသေး သယ်၊ ဖျားချင်ရင် ဖျားပစ်လိုက်ပေါ့ဗျ၊ ဘာခက်လဲ"

"ဘာ . . . ဘာပြောတယ်"

"ဟုတ်တယ်လေ၊ အဲ . . . ဒီမှာ ဖျားမနေနဲ့လေဗျာ၊ အိမ်ပြန် ပြီး စောင်လေးခြုံပြီး သပ်သပ်ရပ်ရပ် ဖျားစမ်းပါဗျာ"

"တော်ပြီကွာ မြတ်ကို၊ ဒီနေ့ မင်းနဲ့ စကားပြောလို့ ဖြစ်မှာ မဟုတ်တော့ဘူး၊ HIV ဖြစ်ခိုင်းလိုက် ရိုးရိုးပဲ ဖျားခိုင်းလိုက်နဲ့၊ ကြာရင် နေရာမှာ ငါမသာပေါ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဝင်း ဆတ်ကနဲ ထရပ်လိုက်သဖြင့် မြတ်ကို ကမှာ ကယာ လှမ်းပြောလိုက်ရသည်။

"ကို . . . ကိုသိန်းဝင်း၊ ကျွန်တော့်အဒေးဖိုးလေး . . ."

ပြောမှပဲ ဒင်းက မျက်ထောင့်နီနီနှင့် ပြန်ကြည့်ကာ . . .

"မရှင်းဘူးကွာ၊ မင်းဟာမင်း ရှင်းတော့ . . ."

"ဗျာ . . ."

အောင့်သီးအောင့်သက်နှင့် ကိုယ့်ပိုက်ဆံကိုယ်ရှင်းကာ သူငယ်ချင်းတွေနှင့် ချိန်းထားသည့် မြို့ထဲသို့ ထွက်ခဲ့ရတော့သည်။

* * * *



(၂)

မြို့ထဲရောက်တော့ ထွန်းနောင်ဝင်းတို့နှင့် ချိန်းထားသည့် ယက်ဖက်ရည်ဆိုင်သို့ တန်းသွားလိုက်၏။ ထွန်းနောင်ဝင်းနှင့် ကျော်စွာမိုးတ ရောက်နှင့်နေပြီ။ လမ်းနှင့်အနီးဆုံး စားပွဲဝိုင်းမှာ နေရာယူထားယျက် အစားအစာတွေကို ရှုပ်ရှုပ်ချွံချွံ မှာယူစားသောက်နေကြပြီး ဖြတ်သွားဖြတ်လာ ကောင်မလေး၊ ကောင်မကြီးများကို ပျစ်ပျစ်နှစ်နှစ် တြည့်ကာ တစ်တစ်ခွခွ ဝေဖန်နေကြ၏။ သူလာတာကိုပင် ဂရုမစိုက်နိုင်၊ သူလည်း ဂရုပြန်မစိုက်ဘဲ ဝင်ထိုင်လိုက်၏။ အထူးအကြိုက်လည်း ထိုက်မဆောင်နိုင်တော့။

"ထွန်းနောင် . . . အနီလေးက မိုက်တယ်နော်၊ ဒီဘက်အစွန်ဘ ကောင်မလေးလေ"

ကျော်စွာမိုးက သိပ်မထောက်ခံချင်။ မျက်နှာကိုမဲ့ပြီး . . .

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူးကွာ၊ ပိန်ပိန်လေးပါ။ တို့အလယ်က အပြာနဲ့ကောင်မလေးက ပိုတောင်လန်းသေးတယ်"

"လန်းတာကတော့ သုံးယောက်စလုံး လန်းတာပါပဲကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် . . . ဟိုမှာ နောက်တစ်ဖွဲ့လာပြန်ပြီကွ"

ထွန်းနောင်ဝင်းက ရွှေပြည်အေးတရားနှင့် ဘာက်မလိုက်စွာ ဆုံးဖြတ်ပြီး နောက်တစ်ဖွဲ့ဆီကို အကြည့်စစ်ကြေညာလိုက်သည်။ ကျော်စွာမိုးလည်း စာဒကမတက်တော့ဘဲ ဝင်ရောက်ကြည့်နှုတ်သည်။ တုတ်နှင့်ဆိုလျှင်တော့ ဝင်ရောက်ရိုက်နှက်သည်ဟု ပြောနိုင်သလိုမျိုး။ အခုဖြစ်စဉ်က မျက်လုံးများနှင့် တဖက်ကို မခံမရပ်နိုင်အောင် ကြည့်နေကြသည်မို့ ကြည့်နှက်သည်ဟု ခေါ်ရမလို ဖြစ်နေ၏။

"ဟော့ကောင် ထွန်းနောင်၊ ခုလာနေတာ ဟိုမော်ဒယ်လေး မဟုတ်လား၊ ဟိုကွာ မင်းကို ငါ့ စေသီ ထဲမှာ ပြတာလေ"

"အေး ဟုတ်တယ် ဟုတ်တယ်၊ အဟီး အခု အရှင်လတ်လတ်ကြီး မြင်ဖူးတာကွာ၊ ကောင်းလိုက်တာ အဲ လှလိုက်တာကွာ"

တဟီးဟီး၊ တဟားဟား ဖြစ်နေသည့် လံဒနှစ်ကောင်အား ကြည့်ကာ မြတ်ကိုက စိတ်မရှည်တော့ဘဲ . . .

"တော်ပါတော့ကွာ၊ မင်းတို့ တော်တော်ဘူးကျတဲ့ကောင်တွေပဲ"

"ဟော့ကောင် မြတ်ကို၊ ယောက်ျားလေးပဲကွာ၊ ဘူးကျတာ ဘာဖြစ်လဲ၊ စော်ကားနေတာမှ မဟုတ်တာ"

"ခုလည်း ပြစ်မှားနေတာပဲလေ"

"အေးကွာ ပြစ်မှားတယ်ကွာ၊ ဘူးကျတယ်ကွာ၊ ဘာဖြစ်လဲ ခုလည်း ဒီနေရာကို မင်းပဲချိန်းတာနော်၊ မင်းသာ ခွက်မကျနဲ့ စားထားတာတွေ မင်းရှင်းလိုက်၊ ဒါပဲ"

ထွန်းနောင်ဝင်းက မခံချေ။ ကျော်စွာမိုးကတော့ သူပင် မလိုသည့်သဘောနှင့် ပုခုံးတွန့်ပြီး ပြန်ငြိမ်ပြန်သည်။ ဒီနေရာကိုချိန်းမိသောကိုယ်ကပဲ မှားသလိုမျိုး။ မြတ်ကိုလည်း စိတ်ရှုပ်စွာ ခပ်တိုးတိုးဆဲရေးလိုက်ပြီး . . .





"ထားလိုက်စမ်းပါကွာ၊ အပုတ်ကောင်တွေပါ၊ မင်းတို့ကလည်း"

"အပုတ်ကောင်ပေမယ့် အပုတ်ခင်လေးပေါ့၊ မြတ်ကိုရာ"

"အေးလေ . . . မပုတ်ခင်လေးမှာ အလုပ်သင်ပြီး၊ အချုပ်မှာ မြင်တာကတော့ ကဲ . . . ဇာတ်ဆရာရေ"

"ဘာတုန်းဟ . . ."

"တရုတ်ဖင် အဲ တရုတ်ချဉ်လေးပါလား၊ ဇာတ်ဆရာရဲ့"

"ဟုတ်ပါ့ဗျာ၊ တရုတ်ချဉ်ဆိုတော့လည်း ဒီက ငယ်ကျွန်ကြီး မြတ်ကိုက တစ်လုပ်အရင် ဆက်သစေဗျား"

"အေပေးတွေ . . ."

အတိုင်အဖောက်ကို ညီနေကြ၏။ မြတ်ကိုက ဆဲရေးကာ ရေနွေးနှင့်ပက်တော့မှပဲ စပ်ဖြီးဖြီးရုပ်တွေ အဟုတ်ပြင်ကြတော့သည်။ ကျော်စွာမိုးက ချက်ချင်းပင် ဆရာကြီးစတိုင်ဖမ်းလိုက်ပြီး မြတ်ကိုအား ရှုတည်တည်ကြည့်ကာ . . .

"မင်းက နောက်ကျနေတာကိုးကွ၊ ငါတို့လည်း ကြည့်မိကြည့်ရာ ကြည့်နေရတာပေါ့"

"ဒီကောင် ဘယ်တုန်းက စောစောရောက်ဖူးလို့လဲကွာ၊ ဟိုဓေးဒီဓေးနဲ့ တလောကလုံးကဟာတွေ သူနဲ့ဆိုင်သလို လုပ်နေမှာပေါ့"

"တစ်လောကလုံးဆိုလို့ မင်းတို့ကို ပြောရဦးမယ်ကွ"

ထွန်းနောင်ဝင်း၏ပုံစံက ချက်ချင်းပင် စိတ်မသက်သာသလို ဖြစ်သွား၏။ ကျော်စွာမိုးက သက်ပြင်းချကာ ဆေးလိပ်တစ်လိပ် ကောက်ညှိ၏၊ ပြောလို့မရရင်လည်း မတားဘူးဆိုသည့် ပုံစံမျိုးတွေ လုပ်ထား၏။ သူလည်း အစချီထားတော့မှ အဆုံးသတ်ရလေတော့သည်။

"ဒီလိုကွာ၊ ငါမြို့ထဲကိုလာတော့ လမ်းမှာ ဥဒေါ့ပုံ တစ်ခုတွေ့တယ်ကွ"

www.burmeseclassic.com



"လာပြန်ပြီကွာ၊ ငွေညှပ် ဘုတ်တွေက နေရာအနှံ့မှာ ရှိနေတာပဲ မြတ်ကိုရာ"

"အေးကွာ . . . ဘာများထူးဆန်းလို့လဲ"

နှစ်ယောက်စလုံး စိတ်ပျက်ငြီးငွေ့ကြတော့၏။ တကယ်စိတ်ပျက်လာခဲ့တဲ့ သူက . . .

"ဟုတ်ပါတယ် ထူးတော့မထူးဆန်းပါဘူး၊ သွားတိုက်ဆေးကြော်ငြာလေးပါ။ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲကွာ . . . ပြော"

ဒီကောင်တွေလည်း ရုပ်ကိုသာ ဟန်လုပ်ထားရသည်။ သူပြောမယ့်စကားကိုတော့ သိချင်နေပုံရ၏။ အကြောင်းသိတွေကိုး။ မြတ်ကိုက အအေးတစ်ငုံ့ငုံ့လိုက်ပြီးမှ . . .

"ကြော်ငြာထဲမှာ မင်းသားက သွားတိုက်ဆေးညှစ်ပြီး တိုက်တော့မယ့်ပုံစံကွာ၊ ဒါပေမယ့် သူ့ဘေးနားမှာ မင်းသမီးနှစ်ယောက်က တစ်ဖက်တစ်ယောက်ကပ်ပြီး ခပ်ပြုံးပြုံးကြည့်နေကြတာကွ"

"သိသားပဲ၊ အဲဒါ . . . . သွားတိုက်ဆေးကြော်ငြာပဲလေ"

"ဟုတ်ပါတယ်၊ အဲဒီ သွားတိုက်ဆေးက ကောင်းလည်းကောင်းပါတယ်၊ ငါပြောချင်တာက ကြော်ငြာပါ၊ အမှန်ဆို ကြော်ငြာမှာ မင်းသမီးတစ်ယောက်ပဲ ထားသင့်တာကွ"

"ဘာဖြစ်လဲကွာ၊ ဒီလိုပဲ ရိုက်နေကြတာပဲ"

ကျော်စွာမိုးက စောဒကဝင်တက်၏။ မြတ်ကိုက ခပ်တည်တည်ဟန်ဖြင့် . . .

"ဖြစ်တယ်ကွာ ဖြစ်တယ်၊ မင်းသမီးနှစ်ယောက်က ဘေးမှာ ပြုံးစိစိနဲ့ မင်းသားကလည်း သဘောတွေကျလို့၊ ပြီးတော့ မင်းသားဝတ်ထားတာ ညအိပ်ဝတ်တဲ့ အင်္ကျီကြီးကွ၊ ကဲ မင်းတို့စဉ်းစားကြည့်ပေါ့၊ မင်းသားမှာ မသိရင်ပဲ လေဒီနှစ်ယောက်ရှိတယ်လို့ ထင်စရာ





မဖြစ်သွားဘူးလား"

"အဲ . . . အင်း . . . ငါလည်း ခုမှမြင်တယ်၊ ဟီး ဟီး . . . မင်းဟာလေ ပေါက်ပေါက်ရှာရှာကို မြင်တတ်ထယ်"

ထွန်းနောင်ဝင်းက . . .

"တမျိုးစဉ်းစားကြည့်အုံးမယ်၊ ဒီသွားတိုက်ဆေးက ဒီလောက်တောင် အစွမ်းရှိတယ်လို့ ဆိုလိုချင်တာလား၊ ဟို . . . . နဲ့တိုက်တဲ့ကောင်မလေးပဲ ယူမယ်ဆိုတာလည်း ရှိသေးတယ်ကွ"

"ကဲ . . . တော်ကြပါတော့ကွာ၊ မြတ်ကို . . . မင်းအခုငါတို့ကို ချိန်းတဲ့ကိစ္စ ပြောပါဦး"

"ကျောင်းက ဖွင့်တော့မယ်လေကွာ၊ ကျောင်းတက်ဖို့ကိစ္စလေး တိုင်ပင်ချင်လို့ပါ"

ကျောင်းဆို၍ အားလုံးတက်ကြွသွားကြသည်။ တက်တာနှင့် တဖုန်းဖုန်းကျပြီး ကြွသွားမှာလားဟု စဉ်းစားမိလိုက်သေးသည်။ ခဏနေတော့လည်း သူတို့မျှော်လင့်ထား၊ အိပ်မက်ထားသည့် တက္ကသိုလ်ကျောင်းသားဘဝကို စိတ်လှုပ်ရှားကာ ငြိမ်သက်သွားကြသည်။ ကြီးပြီးရင်ခုန်နေကြ၏။ ပြီးတော့လည်း တက္ကသိုလ်ကျောင်းသားဘဝ စတင်ခြင်းမျှပဲဟာတွေကို ရေးဆွဲရင်း၊ ပြင်းခုန်ရင်း၊ ရင်ခုန်ရင်း အပျော်တွေ တလင်းလင်းနဲ့ပေါ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

မြတ်ကို နည်းနည်းတော့ ချိချိကြွကြွဖြစ်နေ၏။ ကျောင်းတက်ရတော့မှာလည်း နှစ်ရက်လောက်ပဲ လိုတော့သည်။ ဒါပေမယ့် အရမ်းလည်း ချိချိကြွကြွမဖြစ်ရဲသေး။ အကြောင်းကရှိ၏။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သုံးယောက် တိုင်ပင်ထားသည့် ကိစ္စအတွက် မြတ်ကို ဖေဖေနှင့် ရင်ဆိုင်ရဦးမည်။ အဆင်ပြေ၊ မပြေဆိုတာက ရာခိုင်နှုန်း ငါးဆယ်၊ ငါးဆယ် ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ကိုတော့ ရအောင်ပြောမယ်ဆိုပြီး စကားလုံးတွေ ရွေးထားရသေး၏။ သားအဖချင်းများနော် . . . ခက်ပုံက။

ကားသံကြား၍ ဖေဖေ့လက်ကိုင်အိတ်ကို သွားပြေးပြီးကူဆွဲပေးလိုက်ရင် ကောင်းမလားပြောက စဉ်းစားကာ ဝုန်းဆို မတ်တပ်ရပ်လိုက်သေးသည်။ ပြီးမှ ဒီလောက်အမူအရာတွေပျက်ပြီး သွားဖားရင်လည်း ဒီကောင်က ဘာကြောင်တာလဲဆိုပြီး နရင်းအုပ်လျှင်အခက်။ တစ်သက်လုံးမှာလည်း တစ်ခါမှ မပြေးဆွဲဖူးချေ။ ဒါကြောင့်မို့ အိတ်တလည်း ပေ့ါပေါ့လေးပါဆိုပြီး ပြန်ထိုင်လိုက်၏။





ဦးတင်ကိုက ဧည့်ခန်းထဲမှာ အခန့်သားထိုင်နေသော မြတ်ကိုကို မျက်မှောင်တစ်ချက်ကုတ်ကာ ကြည့်လိုက်၏။ ဒီအချိန်မျိုး သားတော်မောင်ကို အိမ်မှာတွေ့လိုက်၍ တစ်မျိုးဖြစ်သွားခြင်းဖြစ်သည်။ ဦးတင်ကိုလည်း ခုံမှာဝင်အထိုင် မြတ်ကိုလည်း အပြုံးဆိုသလိုပဲ မေးလိုက်သည်။

"ဖေဖေ . . . ရေသောက်မလား"

"မသောက်ပါဘူးကွာ၊ ဒီလောက် ရာသီကအေးနေတာ ကားတောင်အလုံပိတ်ပြီး မောင်းလာရတာ"

မြတ်ကိုမှာ ချွေးဦးကျိုးသွား၍ ဘာဆက်ပြောရမှန်းမသိ။ ဘုတ်သားပဲ။ ဒီလောက် ချမ်းစီးနေတဲ့ဆောင်းတွင်းကြီး ရေသွားတိုက်တော့ ဘယ်သူက သောက်ချင်မှာလဲ။ ဖားချင်စိတ်က လောနေတာမို့ အင်ထရိုမှာပဲ အပြိုပြို အလဲလဲ ဖြစ်ကုန်၏။ အင်း . . . ကော်ဖီဆိုတော်သေးတာပေ့ါဟု ထပ်တွေးလိုက်ရင်း . . .

"ဒါဆို ကော်ဖီသောက်မလား ဖေဖေ . . . ပူပူလေး"

"ဘာကွ ငါဘယ်တုန်းက ဒီလိုအချိန် ကော်ဖီသောက်ဖူးလို့လဲ"

သွားပြန်ပြီ။ ဒုတိယအချီမှာလည်း ထပ်ကာလှဲသိပ်ခံရပြန်၏။ သူများတွေကို ဆရာလုပ်ဖူးသလောက် အဖေထက်တော့ သားကတစ်လကြီးလို့မရဆိုသည့်စကားသည် တကယ်မှန်လေသည်။ အဖေကအဖေပေကိုး။ သူ့ကြောင့်ပဲ ငါက လူဖြစ်လာရတာဟူ၍ မဆီမဆိုင်စဉ်းစားရင်း ခေါင်းထဲ လက်ကနဲဖြစ်သွားသည်။ ဦးတင်ကိုသား မြတ်ကိုသည်း ဒီတစ်ခါတော့ အရင်မလိုတော့ပဲ အေးအေးဆေးဆေးဟန်နှင့်-

"ဟိုလေ ဖေဖေ ဟိုဟာ ဆော်တော့မလားဟင်၊ သား ဝက်အူချောင်းကို ကြက်ဥနဲ့ ကြော်လိုက်မယ်လေ၊ ဒီနေ့လည်း အေးတယ်ဆိုတော့ . . ."

"အေး . . . ကောင်းသားပဲကွ . . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့် ပထမတော့ ဦးတင်ကို ပြုံးစစ ဖြစ်သွားသေးသည်။ ပြီးမှ ဘာကိုစဉ်းစားမိသည်မသိ။ ပြုံးနေရာမှ မျက်မှောင်ကြုတ်လိုက်ပြီး နဖူးကြောကြီးတွေတင်းကာ သူ့သားကို အထူးအဆန်းသတ္တဝါတစ်ကောင်လိုကြည့်လျက် . . .

"ဟော့ကောင် နေစမ်းပါဦး၊ ဒီနေ့မှ မင်းက ဘာတွေဖြစ်နေတာလဲ၊ မင်းစိတ်တော့ ကောင်းပါသေးတယ်နော်၊ အဲဒါမှမဟုတ်ရင်တော့ မဟုတ်တာတစ်ခုခု လုပ်ထားလို့ပဲ ဖြစ်ရမယ်"

သူ့အပေါ် အထင်ကြီးမှုတွေက ဆက်တိုက်ထွက်ကျလာ၏။ မြတ်ကိုလည်း နံရံကိုပဲ ခေါင်းနှင့်ပြေးဆောင့်ချင်စိတ်ပေါက်သွားသည်။ ဒီအတိုင်းဆိုရင်တော့ ညှိလို့ရပါ့မလားဟူ၍လည်း မသက်မသာတွေးမိပြန်သည်။ ဒီအဖေနှင့်ဒီသား ဘီလူးဆိုင်းနဲ့ ကရတော့မှာပဲလို့စဉ်းစားရင်း သက်ပြင်းကိုအချ။ ဦးတင်ကိုက မြင်ဖြစ်အောင်မြင်ပြီး . . .

"ဘာသက်ပြင်းချရပြန်တာလဲကွ၊ ဟော့ကောင် . . . ဘာဖြစ်နေတာလဲ ပြောစမ်း၊ ညာဖို့ မစဉ်းစားနဲ့နော်"

သက်ပြင်းချတာကအစ အသေးစိတ်ကို ဖြစ်နေလေသည်။ သူလည်း ဘာမှမဟုတ်တာ မလုပ်ရသေး၍ ဒီအတိုင်းထိုင်နေရင်တော့ မပြောမဆို နရင်းထအုပ်ရင် အခက်ဆိုပြီး ဖြစ်စဉ်ကို ချစ်ခင်စွာ တင်ပြရတော့သည်။

"ဒီလိုပါ ဖေဖေ၊ သားကျောင်းတက်ဖို့ ကိစ္စပါ"

"ကျောင်းက မင်းသွားအပ်ပြီးပြီ မဟုတ်ဖူးလား၊ ဘာလဲ ငါလိုက်အပ်ပေးစရာလိုလို့လား၊ အဲဒါဆိုရင်တော့ မနက်ဖြန်လိုက်အပ်ပေးမယ်"

မဆိုးလှ။ ဖေဖေ သူ့အပေါ် ဒီလိုစိတ်လေးရှိသားပဲလို့တွေးပြီး အားတက်သွားပြန်သည်။ အမှန်တော့ တွေးစရာပင်မလိုပေ။ သားကို အဖေက ကျောင်းလိုက်အပ်ပေးတာ ဘာဆန်းသနည်း။ သူမှာသာ အဓိ





တစ်မျိုးတွေးမိနေခြင်းဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် လေသံပျော့လာသောကြောင့် မြတ်ကိုလည်း အားတက်လာပြီး . . .

"လိုက်အပ်ပေးစရာတော့ မလိုပါဘူး၊ ဟိုလေ . . . သားသူငယ်ချင်းတွေနဲ့ အဆောင်မှာ နေမလားလို့ပါ"

"ဘာကွ . . . "

"ဟို ဟို အဆောင်မှာနေရင်း ကျောင်းတက်ဖို့ပြောတာပါ"

မြတ်ကိုစကားကြောင့် ဦးတင်ကိုက တစ်ချက်မျက်မှောင်ထပ်ကြုတ်ပြီး မေးပြန်သည်။

"နေစမ်းပါအုံးကွ၊ မင်းကျောင်းနဲ့ အိမ်နဲ့ကရော ဘယ်လောက်များဝေးနေလို့လဲ"

သူလည်း မိုင်အတိအကျတော့ မသိပေ။ ဒါပေမယ့် ကျောင်းအပ်သောနေ့က ကားစီးရသည့်အချိန်ကို ခန့်မှန်းလိုက်ပြီး မဝံမရဲလေးကြည့်ကာ . . .

"ဘယ်နှစ်မိုင်ဝေးလဲတော့ သားလည်း အတိအကျ ဘယ်သိပါ့မလဲ၊ ဒါပေမယ့် အိမ်ကနေ ကားစီးရင်တော့ တစ်နာရီလောက်ကြာတယ်"

"ဟော့ကောင် မင်းဆီမှာ အကွာအဝေးတွေ အချိန်နာရီတွေ သိချင်တာ မဟုတ်ဖူး"

"ဗျာ . . . ဒါဆို ဖေဖေ မေးတာက"

"မေးတာမဟုတ်ဖူး၊ မင်းမှာ အိမ်ရှိတာပဲ၊ ဘယ်သူက နင်ချသို့ အဆောင်မှာ သွားနေမှာလဲကွ"

အခြေအနေကတော့ သိပ်မကောင်းတော့ချေ။ ဖေဖေ့လေသံနှင့် အမူအရာကတော့ လုံးဝသဘောတူဟန်မရှိ။ သူ့မှာ ပူရပြန်သည်။ ထိုကောင်တွေနဲ့က ပြောပြီးသား။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတောက်ရိုးလေးတစ်မျှင်တော့ ဆွဲကြည့်အုံးမှပဲဟု စဉ်းစားရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်းဗျာ၊ ဖေဖေလည်း ပုသိမ်ကောလိပ်တက်တုန်းက အဆောင်နေတာပဲလေ၊ သားကို ဖိုးဖိုးပြောဖူးတယ်"

"ငါတို့တုန်းက အိမ်နဲ့ဝေးတာကိုးကွ၊ ပြီးတော့ တစ်မြို့တစ်ရွာမှာ"

ခုထိမရသေး။ သူလည်း မလျှော့နိုင်၊ တောင့်ခံထား၏။

"အဲဒီတုန်းကလည်း ဖေဖေ့မှာ အိမ်ရှိတာပဲ၊ ဖိုးဖိုးလည်း ဖေဖေ့ကို နှင်မှမချတာ၊ ပြီးတော့ ဖေဖေတို့ ဦးမြင့်ဦးတို့သောက်ရင် ပြောတယ်လေ၊ ကျောင်းတုန်းက အဆောင်မှာ ဘယ်လိုကဲခဲ့တာ၊ ဘယ် 'မြာ' လေးက ဘယ်လိုဆိုပြီးတော့လေ၊ သားလည်း ရခဲ့လှတဲ့ ကျောင်းသားဘဝလေးမှာ အဆောင်မှာနေချင်တာပေါ့၊ အဲဒီ အတွေ့အကြုံက နောက်ထပ်ရှာလို့မှမရတာ ဖေဖေရာ၊ နော် . . . ဖေဖေ"

သူလည်း ဖေဖေတို့ သောက်ရင်းစားရင်း တစွန်းတစကြားမိတာတွေရော စိတ်ထဲပေါ်လာတာတွေနှင့် စကားတန်ဆာဆင်ကာ ဇွတ်နပစ်လိုက်သည်။ ဖေဖေ တစ်ချက်တော့တွေသွား၏။ ကျောင်းသားဘဝကို ပြန်သတိရသွားဟန်တူသည်။ နံရံမှာချိတ်ထားတဲ့ မေမေ့ဓါတ်ပုံကိုလှမ်းကြည့်ပြီး ဆုံးပါးသွားတဲ့ မေမေ့ကိုပါ သတိရသွားလားမသိ။ ဖေဖေ့မျက်နှာမှာ ဘာတင်းမာမှုမှ မရှိတော့ပဲ ဆွေးရိအုံ့မှိုင်းသည့် မျက်လုံးတွေက အတိတ်ဆီ ရီဝေဝေလွင့်နေသယောင် ဖေဖေနှင့် မေမေက ပုသိမ်ကောလိပ်မှာ ခြေရာတွေထပ်ပြီး ကြိုးတွေရစ်ပတ်ခဲ့တာပဲလေ။

တကယ်လည်း ဦးတင်ကို စိတ်က အတိတ်ဆီမှာ။ ကျောင်းသားဘဝ၏ ပျော်စရာတွေ၊ ပြီးတော့ သူ့တို သားနှင့်အတူထားခဲ့တဲ့ ချစ်ဇနီး၏အသံ၊ ဟန်ပန်နှင့် အပြုံးလေးတွေပါ မြင်ယောင်နေမိသည်။ အဆောင်ကျောင်းသားဘဝ၏ အတိမ်အနက်ကိုလည်း သူကိုယ်တိုင်ခံစားဖူးတာမို့ သားအလှည့်ကျမှ မကန့်ကွက်ချင်တော့၊ သန့်လျှင်ဆိုတာလည်း သိပ်မှမဝေးတာပဲလို့တွေးတာ သက်ပြင်းရှည်ကြီးတစ်ခုချ





လိုက်ရင်း . . .

"အေးလေ . . . မင်းသွားနေချင်လည်း နေပေါ့၊ ဒါပေမယ့် ဝိတ်ရက်တစ်ရက်တော့ အိမ်ပြန်လာနော်"

ဖေဖေ့အသံကို ဒီတစ်ခါအချိုဆုံးဟု ထင်မိ၏။ မြတ်ကိုလည်း ဇတ်ဆိုထခုန်မိမတတ် ဝမ်းသာသွားသည်။ နောက်ဆုံးကောက်ရိုးတစ်မျှင်နှင့် အပျော်တွေဆီ စီးမျောလို့ရလေပြီ။ ဟိုကောင်တွေကို သွားပြောမှပဲဆိုပြီး ထလိုက်သည်။ ဖေဖေက . . .

"ဒါက ဘယ်ကိုလဲကွ . . . ဟေ"

အသံက မဆိုစလောက်လေး ပြန်မာလာတာမို့ အလိမ္မာလေးနေမှလို့ တွေးမိပြီး . . .

"ဘယ်မှမသွားပါဘူး ဖေဖေ သား . . . စာဖတ်မလို့ပါ"

"ဘာကွ . . . ခုနကတော့ ဝက်အူချောင်းနဲ့ ကြက်ဥပဲ ပြေးကြော်ပေးမလို့ဆို၊ ခုသွားကြော် . . . ငါလည်း ဆော်တော့မယ်"

"ဟာ . . ဟုတ်ကဲ့ ဖေဖေ၊ သားမေ့သွားလို့ ခုသွားကြော်ပြီး ဝုလင်းပါ အဆင်သင့်ထုတ်ထားလိုက်မယ်"

တော်ကြာ . . . စိတ်ပြောင်းသွားရင် ဒုက္ခပဲလို့တွေးပြီး မီးဖိုခန်းကို အမြန်ပြေးဝင်လိုက်သည်။

မျက်မှောင်ကြုတ်ထားသော ဦးတင်ကိုလည်း သူ့သားအပြေးလေးထွက်သွားတော့မှ ကျောပြင်လေးကိုကြည့်ပြီး အားရပါးရ ပြုံးနေလေသည်။ သားစိတ်ချမ်းသာရင် အဖေလည်း ဝမ်းသာရသည်ပဲလေ။ ဒီနေ့တော့ ကြည်ကြည်နူးနူး လွမ်းလွမ်းဆွေးဆွေးလေးမို့ နည်းနည်းပိုဆော်လိုက်မယ်ဟု တွေးလိုက်သေး၏။

မြတ်ကိုမှာလည်း ရွှင်လန်းရပါ၏။ သီချင်းလေးတကျော်ကျော်လုပ်ကာ ကြက်ဥတွေကြော်ပြီး၊ အရီ(ရယ်)လေးတဝက်နှင့် အမြဲလေး အတည်တစ်ခွက် ခိုးဆော်မိလောက်အောင် တိုးပျော်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်သလား မဆိုင်လားတော့မသိ။ မင်္ဂလာဦးည၏ ပူပူနွေးနွေး သတို့သမီးတစ်ယောက်လို မြတ်ကို ရင်ခုန်နေမိသည်။ မနက်ဖြန်ဆိုလျှင် သူ့ဘဝပြောင်းပြီ။

တစ်မျိုးတော့ မထင်ကြပါနှင့်။ နှစ်မျိုးလည်း မထင်ကြပါနှင့်။ မြတ်ကို ယောကျ်ားယူလိုက်ခြင်း မဟုတ်ပါ။ မနက်ဖြန် ကျောင်းတက်ရတော့မည်။ ပေါးလားဝါးလား အချိန်တွေက ဒီနေ့နောက်ဆုံးလို ဖြစ်နေတာမို့ ရင်ခုန်နေခြင်းဖြစ်သည်။ မနက်ဖြန်ဆိုလျှင် သူ့ဝေယျာဝစ္စတွေက ရပ်ကွက်ထဲမှာတင်မကတော့ပဲ သမကော်လိပ်ထဲမှာပါ တာဝန်ယူရတော့မှာပဲလို့ မဖြစ်ညစ်ကျယ်တွေးမိသေးသည်။

မူလတန်းမှ အထက်တန်းအထိ တစ်နှစ်တစ်တန်းမှန်မှန်လေးအောင်လာသော်လည်း မြတ်ကို ကျောင်းစာဘက်မှာ သိပ်မထူးချွန်ပေ။ ကျောင်းစာဘက်မှာ သိပ်မထူးချွန်၍ တခြားသောအရာတွေမှာ ထူးချွန်သည်ဟု ယူဆနိုင်ပါသည်။ ဟုတ်လည်းဟုတ်နေသည်ကိုး။

တာတိုပေစတွေဖတ်ပြီး ဟိုစပ်စပ် ဒီစပ်စပ်တွေမှာ မြတ်ကို





အကုန်ပါသည်။ လမ်းဘေးဂစ်တာတီး၊ ကျားထိုး အစရှိသည်မှအစ ဘောလုံးပွဲဆိုလျှင်လည်း မရှောင်။ ခွေးနှစ်ကောင် ဖင်ပူးနေလျှင်တောင် အဆင်ထူးသည်ဟု နမိတ်ကောက်တတ်သေးသည်။ မျက်လှည့်၊ ဗေဒင်၊ ဆေးမီးတို(ဆေးနည်းတို)လေးတွေပါ ခပ်ပါးပါး လေ့လာထားသေးသည်။ တချိန်လိုအပ်လာလျှင် အသုံးချလို့ရမည် မဟုတ်ပါလား။

ဒါတောင် သူငယ်ချင်းတွေက ပြောသေးသည်။ တစ်ခြားဘာသာရပ်တစ်ခုခု လိုက်စားပါလားဟု ဆိုကြ၏။ ဒါပေမယ့်လည်း ကိုယ့်ဝေယျာဝစ္စတွေကများလွန်း၍ မလိုက်စားဖြစ်တော့။ တစ်ခါက လိုက်စားမိ၍ အလှူတစ်ခုမှာ ဆင်ခြောက်ကောင်ဖိနပ်အသစ်တစ်စုံ ပျောက်ဖူးသည်။ လိုက်စားခြင်းအမှုကိုလည်း ကြောက်သွား၏။ တစ်ခါ သေဖူး ဖျဉ်ဖိုးနားလည် ဆိုသလိုပေါ့။

ထို့မျှပင်မကပဲ သာရေး၊ နာရေးတွေမှာပါ မြတ်ကို့ကိုတွေ့နေရ၍ လောကီကိစ္စတွင်မက လောကုတ္တရာဘက်တွေမှာလည်း မြတ်ကိုတစ်ယောက် ဝင်ကျယ်ပြန့်နိုင်သည်ဟု ခေါ်နိုင်လေသည်။

“အင်း . . . ဘယ်ချိန်ကြည့်ကြည့် ဒီကောင်ကတော့ မနာလိုစရာကောင်းလောက်အောင် သန့်ခန့်နေတာပဲ”

ရှေ့ကမှန်ကိုကြည့်ပြီး မြတ်ကို တတွတ်တွတ် ပြောနေခြင်းပင်။ မျက်လုံးကို ပြူးကြည့်သည်။ မရ။ ကြည့်ကောင်းနေပြန်၏။ ပါးစပ်ကို ဖြဲကြည့်ပြန်သည်။ မရသေး။ နှာခေါင်းကို လက်ညှိုးနှင့်အပေါ်ကိုလှန်ကာ ထိုးကြည့်သည်။ တစ်မျိုးချစ်စရာလေး။ မျက်နှာကိုတင်းပြီး စူတည်တည်လုပ်ကြည့်ပြန်တော့လည်း ပိုပြီးတည်ငြိမ်ရင့်ကျက်နေသယောင်ယောင်။ လက်လျော့လိုက်တော့လေသည်။ ရှိစေတော့ ဒါ ဘုရားပေးတဲ့ရုပ်ပဲ။ ငါ့ထိုက်နဲ့ ငါ့ကံပေါ့ဆိုပြီး မှန်ရှေ့က အသာခွာရတော့သည်။

မှန်ထဲက အတွေးတွေဖျောက်ပြီး မြတ်ကို ခြံထဲမှာ ဆင်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ အတွေးတွေက ဟိုရောက်ဒီရောက် ဖြစ်နေပြန်၏။ ဆဒ္ဒမ်ဟူစိန်အဖမ်းခံရတာ လူယုံသတ်တာပဲ ဆိုတာတွေလည်းပါ၏။

ထားလိုက်ပါတော့။ တကယ်လည်း ထားလိုက်ရတော့သည်။ ခြံရှေ့က ခေါ်သံလေးတစ်ခုကြောင့် မြတ်ကို ပြန်တွေးမနေနိုင်တော့။ အမြန်ပြေးကာ တဖန်မေးရတော့သည်။

ကြည့်လိုက်တော့ သွက်လက်ဖျတ်လတ်သော ကောင်မလေးတစ်ယောက်။ တကယ့်ကို လှတပတလေး။ လက်ထဲမှာလည်း ခွေးစုတ်ဖွားလေးတစ်ကောင် ပိုက်ထွေးလျှက်။ ဘာကိစ္စလဲ မသိချေ။ ဒါကြောင့်မို့-

"ဘာကိစ္စလဲ . . . ခင်ဗျ"

"ဟိုလေ . . . ကိစ္စကတော့ ဒီက ပုတုလေးကိစ္စပါ"

"ဗျာ . . . ပုတုလေး ဟုတ်လား"

မြတ်ကိုက သံယောင်လိုက် ရေရွတ်လိုက်သည်။ ကောင်မလေးက အပြောခက်နေဟန်နှင့် လက်ထဲက ခွေးလေးကို မေးဆတ်ပြရင်း . . .

"အင်း . . ဒီလိုပါ။ ဘယ်လိုပြောရမလဲ၊ ဟိုလေ ပုတုလေးက အဲ . . . ယောက်ျားလိုချင်နေလို့လေ၊ အဲဒါနဲ့ ဒီကိုလာခဲ့တာ"

ပြောရင်းနှင့် မျက်နှာလေး ရဲသွားပြန်သည်။ တစ်ခုခုတော့ မှားနေလေပြီ။ ခွေးမလေး ယောက်ျားလိုချင်နေသည့်ကိစ္စတော့ သူလည်း မတတ်နိုင်ပေ။ မသကာ ဒီကောင်မလေး ယောက်ျားလိုချင်တာဆိုလျှင်တော့ ရှေ့မျက်နှာနောက်ထားပြီး အားမတန် မာန်လျှော့ပေးနိုင်သေးသည်။ ခုကိစ္စတော့ ပြဿနာ။ လူစင်စစ်ကတော့ အဟိတ်တိရစ္ဆာန်ဘဝအရောက်မခံနိုင်တာမို့ အားနာနာနှင့်ပြုံးပြီး . . .

"ကျွန်တော် ဒီခွေးကိစ္စတွေတော့ မလုပ်စားဖူးဗျ၊ အဲ . . . လူဆိုရင်တော့"

"ဘာရှင့် ရှင်ဘာတွေပြောနေတာလဲ၊ ကျွန်မပြောတာက ဒီက





ပုတုမကို မျိုးစပ်ပေးချင်လို့ ပြောနေတာ"

ခက်ချေပြီ။ ဒေါသသံတောင် အနည်းငယ်ပါလာသေးသည်။ မြတ်ကိုလည်း အလန့်တကြားဖြစ်သွားပြီး . . .

"ဟာ ဒုက္ခပါပဲဗျာ၊ ခင်ဗျား . . . ခွေးမလေးကို ကျွန်တော် ဘာမှလုပ်မပေးနိုင်ဘူးဗျ၊ ကျွန်တော်က လူဗျ . . . လူ . . ."

"လူမို့လို့ လူစကားပြောနေတာပေါ့၊ ကဲပါရှင်၊ ဈေးကိုင်မနေပါနဲ့၊ မျိုးစပ်တာ ဘယ်လောက်ပေးရမလဲ၊ ဒါမှမဟုတ် သားပေါက်ရင် ဘယ်နှစ်ကောင်ပေးရမှာလဲ၊ တစ်ခါထဲပြော . . ."

အကြောအချဉ်တွေပါတောင့်ပြီး မြတ်ကို ခါးပါဆန့်သွားမိသည်။ ပါးစပ်ကလည်း ဗလုံးဗထွေး ထွက်သွား၏။

"ပိုက်ဆံနဲ့လည်း မလုပ်ဖူး၊ အကောင်ပေါက်လဲ မယူဘူး၊ ဘာမှလည်း လုပ်မပေးနိုင်ဘူးဗျာ၊ ဒုက္ခပါပဲ . . ."

"ဒါဆိုလည်း ရှင်ဘာဖြစ်လို့ သတင်းစာမှာ ကြော်ငြာထားသေးလဲ၊ မျိုးကောင်းမျိုးသန့် ရနိုင်ပါသည်ဆိုပြီးတော့လေ၊ ဘာမှန်းကို မသိဘူး"

"ဟာဗျာ၊ ဘာတွေလဲ၊ ဘာမှလဲ မကြော်ငြာမိပါလား၊ ခင်ဗျား လိပ်စာမှားနေပြီနဲ့တူတယ်"

"မမှားပါဘူး၊ ခြံနံပါတ်က လေးဆယ့်သုံးပါ၊ ဒါနဲ့ ရှင်က သိန်းဝင်းဆိုတဲ့လူ မဟုတ်ဖူးလား"

ခုမှပဲ လိပ်ပတ်လည်တော့၏။ သိန်းဝင်း၏ ခွေးကြော်ငြာကသူ့ကို တိုင်ပတ်လာခြင်းဖြစ်သည်။ လက်မတင်လေး ဇာတ်ရည်လည်သွားသည်မို့ သက်ပြင်းလေးချနိုင်တော့သည်။

"ဟူး . . ထင်တော့ထင်သား၊ ခင်ဗျား ဖတ်တာမှားနေတာဗျ၊ အဲဒီသိန်းဝင်းအိမ်က နံပါတ်သုံးဆယ့်လေးပါ၊ ရှေ့နားမှာလေ၊ ဒီအိမ် မဟုတ်ဖူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆိုလည်း စောစောစီးစီးက ပြောပါလား၊ သိန်းဝင်းမဟုတ်ဖူးလို့၊ အချိန်ကုန်တယ် . . . သွားမယ်”

ပြောပုံက ကိုယ်ကပဲ တောင်းပန်ရတော့မလို။ မြတ်ကိုမှာ သစ်စိမ်းချိုးခံရသလိုဖြစ်ကာ စိတ်က မထိန်းနိုင်တော့။ အဆစ်ကလေးတော့ မိန့်လိုက်ချင်လှသည်။ ဒါကြောင့်မို့ လှည့်ထွက်သွားသည့် ကောင်မလေးကိုကြည့်ပြီး . . .

“ဟိတ် . . ဟိတ် . . ရွှတ် . . ရွှတ် . . ဟိတ် ဒီမှာ . . .”

“ဘာလဲ . . .”

“ခြော် . . . ပုတုလေးကတော့ အဆင်ပြေမှာပါ၊ ဟိုမှာတကယ့်ဖိုက်တာတွေ အများကြီးဗျ ဟဲ ဟဲ . . .”

မြတ်ကိုစကားကြောင့် ကောင်မလေးလည်း မျက်နှာလေးရဲကာ ဒေါ်ဖောင်းသွားဟန်နှင့် . . .

“အဲဒါ ဘာဖြစ်လဲ၊ ရှင့်အပူမပါ,ပါဘူး”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း မပူပါဘူး၊ ခင်ဗျားအတွက်ပါ၊ သတိတော့ထားနော် . . .”

“ဘာ . . ဘာပြောတယ် . . .”

“ခြော် . . အဲ့ဒီ ကိုသိန်းဝင်းကလည်း ဖိုက်တာကြီးလို့ . . .”

“ဘာရှင့်၊ ရှင်မမိုက်ရိုင်းနဲ့နော် . . .”

ကောင်မလေး ရှုးရှုးရှားရှား ဖြစ်သွား၏။ မြတ်ကိုလည်း နားလည်မှုတော့ လွဲပြန်ပြီလို့တွေးမိပြီး . . .

“ဒီလိုပါ၊ ကိုသိန်းဝင်းက လူပျိုကြီးဗျ၊ နည်းနည်းတော့ ကြောင်တတ်တယ်လို့ သတိပေးမလို့ပါ၊ ဟဲ ဟဲ . . .”

“ဒါဆိုလည်း မကြောင်နိုင်အောင် ရှင့်ညီမနဲ့ ပေးစားလိုက်ပေါ့၊ ရုပ်ကိုက အူကြောင်ကြောင်နဲ့ ဟွန်း . . .”

ဘုကြည့်ကြည့်ကာ ဘုပြော,ပြောရင်း ထွက်သွားတော့သည်။





ဘာတွေဆက်ဖြစ်လဲတော့ မြတ်ကိုလည်း မသိတော့ . . .။ ညနေ ကိုသိန်းဝင်းနှင့်တွေ့တော့ ဝမ်းသာအားရပြောတော့သည်။ မသိရင် သူကပဲ ကာယကံရှင်လိုလို။ ဒင်းက . . .။

“မြတ်ကိုရာ၊ ငါ့ကောင်တွေကတော့ ခွေးမလေးကိုတွေ့တာနဲ့ ရန်ကိုစောင်နေကြတော့တာပဲ၊ ငါ့ခွေးတွေကြည့်ပြီး ကောင်မလေးက ပြောသေးတယ်၊ ရှင်က ခွေးသူဌေးပဲတဲ့ကွာ၊ ဘယ်လိုကြီးလဲ မသိဘူး . . .”

“ဂုဏ်ယူလိုက်စမ်းပါဗျာ၊ ခွေးသူဌေးက ခွေးသူခိုးထက်စာရင် တော်ပါသေးတယ်ဗျာ”

“တော်ပါကွာ၊ မင်းပြောမှ ပိုဆိုးတယ်”

ကိုသိန်းဝင်း စိတ်ဆိုးပြန်သည်။ ဒါလေးပြောတာများ ပွဲပါတာမှတ်လို့ . . .။ ဟင်း . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

နောက်တော့လည်း ခွေးသူဌေးကြီး ကိုသိန်းဝင်းနှင့် မတွေ့နိုင်တော့။ ခွေးအကြောင်း၊ အချစ်အကြောင်းတွေ မခင်းကျင်းနိုင်တော့ဘဲ ခေါင်းလောင်းသံတညံညံနားထောင်ရန် သန်လျင်သို့ ချီတက်တော်မူရလေသည်။

ကျောင်းမသွားမီ တစ်ညကတော့ ကိုသိန်းဝင်းကြီးက မြတ်ကိုအိမ်သို့ အားရဝမ်းသာ အူယားဖားယား လာပြောသွားသေးသည်။ ဟိုခွေးမလေးတစ်ကောင်တော့ သူ့ခွေးပေါင်းများစွာအနက်မှ 'ဇင်ဘို' အမည်ရ တယ်ရီယာနှင့် ရှိုးစပ်ထားသော ခွေးမျိုးမစစ်ကောင်လေးနှင့် အဆင်ပြေ လက်ထပ်ထိမ်းမြားပေးလိုက်နိုင်ကြောင်း သတင်းကောင်းလာပါးခြင်း ဖြစ်သည်။ (ဒါတောင် ဟိုကောင်မလေးက သူ့ခွေးမလေးကို ခွေးဘီလူးနဲ့ စပ်ချင်သေးတယ်ဆိုပဲ။ သူ့ခွေးမလေး သေသွားနိုင်တယ်။ မသေရင်တောင် မွေးရခက်တာမို့ ခွဲမွေးရမယ်ဆိုတော့မှ လက်လျှော့သွားကြောင်း ထပ်မံကြားသိရသည်။) ညော် ဒီကောင်မလေးနှယ် မညှာမတာ၊ ယောကျ်ားယူရင်တော့ ဒါမျိုးကြီးယူချင်မှာ မဟုတ်ဖူး . . .။





ဤသို့ဤပုံနှင့် မြတ်ကိုလည်း သမကောလိပ်သို့ ရောက်လာခဲ့လေသည်။ ဤတွင် သမကောလိပ်အကြောင်း ရှင်းလင်းရန် အနည်းငယ်လိုပါသည်။ သမကောလိပ်သည် အခြား၊ အခြားသော တက္ကသိုလ်ကောလိပ်များနှင့်မတူပေ။ မတူ၍ ကွဲပါသည်။ ကွဲသည်မှာလည်း ခြားနားခြင်းကြောင့် ဖြစ်ပါသည်။

ဘယ်လိုခြားနားသနည်း။ အချုပ်ဆိုရသော် သန်လျင်ကျိုက်ခေါက်ဘုရားလမ်းမှ သမကောလိပ်မှတ်တိုင်တွင်ဆင်းပြီး သမကောလိပ်လမ်းအတိုင်း ဉာဏ်ရှိသလို လမ်းဆုံးအောင်ဆင်းပါလေ၊ ရောက်၏။ ဉာဏ်ရှိသလိုဟု ဆိုရသည်မှာ ရာသီဥတု အခြေအနေကိုသုံးသပ်၍ လမ်းလျှောက်ရန် သင့်မသင့်၊ ဆိုက်ကား ဒါမှမဟုတ် ဆိုင်ကယ်ကယ်ရီစီးရန် လိုမလိုဟု တွက်စေလိုခြင်း ဖြစ်ပါသည်။ နေသည် မနက်ခင်းတွင်လင်း၍ နေ့လည်ခင်းတွင် ပြင်းပါသည်။ ညနေစောင်းလျှင်တော့ ပျောင်းသွားနိုင်၏။ ထိုအတိုင်းပင် ဖြစ်ပါသည်။

သမကောလိပ်ပရိဝုဏ် (ပရဝဏ်) တွင် အခြားသော ကျောင်းများကဲ့သို့ ခရေပင်များ၊ ရေတမာ၊ စိန်ပန်းပင်များ ရှိနေလိမ့်မည်ဟု ယူဆစေလိုပါ။ ရှိရမည်ဟုလည်း မည်သူကမှ သတ်မှတ်မထား၍ ဖြစ်သည်။ ထိုအပင်များမရှိလည်း ကျောင်းဖြစ်နိုင်ပါသည်။ ကျောင်းဖြစ်၍ သစ်ပင်ပန်းမန်များ ရှိပါသည်။ သမကောလိပ်လမ်းတလျှောက်တွင် စီရီသွယ်တန်းနေသော မလေးရှားပိတောက်နှင့် ဇံဒါပင်များက စိမ်းစိုအုပ်မိုးကာ အေးချမ်းသည့် အရိပ်အာဝါသကို ဖြစ်စေသည်။ လမ်းမဘေးဝဲယာတလျှောက် မျှော်ငေးကြည့်လိုက်လျှင် ရွှေရောင်ရွှေအဆင်းဖြင့် ဝင်းမှည့်နေသော စပါးပင်များ၊ လေအတိမ်းမှာ ယိမ်းနွဲ့၍ လိုက်ပါလာသော တောပန်းရနံ့များ၊ သစ်ပင်များ၏ အရိပ်အပြောက်ကြားမှာ ယိုစိမ့်ကျနေသော ကတ္တရာလမ်းပေါ်က နေရောင်ခပ်ပါးပါးလေး၊ ထိုမှတစ်ဆင့် ဖုံနေသော မြေနီလမ်း၊ ထိုသို့ထိုပုံနှင့် သမကောလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီးသည် နုသစ်ပျိုမြစ်လျက် ရှိလှသည်။

သမကောလိပ်တွင် အခြားသော တက္ကသိုလ်များကဲ့သို့ မေဂျာကွဲများ မရှိပေ။ အားလုံးဘာသာရပ်တစ်ခုထဲကို စုပေါင်းသင်ယူရခြင်းဖြစ်သည်။ ပထမနှစ်မှ တတိယနှစ် (နောက်ဆုံးနှစ်) ထိ စုစည်းစွာသင်ယူသွားရုံသာ။ စာသင်နှစ် နှစ်နှစ်ပြီးတိုင်း မန္တလေး၊ စစ်ကိုင်းနှင့် ဖောင်ကြီးသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ နောက်ဆုံးနှစ်လာတက်ပြီး ဒီဂရီဘွဲ့ယူရန် ရောက်လာကြစမြဲ။ ထိုအခါ အသစ်အဆန်းတွေဖြစ်ပြီး ပျော်စရာတစ်မျိုးကောင်းလှသည်မှာ သမဝါယမဒီဂရီကောလိပ်ရဲ့ သဘာဝပဲဖြစ်သည်။

အခြား ထူးခြားတာတစ်ခုက သမဝါယမကောလိပ်သည် သမဝါယမဝန်ကြီးဌာန၏ လက်အောက်ခံကျောင်းတစ်ကျောင်း ဖြစ်သည်။ စည်းကမ်းကြီးသည်။ တစ်ပတ်လျှင်သုံးရက် ကျောင်းဝတ်စုံ (အဖြူနှင့်အပြာ) ဝတ်ဆင်ရသည်။ (ယခုအချိန်တွင်နေ့တိုင်း) ပိတ်ရက်တွင် တခြားကွန်ပျူတာသင်တန်းများရှိသည်။

မြတ်ကိုအဖေ ဦးတင်ကိုသည် သမဝါယမဌာနတစ်ခုမှ အရာရှိတစ်ဦးဖြစ်သည်။ ထို့ကြောင့် စည်းကမ်းကြီး၏။ စနစ်ကျ၏။ မြတ်ကို၏အဖိုးကလည်း သမဝါယမဝန်ထမ်းဟောင်းတစ်ဦး . . .။ မြတ်ကိုအဖေဘွဲ့ရတော့ သမဝါယမဝန်ထမ်းလုပ်စေသည်။ ယခုလည်း ဦးတင်ကိုတမြတ်ကိုအား သမကောလိပ်သို့ တက်စေပြန်၏။ သမဝါယမက မျိုးရိုးလိုက်လားသမိပေ။ နောက်ဆုံးတော့လည်း အမြင်ကျယ်ကျယ်၊ အဆင်သွယ်သွယ်နှင့် ရုပ်ရည်က သနားကမား မိတဆိုးမြတ်ကိုလေးဟာ သမကောလိပ်သို့ တခြားပရောဟိတ်တစ်ဦးဖြစ်ရန်အလို့ငှာ တက်ကြွစွာရောက်ရှိလာခဲ့တော့သည်။ (လှျာရှည်ပုံများနော်၊ မြတ်ကို သမကောလိပ်တက်သည်ဆို ပြီးရောဟာကို)

* * * *

ကျောင်းရောက်တာနှင့် ပြဿနာမဟုတ်သော ပြဿနာကတော့၏။ အဆောင်ပြဿနာ ဖြစ်သည်။ မိန်းကလေးအတက်များသော ကျောင်းဖြစ်၍ ယောကျ်ားလေးအဆောင်က နည်းပါးလှသည်။ တော့လည်း နှစ်ယောက်ခန်းတွေပဲရှိတာမို့ မြတ်ကိုတို့ သုံးယောက်မှာကျတော့သည်။ တစ်ခြားအဆောင်တွေမှာလည်း နေရာလွတ်က မ တော့ . . .။ မောကြီးပန်းကြီးနှင့် စိတ်အိုက်နေစဉ်မှာပဲ ကျော်စွာမိုး တစခန်းထပြန်သည်။

"ဟေ့ကောင် မြတ်ကို၊ ငါနဲ့ထွန်းနောင် တစ်ခန်းနေမှာနော်၊ င်းတစ်ယောက်ထဲ တစ်ခန်းနေ . . ."

"ဟုတ်တယ်ကွ၊ ငါလည်း တစ်ယောက်ထဲ မနေရဲဘူး၊ အဟီး"

အရေးထဲ အချစ်သည်းနေကြတာမို့ မြတ်ကိုစိတ်ပေါက်လာ . . .

"အေးလေ နေပေါ့၊ မင်းတို့နှစ်ယောက် ရှိုးသားရင်ပြီးတာပဲ၊ တစ်ယောက်ထဲလည်း ဖြစ်တယ် . . ."

"အေးပေး . . . စလာပြီ"





www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တစ်ယောက်တည်းတစ်ခန်းနေဖို့က မရပြန်။ အခြေအနေ နေရာကျပ်နေသည်။

"ဒီလိုသားရဲ့ နေရာတစ်ယောက်စာပဲ ကျန်တော့တာ၊ အဲဒါ တောင် သုံးတန်းကို ခြောက်နှစ်တက်သွားတဲ့ ပုဂံကြီးဆိုတဲ့ကောင် ကျောင်းပြီးသွားလို့လေ၊ သူ့နေရာပဲ လွတ်တော့တာ"

"ဒါဆို နောက်တစ်ယောက်ကရော အဘ"

အဆောင်မှူးအဖိုးကြီးက တစ်ချက်စဉ်းစားလိုက်ဟန်နှင့် . .

"နောက်တစ်ယောက်က အောင်အေးသန်းလေ၊ ဒီကောင် ဘယ်နေ့လာမလဲတော့ မသိဘူး၊ အောင်အေးက ပျော်တတ်ပါတယ်ကွ၊ ဒီကောင်လည်း တစ်တန်းကို နှစ်နှစ်နှုန်းနဲ့တက်နေတာ၊ ခုမှ ဒုတိယ နှစ်ရှိသေးတယ်၊ အဲဒီအခန်းမှာပဲနေပေါ့ကွာ . . . ဟုတ်လား"

အဖိုးကြီးက ပြောရင်းနှင့် လှည့်ထွက်သွားလေသည်။ မြတ်ကို မှာသာ ရင်မောပြီး ကျန်ရစ်ခဲ့သည်။ ပြောပုံအရဆိုရင်တော့ ဒီအခန်း က အငွေ့အသက်မကောင်းလှ။ ကိုယ်ကလည်း စာတော်သည့်ကောင်ဆို တော့ ပညတ်သွားရာ ဓါတ်သက်ပါဆိုသလို ခက်ချေပြီ။

မြတ်ကိုအတွေးကို ဟိုနှစ်ကောင်က သိသလိုနှင့် ပြုံးစိစိ လုပ်နေကြသည်။ မြတ်ကိုက ခပ်တည်တည်နှင့် ဆရာကြီးစတိုင်(လ်) ပြန်ဖမ်းပြီး . . .

"မင်းတို့ပစ္စည်းတွေ နေရာချလေကွာ၊ ဘာလဲ . . . သွားခါနီး အဖေကို ကန်တော့ချင်သေးလို့လား"

". . . . . ပဲ . . . ."

"မင်းပဲ နောက်လာမယ့် မင်းအဖေကိုကန်တော့ . . . တော့"

ကျော်စွာမိုးနှင့် ထွန်းနောင်ဝင်းလည်း မကျေမချမ်း ရေရွတ် ဆူပွက်ရင်း အခန်းထဲဝင်သွားတော့၏။ မြတ်ကိုလည်း ဟင်းချပြီး အဆင်းလှသည့် အခန်းဆီသို့ ရင်တမမနှင့် ဝင်ခဲ့တော့သည်။



မြတ်စွာဘုရားသည် ခရစ်တော်မပေါ်မီ (၅၄၃) ခုနှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

ဗုဒ္ဓေါ . . .။ အခန်းထဲဝင်လိုက်တာနှင့် ဘုရားစင်အောက်က စာတန်းကြီး . . .။ မြတ်ကိုတစ်ယောက် ကြက်သီးမွေးညင်းပင် ထသွား ၏။ ဗုဒ္ဓဘာသာတစ်ဦးဖြစ်သော်လည်း ဒီကိစ္စ သူပင်မသိမိ။ အခန်း ပိုင်ရှင် အောင်အေးသန်းဆိုသည့်လူကိုလည်း အနည်းငယ် အထင်ကြီး မိသွားသည်။

နောက် အခြားသော စာတန်းများကလည်း အခန်းနံရံများ တွင် တပုံတပင်။ လိုက်ဖတ်ရင်းနှင့်မှ ဒီလူ ပိဋကတ်အိုးကွဲလား မသိ ပါဘူးဆိုပြီး ပြုံးမိပြန်သည်။ မသိလျှင် စာစောင်များ ခင်းကျင်းပြသ ထားသည့်အလား။ စုံလှသည်။ ကြည့်လိုက်တော့ . . .။

ငါသည် ငါဖြစ်သည်။

ငါသည် ငါမဟုတ်။

ငါသည် တောလိပ်သန်း ဖြစ်တော့သတိုး . . .။

www.burmeseclassic.com



တရားသဘောလိုလိုနှင့် ဘာမှန်းကိုမသိတော့ . . .။ နောက်တစ်ခု . . .

ငါတို့အရွယ်သည် ကောက်ရိတ်ချိန်မဟုတ်၊ ကောက်စိုက်ချိန်သာဖြစ်သည်။

ဒါကတော့ ပညာရှာနေတာကို ဆိုလိုတာလား၊ ဒါမှမဟုတ် ဒီလူတစ်တန်းနှစ်နှစ်ကျဆိုရင်တော့ သီးထပ်စိုက်နေလို့ပဲ ဖြစ်ရမယ်ဟု တွေးမိပြန်သည်။

အိုအချင်းတို့
မရောင့်ရဲကြနှင့်
ကြီးကြီးကြံမှ ကြီးကြီးဖြစ်မည်။
ငယ်ငယ်ကြံလျှင် ငယ်ငယ်သာ ဖြစ်လိမ့်မည်။

ဘာကြီးမှန်းလည်း မသိတော့။ တကယ့်ကို တစ်မျိုးကြီး။ စိတ်က ရှုပ်လာပြီ။ ဒါပေမယ့်လည်း မနေနိုင်။

ငါမည်းနေတုန်း ငါ့ကိုချစ်ပါ။
ငါဖြူနေရင် လူတိုင်းငါ့ကိုကြိုက်ကြလိမ့်မယ် . . .။

ဘာလိုင်းကြီးပါလား။ ဒီလူက အသားမဲမဲနှင့် မယားတရှာလား မသိပေ။ အချစ်အကြောင်းတွေက ရှိသေး၏။

အချစ်စစ်ရဲ့ သင်္ကေတတွေဟာ
ပိန်တာရယ်
မနာလိုတာရယ်
ဖင့်လေးတဲ့ အာရုဏ်ရယ် . . .။

ဘယ်လိုအဆိုအမိန့်မှန်းမသိ။ ဒီအတိုင်းဆိုရင်တော့ တက်သစ်စ မော်ဒယ်လေးတွေမှာပဲ အချစ်စစ်ရှိတော့မလို ဖြစ်နေသည်။ ဒါဆို မနက်အစောကြီးထပြီး၊ ခပ်ဝဝ သဘောကောင်းတဲ့လူတွေမှာ အချစ်စစ် မရှိကြတော့ဘူးလား။ မဖြစ်နိုင်။ မြတ်ကိုတစ်ယောက်ထဲ ငြိုးနှောတ်စား





နေမိသည်။

အရက်သောက်တတ်လျှင် သောက်ပါ။
မူးလျှင် မရစ်ပါနှင့်၊
ရစ်ချင်လျှင် စွန့်လွှတ်ပါ . . .။

ဒါလေးတော့ မြတ်ကို နည်းနည်းသဘောတွေ့သွားသည်။ ဘောလိပ်အန်းကလည်း ခေသူတော့မဟုတ်နိုင် . . .။

ဝါးတိုဖျက်တာ ဝါးမြစ်
လူကိုဖျက်တာ အရက်
အရက်ဖျက်တာ ရေ
ထို့ကြောင့်
ရေရောသည့်အရက် ငါမသောက်လို . . .။

ဒီတစ်ခုတော့ ပုဂ္ဂလိကခံစားချက် ဖြစ်နိုင်သည်။ စာတန်းတွေ ဖတ်တာ မစုံသေး။ ဖတ်ရင်းနှင့် အောင်အေးသန်းဆိုသည့်လူကို ဘယ်လိုအမျိုးအစားမှန်း မသိတော့ . . .။

တစ်ခုတော့ ရှိသည်။ ပုခုံးနှစ်ဖက်ကြား ခေါင်းပေါက်နေမှာတော့ သေချာ၏။ လူကိုး . . .။ လူကိုး . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၅)

ကျောင်းစတက်သည့် သုံးရက်လောက်အတွင်းဝယ် မြတ်ကိုတို့သုံးယောက်လည်း ချာချာလည်နေကြသည်။ ကျောင်းအပ်၊ စာအုပ်ထုတ်၊ ယူနီဖောင်းထုတ်၊ ထမင်းလခပေးစားမည့် ဆိုင်ပါရှာနေရ၍ ကောင်မလေးတွေကိုပင် မငမ်းအား။ အားလျှင်တော့ ငမ်းကြမည်ဟု အသံတိတ်သံမိဋ္ဌာန်ကိုယ်စီ ချထားကြသည်။ စိတ်မဝင်စား၍ လုံးဝမဟုတ်ပါ။

တစ်ညနေ အေးအေးလူလူ ထမင်းစားရင်း ထွန်းနောင်ဝင်းက စလာ၏။

"ဟေ့ကောင်တွေ မင်းတို့ ဒီကျောင်းနဲ့ပတ်သက်ပြီး၊ ဘာတွေသိထားပြီလဲ"

"ဘာသိရမှာလဲကွာ၊ ကျောင်းက အဆောင်ကြီးနှစ်ဆောင်ရှိတယ်၊ ညာဘက်က ဥတ္တရဆောင်၊ ဘယ်ဖက်က ဒက္ခိဏဆောင်၊ ကျောင်းမှာ ရှစ်ဘာသာသင်ရတယ်ကွာ၊ ပေါင်းကူးက ကျောင်းသား၊ ကျောင်းသူတွေပါဆိုရင် ကျောင်းသားပေါင်း တစ်ထောင်နီးပါးရှိတယ်၊ အများစု





တ မိန်းကလေးတွေပဲ . . ."

ကျော်စွာမိုးက ဘာလိုသေးလဲဆိုသော အကြည့်နှင့်ကြည့်ရင်းပြောသည်။ ထွန်းနောင်ဝင်းက ခေါင်းလေးခါပြီး ဆရာကြီးစတိုင်(လ်)ဖမ်းတာ . . .

"လိုသေးတယ်ကွ၊ မင်းတို့ကို ငါပြောပြမယ် . . နားထောင်"

နားထောင်ဆိုတော့လည်း နားထောင်လိုက်သည်။ ပိုက်ဆံမှပေးရသည်ကိုး။ ထွန်းနောင်ဝင်းက ပြောရင်း နင်မှာစိုး၍လားမသိ။ ရေတစ်ငုံသောက်လိုက်ပြီးမှ မျက်ခုံးလေးပင့်ကာပင့်ကာနှင့် . . .

"ငါပြောပြမယ်၊ ဒီသံလမ်းအတိုင်း စရေကြည့်ရင် ဒေါ်အမာဆောင်ကွာ၊ ပြီး . . ပတ္တမြား၊ ယုဇန၊ စံရိပ်ငြိမ်၊ ရွှေစံပယ်၊ သောက်တော်မ်း၊ ရတနာမိုး၊ နှင်းသီရိ လမ်းကြားလေးက အပေါ်ကိုတက်ရင် ခရေနိုင်၊ မြတ်သစ္စာ၊ အဲ . . . ခုငါတို့ထမင်းစားတဲ့ ဆိုင်ဘက်မှာဆိုရင် အလိမ္မာနဲ့ ဧသထာအဆောင်ကွာ၊ အဲဒါတွေရော သိပြီလား . . ."

ပြောရင်း ထွန်းနောင်ဝင်း အတော်မောသွားဟန်တူ၏။ ရေတစ်ခွက်ပင် ထပ်သောက်လိုက်ရသည်။ အချိန်တိုလေးမှာ ဘယ်လိုဆောင်းမှတ်သားလိုက်သည်မသိ။ ကျော်စွာမိုးက တအံ့တဩဟန်နှင့်ချက်မှောင်ကြုတ်ပြီး . . .

"ဟုတ်ပါ့မလားကွာ၊ ကျောင်းသူအဆောင်တွေ ဒီလောက်များပါ့မလား၊ မင်းကလည်း . . ."

"မင်းကိုက ငူပါကွာ၊ ငါနဲ့အတူနေပြီး ဒါလေးတောင်မသိဘူး"

ဟုတ်နေ၍ ကျော်စွာမိုးလည်း မပြောသာပေ။ ကျိန်ဆဲရင်းခေါင်းငုံ့နေရသည်။ မြတ်ကိုကတော့ သိပ်ထူးခြားအံ့ဩဟန်မပြ။ သူ့သဘောအတိုင်း အေးအေးလူလူပင် ဖြစ်သည်။ အဲဒါကို သွားပြီးစောက်ကာ ဆရာကြီးသွားလုပ်ရင်လည်း ခံရမှာမို့ သူတို့နှစ်ယောက်လုံး ငြိမ်နေလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မြတ်ကို စဉ်းစားနေတာက တစ်ခြား၊ ခုနက ကိစ္စတွေကို သိသလိုလိုနှင့် ပြောတော့သည်။

"မဆိုးပါဘူးကွာ၊ မင်းတို့နှစ်ယောက်စလုံး ဒီအချိန်လေးမှာ ဒီလောက်သိကြတာ၊ ဒါပေမယ့် မင်းတို့မသိတာရှိသေးတယ်ကွ"

နှစ်ယောက်စလုံး အောင့်သက်သက် ဖြစ်သွားကြ၏။ ထွန်းနောင်ဝင်းက မခံချင်စိတ်နှင့် ပြန်မေး၏။

"လုပ်စမ်းပါအုံး၊ မင်းက ဘာများသိထားလို့လဲ"

"သမကောလိပ် . . အဲ ငါတို့ကျောင်းကို တစ်ခြားကျောင်းတွေကခေါ်တဲ့ နာမည်ရှိသေးတယ်ကွ"

"ဟေ . . ."

"ဟုတ်လား . . . ဘာတဲ့လဲ . . ."

ဒါမျိုးကျတော့လည်း ဒီကောင်တွေက သိချင်ပြန်သည်။ ကိုယ်တက်နေသည့်ကျောင်းပေကိုး။ မြတ်ကိုတ တွေးတွေးဆဆဟန်လေးနှင့်-

"စီးပွားရေးတက္ကသိုလ်လည်း မိန်းကလေးတွေ များတာပဲကွာ၊ အဲဒါကျတော့ မိန်းမလှကျွန်းတဲ့၊ ငါတို့ကျောင်းကို ခေါ်တာလဲကြည့်ဦး၊ ပဲကောလိပ်တဲ့၊ ကဗျာမဆန်လိုက်တာ"

"ပဲကောလိပ် ဟုတ်လား၊ အဟီး ငါတို့ကျောင်းက ကျောင်းသူတွေ ပဲအရမ်းများလို့လား၊ ဒါမှမဟုတ်ပဲ အရမ်းစားလို့လားမှမသိတာ"

"မိန်းကလေးပဲကွာ၊ ပဲများများ ပဲစားစားပေါ့၊ ဘာဖြစ်လဲ"

"ဖြစ်တာပေါ့၊ ပဲစားတော့ လေလည်မှာပေါ့ . ."

"မင်းကလည်း တစ်မျိုး၊ မင်းပဲ အဲဒီလေလည်တာတွေ စာရင်းပြုစုလာပြီးတော့ မင်းဟာမင်း သွားအနံ့ခံ . . ."

ပဲအကြောင်းပြောရင်းက တိုက်ပွဲစလာပြန်သည်။ မြတ်ကိုလည်း ကုလားပဲဟင်းတစ်ဇွန်းခပ်သောက်ပြီး တိုက်ပွဲကို ရပ်ရတော့သည်။ ကိုယ်က စမိပြီကိုး။





"ကဲ . . ကဲ . . တော်တော့ကွာ၊ မင်းတို့ကလည်း ကောင်မလေးတွေ ပဲ့ပဲများများ၊ ပဲ့ပဲစားစား၊ လေပဲလည်လည်၊ အကြောင်းမဟုတ်ဖူး၊ ငါဆိုလိုချင်တာက အဲဒီနာမည်ကြီးဖြစ်နိုင်ရင် ပြောင်းပစ်လိုက်ချင်တယ်ကွာ၊ ဒါပဲ . . ."

"မလွယ်ဘူးနော် မြတ်ကို၊ ဗူးတစ်ရာပဲ ဆို့လို့ရမယ်၊ ပါးစပ်တစ်ပေါက်ကို ပိတ်လို့ရမှာ မဟုတ်ဖူး"

ခေါင်းကို တဗျင်းဗျင်းကုတ်ကာ ကျော်စွာမိုးကပြော၏။ ခေါင်းမှ ဗောက်ဖတ်တစ်ဖတ်က ရှေ့က ထမင်းပန်းကန်ထဲ ကျလေသည်။ အဲဒါကိုမြင်လိုက်တဲ့ မြတ်ကိုက . . .

"ညစ်ပတ်လိုက်တာကွာ . . ."

"ဟုတ်ပါ့ကွာ၊ ဘယ်သကောင့်သား ပါးစပ်ဆော့သွားလဲ မသိဝါဘူး"

ဘာမှန်းမသိပဲ ကျော်စွာမိုးက ရောယောင်ထောက်ခံသည်။ မြတ်ကိုလည်း ရယ်ချင်ပက်ကျိဖြစ်သွားပြီး . . .

"ကျော်စွာမိုး . . ."

"ဟော . . . ဘာလဲ . . ."

"ပြန်ရောက်ရင် ခေါင်းလျှော်ဦးကွ . . ."

"ဟင် . . . ဘာဖြစ်လို့လဲ . . ."

"ဘာဖြစ်ရမှာလဲ၊ ခေါင်းမလျှော်ချင်ရင် ခေါင်းမကုတ်နဲ့၊ ခေါင်းကုတ်ချင်ရင် ထမင်းမစားနဲ့၊ ထမင်းစားချင်ရင် မင်းဟာမင်းစား၊ မင်းဟာမင်းမစားချင်ရင် ခေါင်းလျှော် . . ."

ကြောင်တက်တက်နှင့် ကျော်စွာမိုးကြည့်နေတုန်း မြတ်ကိုကပန်းကန်ထဲမှ ဗောက်ဖတ်ကြီးကို ဇွန်းနှင့် အသာခပ်ပြလိုက်သည်။ ထွန်းနောင်စိုးက တခွီးခွီးရယ်ပြီး ကျော်စွာမိုးကိုကြည့်ကာ . . .

"ကောလိပ်ကျောင်းသားတဲ့ကွာ၊ ဟား . . ဟား . . . ခေါင်း



www.burmeseclassic.com

မှာလည်း ဖောက်တွေနဲ့၊ ဟား . . ဟား . . . ရွှံ့လိုက်တာကွာ”

“မင်းရော ဘာထူးလဲ၊ ညဆို ပွေးတွေ တဗျင်းဗျင်းကုတ်နေတာ ငါမသိဘူးများမှတ်နေလား”

“ဟော့ကောင် ရန်မစနဲ့နော် . . .”

“မင်းလည်း မပြောနဲ့ . . .”

ပဲရန်ပွဲက ဖောက်နှင့်ပွေးရန်ပွဲသို့ ပြောင်းသွားလေ၏။ လှစ်လျူရှုပြီး မြတ်ကိုလည်း ထွက်လာခဲ့သည်။ ခုမှပဲ ဒီနှစ်ကောင်ထဲက တစ်ကောင်ကောင်နှင့် တစ်ခန်းထဲအတူမနေမိတာ ကျေနပ်မိသလိုလို။ ဒါပေမယ့် ဟိုမလာသေးတဲ့ အောင်အေးသန်းဆိုတာ တစ်ကိုယ်ရည်သန့်ရှင်းရေးမှကောင်းရဲ့လား . . .။ သူမတွေးဝံ့ပါ။

* * * *

တစ်လလောက်ကြာသည်အထိ အောင်အေးသန်းဆိုတဲ့ ငနဲသား ရောက်မလာသေး။ ကောင်းလှသည်။ တစ်ကိုယ်တော်စံမြန်းရသည်မှာ အရသာ။

အဆောင်မှာက လူနှစ်ဆယ်လောက်ရှိသည်မို့ မြတ်ကိုတို့မှာလည်း အပေါင်းအသင်းအသစ်တွေရလာ၏။ ကျောင်းသားတွေအချင်းချင်းဆိုတော့လည်း အထူးမိတ်ဖွဲ့နေစရာမလိုပေ။ မိန်းကလေးတွေဆိုလျှင်တော့ အထူးပေါ့။ လာမိတ်ဖွဲ့လျှင်တော့ ပြန်လည်ပေါင်းသင်းဆက်ဆံလိုက်မည်ဟု တွေးထားလိုက်သည်။ ခုထိတော့ မလာသေး။ ဒီနေ့တော့။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ခံလေ . . .။

ဒီနေ့လည်း ကျောင်းထဲမဝင်သေးပဲ အပြင်က ကိုကျော်ဌေးကန်တင်းမှာထိုင်ကာ စိုးမြင့်ကြော်မရတာနှင့် ကျော်ဌေးဖျော်လက်ဖက်ရည်မှာပြီး မြတ်ကိုတို့သုံးယောက် လေ့လာမှတ်သားနေကြ၏။ ကျောင်းသားတော့ မဟုတ်ပါ။ အပြင်မှာဖြစ်၍ အပြင် ‘မြာ’ များကို လေ့လာနေကြခြင်းဖြစ်သည်။

www.burmeseclassic.com



"ဟာ . . . မြတ်ကို၊ ဟိုက ကျောင်းသူတွေနဲ့ အတူလျှောက်လာတဲ့ကောင်တွေက ငါတို့အဆောင်က မဟုတ်လား"

"အေး . . ဟုတ်တယ်၊ အဲဒါလေ အောက်ထပ်က ယင်ကောင်တို့အဖွဲ့ပေါ့"

"ယင်ကောင် ဟုတ်လား . . ."

ထွန်းနောင်စိုးက တအံ့တသြ ရေရွတ်၏။

"မင်းကြည့်ပါလား၊ ကောင်မလေးတွေအနားမှာပဲလေ၊ တဝုန်းဝုန်းနဲ့ ယင်ကောင်တွေလို အုံနေတာ . . ."

ခေါင်းကုတ်ကာ ကျော်စွာမိုးက ပြောပြန်သည်။ အားမလိုအားမရကုတ်ခြင်းမို့ မြတ်ကိုမှာ ဗောက်ဖတ်ကို ကြည့်ရသေးသည်။ မကျလာတာ သေချာတော့မှ သက်ပြင်းချလိုက်ပြီး . . .

"မင်းအုံချင်ရင်လည်း အိမ်သာထက်ပြီး မဆေးလာနဲ့ပေါ့ကွာ"

"ဟာကွာ၊ မင်းဥဝမာကြီးကလည်း တော်ပြီကွာ . . မပြောနဲ့"

မပြောနဲ့ဆိုတော့ မြတ်ကိုလည်း ပြောမနေတော့။ ထွန်းနောင်စိုးကတော့ ဘယ်လိုလိုက်အုံရမလဲဆိုပြီး မျက်မှောင်ကြုတ်ကာ အသဲအသန် စဉ်းစားနေဟန်တူ၏။ ခဏနေတော့မှ မျက်နှာလက်ကနဲတစ်ချက်ဖြစ်သွားပြီး စားပွဲကို ဖြန်းကနဲ ပုတ်လိုက်တော့ . . .

"ဘာလဲကွာ အလန့်တကြား . . ."

"ဒီလိုကွာ အကြံရပြီကွ . . ."

"ဘာအကြံလဲ . . ."

ဘာအကြံလဲတော့မသိ။ ဆင်ကြံ၊ မြင်းကြံ၊ ခွေးကျင့်ခွေးကြံ အားလုံးဖြစ်နိုင်သည်။ ထွန်းနောင်စိုးကတော့ တက်တက်ကြွကြွပဲ တင်ပြတော့သည်။

"ငါတို့လည်းကွာ၊ ကျောင်းသူတွေနဲ့ မရင်းနှီးသေးပေမယ့် အဆောင်ကကောင်တွေနဲ့တော့ သိနေကြပြီလေ . . ."





"ဘာလဲ . . . ယင်ကောင်တို့အဖွဲ့ကို မိတ်ဆက်ခိုင်းမလို့လား၊ အောက်ပါတယ် ထွန်းနောင်စိုးရာ"

ခေါင်းတယမ်းယမ်းနှင့် ကျော်စွာမိုး စိတ်ညစ်ဟန်ပြုသည်။ ထွန်းနောင်စိုးလည်း ခေါင်းငုံ့မခံတော့ပဲ ရင်ကော့ပြီး ဟန်ပန်လုပ်ကာ-

"မင်းကတော့ ငအူစကွဲယားပဲ ကျော်စွာမိုး၊ ကျောင်းသူတွေနဲ့ တိုက်ရိုက်ထိတွေ့နိုင်ခြင်းဟာ ဘာလဲမင်းသိလား"

"ပြောရင်လည်း ပြောကွာ၊ လုပ်မနေနဲ့ . . ."

"ကဗျာစာအုပ်ပေါ့ကွာ၊ ကဗျာစာအုပ်ထုတ်ပြီး ရောင်းမယ်လေ၊ အဆင်ပြေလို့ကတော့ ချစ်သူလည်းရ ဝမ်းလည်းဝ၊ မကောင်းဘူးလား . . ."

"မကောင်းဘူး . . ."

"ဟင် . . ."

မြတ်ကိုစကားကြောင့် ထောက်ခံမည့်ကျော်စွာမိုးပင် အင်တင်တင် ဖြစ်သွားရသည်။ မြတ်ကိုမထောက်ခံလျှင် သူလည်းအတည်မပြုနိုင်ပေ။ မြတ်ကိုမှာ ဒီထက်ကောင်းသည့်အကြံ ရှိနိုင်သည်ဟု တစ်ခါထဲ တွက်ဆလိုက်သည်။ မြတ်ကိုကတော့ မတွက်ဆပဲ အချက်ကျကျနှင့် ပြောတော့သည်။

"မကောင်းဘူးဆိုတာ စောစောမပြောလို့ကွ . . ."

"ခွေးကောင် . . ."

"လဒ မြတ်ကို . . ."

ထိုသို့ဖြင့် ဘာညာသရကာ အီစီကလီတွေ တိုင်ပင်လိုက်ကြသည်။ ကျော်စွာမိုးက ကျော်ငွေဖျော်ကို နောက်ဆုံးမော့ကာ လက်ဖြင့်သတ်လိုက်ပြီး ကျေနပ်သွားဟန်နှင့် . . .

"အရိုးဆုံးအကြံဟာ ချစ်စရာအကောင်းဆုံးနဲ့ အထိရောက်ဆုံး လက်နက်ပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ရှစ်တန်းတုန်းက ဆရာမပြောတာ ခုထိနားထဲကြား ယောင်နေတယ်ကွာ . . ."

တွေးတွေးဆဆနှင့် ထွန်းနောင်စိုးပြောတော့ မြတ်ကိုတ သိချင်သွားတာမို့ . . .

"ဘာလဲ မင်းဘွဲ့မရပဲ ကဗျာဆရာဖြစ်လိမ့်မယ်လို့ ပြောဖူးလို့ လား . . ."

"ထပ်တနိုး . . . ဘယ်ကလာ၊ ငါအဲဒီတုန်းက မေလေးကို စာပေးတော့လေ ဆရာမက အဲဒီကိစ္စတွေကို တက္ကသိုလ်ရောက်မှ စဉ်းစားလို့ ဆုံးမဖူးတာ၊ ဩော် . . . ဆရာမ ဆရာမ အမျှော်အမြင်ကြီး လိုက်တာ၊ ကျွန်တော်နားလည်ခဲ့ရပါပြီ ဆရာမရယ် . . ."

ဒီတပည့်မျိုးကတော့ ဆရာမပင် ရင်တမျှီးစရာ။ ဒီခေတ်မှာ လည်း ငယ်ငယ်က ဆရာမ၏စကားကို နားထောင်မည့်တပည့်ကောင်း တွေရှိနေတာ ဝမ်းသာစရာပင်။ မြတ်ကိုလည်း နားထောင်ချင်ပါသည်။ ကျော်စွာမိုးက အသံလေးလေးလုပ်ကာ . . .

"ဆရာမဒေါ်ခင်ထွေးမြင့်တို့ ပြောတာမဟုတ်လား၊ ငါလည်း အဲဒီဆရာမစကားဆို မလွန်ဆန်ရဲဘူးကွာ၊ ခုထိ ကြောက်နေတုန်းပဲ"

အားလုံးမှင်သေသေလုပ်နေရာမှ ထွန်းနောင်စိုးဆီက ခွီးကနဲ တစ်ချက်ကြားရ၍ အားလုံးတသောသောရယ်ကြတော့သည်။

"ဘာတွေများ ဒီလောက်တောင် သဘောကျနေကြတာလဲ"

အသံကြား၍ကြည့်လိုက်တော့ ကြည်မင်းလတ်နှင့် အောင်ကိုမျိုး။ ဒီနှစ်ယောက်ကတော့ ညညဂစ်တာပတ်တီးနေကြသည့် အဆောင်က ချစ်စမ်းမောင်တွေ။ အောင်အေးသန်း၏ ဘော်ဒါတွေဟုလည်း သိထား သေးသည်။ ခုလောလောဆယ်တော့ ပစ်မှတ်ထဲ ထည့်ထားရမယ်လို့ တွေးမိတာမို့ မြတ်ကိုက ပြုံးပြုံးရင်း . . .

"ထိုင်ဗျာ ကိုကြည်၊ ကျွန်တော်တို့က ကဗျာစာအုပ်ထုတ်မလို့





တိုင်ပင်နေကြတာပါ၊ ကူညီပါဦးဗျာ . . ."

"ဘာလဲ ဟာသကဗျာတွေလား . . . အဟဲ . . ."

ခုနကရယ်သံတွေကြောင့် အောင်ကိုမျိုးက ပြုံးစစမေးသည်။

"မဟုတ်ပါဘူး၊ အတည်ကဗျာတွေပါ၊ ခင်ဗျားတို့က ဒုတိယ နှစ်တွေဆိုတော့ အားကိုးရတော့မှာပဲ . . ."

"အင်းလေ . . . လုပ်ပေးရမှာပေါ့၊ ကိုယ်တွေက အကြီးပဲ"

ဘာမှလည်းမဆိုင်ပေ။ ကြီးတိုင်းလုပ်ပေးနေရင်တော့ အငယ် တွေ ခက်ချေမည်။ အသံက သိပ်အားမပါဟန် ပြထားသည်။ အကြံက တော့ အောင်ကိုမျိုးနှင့် ကြည်မင်းလတ် ကျော်ငွေးဖျော်နှစ်ခွက် အရင် စေသွားလေ၏။ ဒါနဲ့များ အကြီးတဲ့၊ ဒီထက်ကြီးရင်တော့ မတွေးဝံ့ တော့။

* * * *

www.burmeseclassic.com

(၆)

အဆောင်ရောက်တော့ အခန်းတံခါးကပွင့်နေ၍ မြတ်ကို လန့်သွားသေးသည်။ ပြီးမှ ဟိုအောင်အေးသန်းဆိုတဲ့ပုဂ္ဂိုလ်ကြီး ရောက်နေတာထင်တယ်ဆိုပြီး အခန်းထဲဝင်မယ်အလုပ် စကားခပ်ကျယ်ကျယ် ပြောသံကြား၍ မဝင်သေးပဲ ရပ်နေလိုက်သည်။

"မင်းကွာ ချမ်းမြေ့၊ ငါရောက်တာနဲ့ မင်းတို့ကိစ္စရှင်းရပြီ၊ မင်းတို့ကောင်တွေကွာ၊ စီးပွားရေးလည်း နားမလည်၊ လူမှုရေးလည်း မသိ၊ ဘာသာရေးဆို ပိတ်ပိတ်ကန်း၊ ပညာရေးဆို လမ်းစရှာတွေ့မယ့်ကောင်တွေ မဟုတ်ဖူး . . ."

ရောက်တာနှင့် ကိုယ့်ဆရာက စွတ်ဟောက်နေ၏။ ဘယ်သူ့ကိုပြောနေမှန်းတော့ မသိ။ ကိုယ်မဟုတ်ရင်ပြီးပြီ။ ဘာကိစ္စမို့ အချက်ကျကျပြောနေတာလည်းလို့ စဉ်းစားနေတုန်းမှာပဲ အခန်းထဲက ညောင်နာနာအသံလေး ထပ်ထွက်လာပြီး . . .

"ဟာဗျာ . . . ကိုအောင်အေးသန်းကလည်း ရည်းစားစာလေးတစ်စောင်လောက် ရေးပေး . . ."





"ဘာကွ ရည်းစားစာလေးတစ်စောင် ဟုတ်လား၊ ပြောပြန်ရင်လည်း ဒေါကန်ဦးမယ်၊ ဆိုပြန်ရင်လည်း ငိုပြန်ဦးမယ်၊ ရိုက်တော့လည်း ထွေးမို့လို့ . . ."

"တော်ပြီဗျာ ကိုအောင်အေး၊ ခင်ဗျား မရေးပေးချင်လည်းနေတော့၊ ကြာရင် ဒီစာတစ်စောင်နဲ့ ခင်ဗျားကို အဖေတော်ရတော့မယ်"

ကောင်းတယ်။ ကြားထဲက မြတ်ကိုပင် သိပ်မကျေနပ်ချင်။ ဘယ့်နှယ်မဆီမဆိုင် စာတစ်စောင်နှင့် အားရပါးရ အသားလွတ်ဟောက်နေရတယ်လို့။ အတွေးက မဆုံးလိုက်။ ပျော့ကျသွားတဲ့ လေသံက ထွက်လာ၏။

"ချမ်းမြေ့ကလည်းကွာ၊ ရေးပေးမှာပေါ့၊ ဘာလဲ စိတ်ဆိုးတာလား၊ ငါက ဆန်ရင်းနာနာဖွတ် ဆိုတဲ့သဘောနဲ့ ပြောတာပါကွာ၊ ရေးထားလိုက်မယ်၊ နာမည်က ဘယ်သူ . . ."

"စန္ဒာလင်း . . . ဟို . . ."

"သိပြီ သိပြီ ဒုတိယနှစ် အခန်း . . . က၊ ငါသိပါတယ်၊ ဇာတိက တောင်ကုတ် ဂူတာရပ်ကွက် အိမ်နံပါတ်နှစ်ဆယ်၊ ခုအလိမ္မာအဆောင်မှာနေတယ်၊ အသားဖြူဖြူ ဆံပင်ကောက်ကောက် မျက်နှာမှာ ဝက်ခြံတွေနဲ့ လုံးကြီးပေါက်လှဟုတ်လား။ ပြီး ရည်းစားတစ်ယောက်ထားဖူးတယ် . . ."

"ဟုတ်တယ် . . . ဝုတ်တယ် . . . အဟီး . . . အဟီး"

ဘုရား ဘုရား . . .။ ဟိုကောင် စကားမပီတာ မပြောနဲ့တော့။ မြတ်ကိုပင် ဘုရားတသွားရ၏။ ဘယ်လောက်နှိုက်နှိုက်ချွတ်ချွတ်များ စုံစမ်းထားလည်းမသိ။ ဆက်ပြောရင်တော့ ဘယ်နေရာမှာ မှဲ့ရှိတယ်ဆိုတာကအစ အတွင်းရေးတွေပါ ပေါ်တော့မလား မသိပေ။

မြတ်ကို အခန်းထဲဝင်ရန်ပင် ရှိန်သွားသည်။ ခေသူမဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သေချာလေပြီ။ နည်းနည်းပင် သိမ်ငယ်သလို ဖြစ်သွားသေးသည်။ ငါကောလိပ်သန်း ဖြစ်တော့သကိုးဆိုတာ ဒါကြီးလား။ အပြင်မှာ ငွေငိုင်ငိုင်စဉ်းစားနေတုန်း အခန်းထဲက ထွက်လာသူက ချမ်းမြေ့ (ယင်ကောင်အမှတ်သုံး)။ မြတ်ကို့ကိုတွေ့တော့ စပ်ဖြီးဖြီးရယ်ပြပြီး . . .

“ဟာ မြတ်ကိုပါလား၊ မင်းတို့ ကဗျာစာအုပ်ထုတ်မယ်ဆိုငါလည်းပါမယ်နော်၊ ဟဲ ဟဲ ခံစားချက်တွေ ရေးထားတာရှိတယ်ကွ”

“အင်း . . အင်း . . . လုပ်လေ၊ ဒါနဲ့ . . .”

မြတ်ကိုအထဲကို မေးဆတ်ပြတော့ ချမ်းမြေ့က အရယ်တဝက်နှင့် မေးပြန်ဆတ်ပြကာ . . .

“ကိုအောင်အေးသန်းလေ၊ မင်းအခန်းဖော်၊ ဩော် . . . မင်းနဲ့မှ မသိသေးတာပဲ၊ လာ . . . ငါမိတ်ဆက်ပေးမယ်”

ပြောရင်း ချမ်းမြေ့အထဲပြန်ဝင်သွား၍ မြတ်ကို နောက်ကအသာလိုက်ဝင်သွားလိုက်သည်။ စိတ်ထဲကတော့ ဒီလူ ဒီအဆောင်မှာတော့ ဩဇာအတော်ရှိသားပဲလို့ တွေးထားလိုက်သည်။ သတိထားမှ

“ကိုအောင်အေး ဒါခင်ဗျားအခန်းဖော်လေ မြတ်ကိုတဲ့၊ First Year က၊ မြတ်ကို . . . ဒါက ကိုအောင်အေးသန်း၊ အတန်းကတော့ 2B ပေါ့ . . .”

ကြည့်လိုက်တော့ လစ်တာပွဲက ဘောလုံးသမား ပီတာခရွေတစ်ပတ်လောက် ထမင်းငတ်ထားသည့် ပုံစံမျိုး။ အရပ်ရှည်ရှည် အသားဖြူဖြူနှင့် ပဲလင်းမြွေသီးမရင့်ခင် နေလောင်ခံထားသလို ဆံပင်ကလည်း နီကြောင်ကြောင်၊ နှဖူးမောက်မောက်၊ နှာရောင်ကောက်ကောက်မို့ တဏှာရာဝကြီးမယ့်ပုံဟု တတ်သလောက်မှတ်သလောက် အင်္ဂါရုပ်ကျမ်းနှင့် ယှဉ်ထိုးကြည့်နေတုန်း လက်ကြီးဆန့်တန်းလာပြီး . . .

“ဝမ်းသာပါတယ်ကွာ၊ ငါက အောင်အေးသန်းပါ၊ ဂန့်ဂေါကဆိုတော့ လာတာနောက်ကျနေတာ . . .”





မြတ်ကိုက လက်ဆွဲနှုတ်ဆက်လိုက်သည်။ သေချာပါတယ်။ သောကြာဂြိုလ်ခုံကြီးက မောက်နေတာပဲ။ ဒီလူ တဏှာကြီးမှာ။ အတွေးတော့ တစ်မျိုး။ မျက်နှာမှာတော့ မြတ်ကို လင်းလင်းဝင်းဝင်းကိုပြုံးထားသည်။

မိတ်ဆက်ပေးပြီးတော့ ချမ်းမြေ့က လှမ်း၍ပင်မကြည့်ဘဲ ဝမ်းနည်းသလို ထွက်သွားတော့သည်။ ရည်းစားစာကိစ္စကလည်း အဆင်ပြေသွားပြီကိုး . . ။ မြတ်ကိုမှာတော့ အခန်းတွေ့ပေမယ့် ကမ်းမတွေ့သလို ယောင်ချာချာ ဖြစ်နေရသည်။ နဖူးတွေ့ ဒူးတွေ့ နှစ်ယောက်ကြီးလေ။

“အဆင်ပြေရဲ့လားကွ၊ ကျောင်းတက်ရတာ . . .”

“ဗျာ . . . ဟုတ်ကဲ့ , . . ပြေပါတယ်”

ရုတ်တရက် အလန့်တကြားဖြစ်သွားပြီးမှ ဣန္ဒြေကို ပြန်ဆယ်သည်။ မဆယ်ရင်လည်း ကယ်သူမရှိပေ။ ငါလည်း မြတ်ကိုပါဆိုပြီး စိတ်တင်းတော့မှပဲ အတန်ငယ်သက်သာသွား၏။ ခဏနေတော့ စိတ်ထဲက သရိုးသရီနှင့် အီးပါချင်သလို သေးပေါက်ချင်သလိုဖြစ်လာပြီး ရွှယ်အိတ်လေးချကာ အခန်းထဲက ထွက်မယ်အလုပ် . . .

“ဘယ်လဲကွ မြတ်ကို . . .”

“ဗျာ . . . ဟို . . . သေးပေါက်မလို့ပါ”

“ခဏနေအုံး၊ ငါလှူကြဲပါးလိုက်ဦးမယ် . . .”

“ဗျာ . . .”

ဘုရားကယ်ပါ။ ဘဝဖျက်ပြီထင့်။ မိုးကြိုးပစ်တာမှ ထန်းလက်နှင့်တာ၍ရအုံးမည်။ ခုမတွေးဝံ့စရာ။ ဆံပင်တွေပါထောင်ပြီး မြတ်ကို ကြွက်သားတွေပါ စုထွက်သွားသည်။ နောက်ကိုလုံးဝမဆုတ်ပဲ မဝံ့မရဲနှင့် လည်ပြန်လှည့်အကြည့် အောင်အေးသန်းက အိပ်ကပ်ကိုနှိုက်လာ-

“မင်းကွာ အလန့်တကြားနဲ့၊ အောက်ဆင်းရင် ငါ့အတွက် ဆွမ်းတစ်ရာဖိုးလောက် ဝယ်ခဲ့စမ်းပါ ရော့ . . .”

www.burmeseclassic.com



"ဟုတ်ကဲ့ ဟုတ်ကဲ့ . . ."

တစ်ရာတန်အနွမ်းလေး လက်ထဲရောက်မှပဲ သက်ပြင်းဒိုးဒိုးကျပြီး အကြောအချဉ်တွေပါ ပြေသွားတော့သည်။

ဘုရား . . . ဘုရား . . .။ သတိထားနေမှ . . .။

* * * *



နောက်တော့ မြတ်ကိုလည်း ကောလိပ်သန်း (ခေါ်) အောင်အေးသန်းနှင့် ခင်လာ၏။ နှစ်ယောက်တစ်ခန်းဆိုတော့လည်း တစ်ယောက်အကူအညီလိုလျှင် တစ်ယောက်က ပေးရသည်သာ။ ဘယ်ယောက်ခင်ခင် ကျောင်းပိတ်ရက်ဆိုလျှင်တော့ မြတ်ကို အိမ်ပြန်ရသည်။ ပြန်၍ မဖြစ်။ တစ်ပတ်စာငွေရေးကြေးရေးက ရှိသေးသည်လေ။

ဒီတစ်ပတ်ကတော့ ပိုထူးသည်။ ကဗျာစာအုပ်ထုတ်ရန် လက်ရေးမူတွေက အောင်အေးသန်းထံ ရောက်နေပြီ။ ကိုယ်စထားသောဘတ်လမ်းမို့ ငွေရေးကြေးရေးအပိုင်းမှာ မြတ်ကိုတို့ဘက်က ပိုစိုက်ရတော့သည်။

"ဖေဖေ ဒီတစ်ပတ်တော့ သားပိုက်ဆံနည်းနည်း ပိုလိုလို့"

ပိုက်ဆံပေးရန် ရေတွက်နေသော ဦးတင်ကို မျက်မှောင်ကြုတ်ပြီး မြတ်ကို့ကိုကြည့်ကာ . . .

"ဘာလဲကွ၊ ကျောင်းတက်တာမှ မကြာသေးဘူး၊ အကြောင်းအမျိုးမျိုးပြပြီး ပိုက်ဆံတောင်းတော့မှာလား . . ."



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ မသက်မသာ ဖြစ်သွား၏။ သို့သော်လည်း မြတ်ကို အေးအေးရဲရဲပင် ပြောလိုက်သည်။

"မပြပါဘူး ဖေဖေရာ၊ သားတို့ကျောင်းမှာ ကဗျာစာအုပ်စု ထုတ်မလို့ပါ။ ပြန်ရောင်းရင်မြတ်မှာ ဖေဖေရ . . ."

"မင်းတော့ စလာပြီနော်၊ မင်းဟာမင်း ထုတ်ထုတ် မထုတ် ထုတ် မြတ်မြတ် မမြတ်မြတ် ငါမသိဘူး။ ခု . . နှစ်ပတ်စာပေးလိုက်မယ်၊ နောက်တစ်ပတ်မတောင်းနဲ့ . . ."

"ဟုတ်ကဲ့ . . ."

ဖေဖေဟာ စည်းစနစ်ကျတာကို တော်တော်ပြချင်တာပဲလို့ တွေးမိသည်။ ဘာပဲပြောပြော ဒီအဖေရှိ၍ ဒီပိုက်ဆံတရလေပြီ။ ကျေးဇူး တင်ရပြန်၏။

"ဟော့ကောင် မင်းကိုတော့ သိပ်စိတ်မချချင်တော့ဘူးနော်"

"ဟာ . . . ဖေဖေကလည်း စိတ်ချပါ။ သားလည်း ဖေဖေ့ကို စိတ်ချပါတယ် . . ."

"ဘာကွ . . ."

ဦးတင်ကိုမျက်နှာ အနည်းငယ်မဲ့သွား၏။ သားတော်မောင် ဘာပြောမလဲဆိုပြီး စောင့်နေဟန်တူတာမို့ မြတ်ကိုက . . .

"ဒီလိုပါ ဖေဖေက အရွယ်တင်တယ်လေ၊ ကျန်းမာရေးလည်း ဒေါင်ဒေါင်မြည်ပဲ၊ သားစိတ်ချတာပေါ့၊ နောက်တစ်ပင်တောင် ထူနိုင် သေးတယ် အဟီး . . ."

"တော်ကွာ ပေါက်ကရ . . ."

နောက်တစ်ပင်တော့ ဖေဖေထူချင်ဟန်မတူ။ ဘာရယ်ညာ ရယ်မဟုတ် မြတ်ကိုကျေနပ်သွားပြီး . . .

"ဖေဖေ . . . ဒါနဲ့ ဖိုးဖိုးဘယ်တော့လာမှာလဲ"

"အားရင် လာလိမ့်မယ် . . ."





စကားက တိုတိုပြတ်ပြတ်။ အင်းလေ . . သားအဖချင်း ချွဲနေရာမှ မလိုတာ။ တစ်ခါတစ်လေတော့လည်း လယ်တွေ၊ ကိုင်းတွေကို သံယောဇဉ်ကြီးလှသည့် ဖိုးဖိုးကို လွမ်းလှသည်။ လာလျှင်လည်း မုန့်ဖိုး မြိုးမြိုးမြက်မြက်ရတတ်သည်ကိုး။

ကောလိပ်သန်းဦးစီး၍ အထွေထွေမြတ်ကို တည်းဖြတ်သော ကဗျာစာအုပ်သည် တစ်ပတ်အတွင်း အရောင်းရတစ်ဆယ်ထဲ ဝင်သွား လေသည်။ ပြုံကြက်ကနဲကုန်သွား၍ ထပ်တောင်ရိုက်လိုက်ရသည်။ (ဒါ တောင် တစ်ချို့ကျောင်းတွေဆီက အမှာစာတွေကို လက်မခံလိုက်တာ တဲ့တောင်း . . . ယုံ)

စရောင်းသည့်နေ့ကတော့ ကျောင်းသူတွေသာမက ကျောင်း သားတွေပါ အင်တင်တင်။ ဘာတွေလဲ ရိုးနေပြီပေါ့။ စောင်ရေတက် လာတော့ မြတ်ကိုလည်း ထပ်ကိုကြဲရတော့သည်။ သိပ်အရှက်မရှိ သည့် ကျောင်းသား (လှတိုး၊ ထိန်လင်းရှိန်နှင့် ဝက်ကြီး) တို့ကို ကဗျာ တွေ အလကားထည့်ပေး၍ ခိုင်းရတော့သည်။ ဒီကောင်တွေက လုပ်ရဲ သည်။

မနက်ပိုင်း လူစုံသော အချိန်မှာဖြစ်သည်။ ကိုကျော်ဒွေးဆိုင် ရှေ့မှာ စားပွဲတစ်လုံးချထားပြီး လှတိုးနှင့်ဝက်ကြီးက စာအုပ်တွေ ခုံပေါ် တွင်တင်နေ၏။ ထိန်လင်းရှိန်က အောင်အေးသန်း ဘယ်ကမှန်းမသိ ငှားပေးထားသော အော်လံအသေးစားလေးနှင့် မနက်ခင်းကို ဖွင့်လှစ် လေသည်။

"နုသစ်ပျိုမျစ်၍ ချစ်စဖွယ်ကောင်းလှသော ကျောင်းသူ ကျောင်းသားအပေါင်းတို့ ခင်ဗျား၊ ယခုအခါ နွေရာသီရောက်ရှိ အဲ . . နွေရာသီရဲ့နိဒါန်းအမှတ် (၁) ကဗျာစာအုပ်ကြီး ထွက်ရှိလာပြီ ဖြစ်ပါ တယ် . . ."

(အခြေအနေတောင်းလျှင် အမှတ် (၂) ထွက်ရန် ပြင်ဆင်

www.burmeseclassic.com



ထားခြင်းဖြစ်သည်။)

"ထို့ကြောင့် ကဗျာကိုချစ်သော ကျွန်တော်တို့ရဲ့ ကျောင်းကြီးကိုချစ်သော ညီငယ်၊ ညီမငယ်၊ ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမတို့ဟာ ကျွန်တော်တို့ရဲ့ ချွေးနဲ့သွေးနဲ့ရင်း ဟာဆောရီး ရင်ဘတ်ထဲက တိုးလို့ ပေါက်ထွက်ကျလာတဲ့ အနုပညာလေးများကို အမှတ်တရ ဝယ်ယူစု ဆောင်းနိုင်ပြီဖြစ်ကြောင်းပါ . . ."

လှတိုးနှင့် ဝက်ကြီးက တစ်အုပ်လေးရာ တစ်အုပ်လေးရာနှင့် အော်တော့သည်။ အခြေအနေက သိပ်မကောင်းလှ။ ဟိုကောင် ထိန်လင်းရှိန်ကလည်း ဘာတွေအော်မှန်းမသိ။ မြတ်ကို ကန်တင်းထဲမှာ ထိုင်ရင်း မရိုးမရွဖြစ်လာသည်။ တစ်ယောက်စ နှစ်ယောက်စပင် ဝယ် သေး၏။ ဒါတောင် အဖြစ်ကဆိုးသေးသည်။

"ဒီမှာ တစ်အုပ်ယူမယ်၊ ရော့ ငါးရာတန် . . ."

"ရော့ ညီမလေး အကြွေမရှိလို့ သကြားလုံးယူသွားနော်"

"ဘာမှန်းမသိဘူး၊ ငါးရာဆိုလည်း ငါးရာပေါ့၊ ဟွန်း . . ."

သကြားလုံးဖိုးက ဒီကောင်တွေကိုပေးရ၏။ ဒါတောင် တစ်ချို့က မလွယ်လှ။

"ရော့ ငါးရာ၊ တစ်ရာပြန်ပေး . . ."

"ဩော် . . . ညီမ အကြွေမရှိ . . ."

"ဒါဆိုလည်း တစ်ရာတန်ရော့၊ သကြားလုံးတစ်ရာဖိုးပဲ ပေး တော့၊ စာအုပ်မဝယ်တော့ဘူး"

"ဗျာ . . ."

အခြေအနေက မကောင်းတော့။ ထိုအချိန်မှာပဲ မည်သို့မည်ပုံ လုပ်လိုက်သည်မသိဟုတောင် ဆိုရမည်။ ကဗျာစာအုပ်တွေ မလောက် တော့။

"ဟုတ်ကဲ့ ကဗျာစာအုပ် အမှတ်တစ်နဲ့နှစ်ပေါင်းမှ ငါးရာခင်ဗျ





ကျွန်တော်တို့ကျောင်းကို ပဲကောလိပ်လို့ စောင်းမြောင်းသမုတ်နေကြ တာကို ဖြေရှင်းထားတဲ့ ကဗျာပါလာပါပြီ၊ ကျောင်းချစ်စိတ်ရှိလျှင် ဝယ် နိုင်ပါတယ်၊ ငါးရာခင်ဗျ ငါးရာထဲပါ . . ."

ဒါမျိုးကျတော့လည်း အလုအယက် ဖြစ်ကုန်သည်။ မြတ်ကို ဆို ပြုံးပြုံးကြီး။ ဒီတစ်ကွက်ထဲနှင့် အောင်အေးသန်းမှာလည်း မြတ်ကို ကို အသိအမှတ်ပြုလိုက်ရတော့သည်။ လက်တန်းစာဆိုရှင်ကိုး . . . ။

### ပဲ-ကောလိပ်အမည်အား တော်လှန်ခြင်း

စိမ်းစိုအေးရိပ်
အဝေးအတိတ်တွင်
ရင်မှာကျန်ရစ်
ပြန်လှန်ပစ်မည်
သမကောလိပ် စာမျက်နှာ . . . ။
မိန်းမလှကျွန်း
ထိုသို့ထွန်းလည်း
မရှုစိမ့်နိုင်
ကောလိပ်အလှ
ပဲအလှတဲ့ . . . ။
လှမ်းလို့ရည်မျှော်
မတော်နိုင်၍
ပဲကောလိပ်ဟု ခေါ်ကြပြန်သည်။
ခေါ်ကြစေသော်
ခေါ်လျှင်ခေါ်ပေါ့
ခေါ်သည့်ခဏ
သင့်နှာဝတွင်



www.burmeseclassic.com

www.burmeseclassic.com



ပဲစားသည့်အီး
ပျံ့သင်းစေသတည်း
သင်းစေသတည်း . . .။

ဝေယျာဝစ္စမြတ်ကို (သမကောလိပ်)

အထက်ပါကဗျာသည် သမကောလိပ်တွင်သာမက အခြားကျောင်းများသို့ပင် ပျံ့သင်းသွားလေသည်။ တစ်ချို့ကျောင်းသားများက 'ပဲကောလိပ်မှတ်တိုင်ပါတယ်' ဟုဆိုသော ကားများအား အခမဲ့စီးကြသည်။

ဗူးတစ်ရာကို ဆို့နိုင်၏။ ပါးစပ်တစ်ပေါက်ကို မဆို့နိုင်သော်လည်း ပါးစပ်တစ်ရာကို ကဗျာတစ်ပုဒ်နှင့် ပိတ်နိုင်ခဲ့သည်။ အနှံခံနိုင်လျှင်ပြောပေါ့ . . .။

ထိုသို့သော ကိစ္စများအပြီးတွင် လူငယ်ခြေတက် မိတဆိုးလေး မြတ်ကိုမှာ နတ်ရေကန်ထဲ ဆင်းလိုက်သလို နေ့ချင်းညချင်း ဂုဏ်သတင်းကြီးသွားလေ၏။ (ဒါတောင် လျှို့ဝှက်သတင်းတွေ ထွက်လာသေးသည်။ မြတ်ကိုနှင့် ဓါတ်ပုံရိုက်ချင်လျှင် ကျောင်းပိတ်ရက်မှ ဆက်သွယ်ပါရန်၊ မိတ်ဆက်ချင်လျှင်လည်း အတန်းအားသည့်အချိန်မှ ကန်တင်းတွင် လာရောက်ဆက်သွယ်နိုင်ကြောင်း၊ မြတ်ကိုမှာ မာနမကြီး၍ မိန်းကလေးများကို အထူးဦးစားပေးကြောင်း ကောလဟာလလိုလို ကြားသိရသည်။ စကားချပ်။)

* * * *



(၇)

မြတ်ကိုက လူတစ်မျိုးဖြစ်သည်။ လူတိုင်းသည် လူတစ်မျိုးစီဖြစ်၍ မြတ်ကို လူတစ်မျိုးဖြစ်တာလည်း သိပ်မဆန်းလှ။ ဆန်းသည်ကတော့ နေ့လည်ထမင်းစားချိန်မှာ မြတ်ကိုနှင့်ဆရာဖေ ထိုင်၍စကားတောင်းနေခြင်းက ဆန်းလှသည်။

ဆရာဖေ (ခေါ်) ဦးဖေမြင့်က ကျောင်းတွင် Management Sciences (MS) ဘာသာရပ်သင်သည်။ အသင်အပြကောင်း၍ ရယ်စရာလေးတွေပါ ထည့်ပြောတတ်ပြီး သဘောကောင်းသည့်ဆရာမို့ တစ်ချို့ကျောင်းသူတွေဆိုလျှင် ဖေကြီးဟုပင် ခေါ်ကြသေးသည်။ မြတ်ကိုက ဆရာ့ကို ချစ်ခင်လေးစားသည်။ ဆရာကလည်း မြတ်ကို့ကို အသိအမှတ်ပြုဆက်ဆံ၏။ ထိုသို့ ထိုပုံနှင့် ဆရာဖေကန်တင်းမှာထိုင်နေခိုက် မြတ်ကိုရောက်လာခြင်းဖြစ်သည်။

"ဆရာ . . . ကျွန်တော်လက်ဖက်ရည်တိုက်မယ်နော်"

"ရပါတယ် မြတ်ကိုရာ၊ မင်းတို့က အဆောင်နေကြတာ ပိုက်ဆံချွေတာသုံးစမ်းပါ။ ဆရာပဲတိုက်မယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမြမြနှင့် ဆရာကဆို၏။ မြတ်ကိုက ဆရာ့ကိုကြည့်ပြီး-

"ဒီလိုဆရာရဲ့ ကျွန်တော်တို့ကဗျာစာအုပ်က မြတ်တယ်လေ၊ အဲဒါကြောင့်ပါ။ လက်ဖက်ရည်လေးတော့ ချိုးမြှင့်ပါဆရာရယ် အဟီး"

စာသင်ခန်းထဲတွင် တခါတရံ မျက်နှာတည်သော်လည်း အပြင်မှာဆိုလျှင်တော့ ဆရာက ပွင့်လင်းလွန်းလှသည်။ ဆရာက ခပ်ဟဟရယ်ပြီး . . .

"ဒါဆိုလည်း သောက်ရတာပေါ့ကွာ၊ ငါ့တပည့်က ကလောင်ထက်သားပဲ၊ အဲဒါ လက်တန်းကဗျာဆို . . ."

"အဟီး . . . ကျွန်တော်လည်း အစီအစဉ်မရှိပါဘူး ဆရာရယ်၊ စာအုပ်ကလည်း ရောင်းမကောင်း၊ ပဲကောလိပ်လို့ ခေါ်နေကြတာလည်း စိတ်ထဲမှာ ချဉ်လာတာနဲ့ ကောက်ရေးလိုက်တာ၊ ကဗျာအစစ်လည်း မဟုတ်ပါဘူး . . ."

"ဘာပဲဖြစ်ဖြစ်လေကွာ၊ ဒီကဗျာစာအုပ်တွေက အမှတ်တရအပျော်ထုတ်တာပဲ၊ မင်းဆိုလိုချင်တာ ထိရောက်ရင် ပြီးပြီပေါ့ကွာ၊ မဟုတ်ဖူးလား . . ."

ဆရာဖေက တပည့်တွေအပေါ်မှာ အမြဲအကောင်းမြင်တတ်လေသည်။ မြတ်ကိုနှင့် ဆရာဖေလည်း ထွေရာလေးပါးပြောနေကြ၏။ ကန်တင်းထဲရှိ အနီးအနားဝိုင်းများမှာ ကျောင်းသူတစ်စုနှစ်စုကတော့ အတွဲထူး၍ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။ မြတ်ကို၏အကြောင်းကို သိထားကြသည်ပဲလေ။

"ဆရာ . . . ဟိုလေ . . . ဟို . . . နတ်နွယ်ရဲ့ မြန်မာပြည်မြောက်ပိုင်းက ဖောက်လမ်းမဆုံးဘူးနော်၊ အလှည့်အပြောင်းတွေက အရမ်းကောင်းတာဗျ . . ."

"ဟုတ်တယ် မြတ်ကိုရ၊ အဲဒီစာအုပ်က ပင်ကိုယ်ရေးလေ၊ စာရေးဆရာကိုယ်တိုင် ဆက်မရေးဖြစ်တော့တဲ့ စာအုပ်ပေါ့ကွာ၊ သိပ်





ကောင်းတာပေါ့၊ ရွှေနီတို့ ရွှေဝါတို့ဆို . . ."

"မြတ်ကို မြတ်ကို ဟာ . . ဆရာပါလား . . ."

ဆရာ့စကားက မဆုံးလိုက် . .။ အူယားဖားယားနှင့် ပြေးဝင်လာသူက လှတိုး . .။ ဘာတွေအရေးကြီးလာသည် မသိ။ မြတ်ကိုသည်း ဆရာနှင့်ဆွေးနွေးမယ်ဆိုပြီး အားခဲထား၍ အတော်စိတ်ညစ်သွားမိသည်။ သို့သော်လည်း ကဗျာစာအုပ်ကိစ္စမှာ လှတိုးက ကူညီထားသူမို့ . . .

"ဘာလဲ လှတိုးရာ၊ ဒီမှာ စကားပြောနေတာ . . ."

လှတိုးက ဆရာ့ကိုကြည့်ပြီး အားနာဟန်တူ၏။ စကားမဆက်နိုင် ခေါင်းကုတ်ဖင်ကုတ်လုပ်နေ၍ သဘောပြည့်တဲ့ဆရာက . . .

"ပြောလေ လှတိုး မင်းကိစ္စကို၊ ဆရာ့ကို အားမနာပါနဲ့ကွ"

"ဒီလို မြတ်ကိုရာ၊ ဟို . . . ကဗျာပေးမလို့"

မပြောရဲပြောရဲနှင့် လှတိုးထစ်ငေါ့နေပြန်သည်။ မြတ်ကိုက စိတ်မရှည်ဟန်ပြမှပဲ . . .

"ငါကဗျာပေးမလို့ဟာလေကွာ၊ မင်းပဲ နာမည်ရှေ့က အညွှန်းကို စဉ်းစားပေးမယ်ဆို၊ အဲဒါ လာမေးတာ . . ."

အရေးထဲ လှတိုးက တစ်မျိုး။ သူကလည်း နည်းနည်းကျယ်ပြန့်ချင်သည်။ ကောလိပ်သန်းတို့လို ဝေယျာဝစ္စမြတ်ကိုတို့လို ရှေ့ကတစ်ခုခုထည့်ချင်သည်။ သူ့ရည်းစားကို ကဗျာပေးရန်အတွက် မြတ်ကိုအား အပူကပ်ထားခြင်းဖြစ်သည်။

ဒီလောက်တော့ ရပါတယ်လေဆိုပြီး မြတ်ကို အမြင်ကျယ်ကျယ်နှင့် စဉ်းစားလိုက်သည်။ မကြာမီမျှော်ပေါ့ . . .။ ရှေ့ကအမျိုးမျိုးတပ်ကြည့်သည်။ တာရာလှတိုး။ ဒီကောင်နဲ့မတန်။ လှတိုး (တော်ဝင်ရှုန်း)။ မကောင်းသေး။ မြေပြန့်မောင်လှတိုး။ နောက်မင်းမြတ်လှတိုး ဘယ်လိုမှအဆင်မပြေ။ ဒီကောင်က စာမပြောနှင့် သူများကဗျာတွေယူပြီး



www.burmeseclassic.com

www.burmeseclassic.com



စုတုပြုတင်မက ကုက္ကူကူးပါလုပ်ပြီး ခိုးချသေးသည်။

နောက်ဆုံးတော့ လှတိုးအတွက် နာမည်တစ်လုံးတော့ ရသွား၏။ လှတိုးဆို မြတ်ကို မျက်နှာကို မျှော်လင့်တကြီး . . .။

"လှတိုး . . . မင်း သခင်ဆိုတာ သိတယ်မဟုတ်လား။ ဟို 'သခင်မျိုး' မဟုတ်ဖူးနော်၊ မောင်စိန်ဝင်းကဗျာတွေထဲက 'သခင်ရယ်' ဆိုတာမျိုးတွေလေ . . ."

"အေး . . . သိတယ် သိတယ်၊ ကြားဖူးတယ် . . ."

လှတိုးက အားရဝမ်းသာဆို၏။ မြတ်ကိုက မင်မောင်းလုပ်ထားပြီး . . .

"မင်းလည်း မင်းကောင်မလေးကို 'သခင်ရယ်' ပေါ့ကွာ၊ ဘာခက်လဲ၊ မင်းနာမည်ရှေ့မှာ သခင်တပ်လိုက်၊ သခင်လှတိုးပေါ့ကွာ၊ မင်း ကဗျာလေးတွေ မင်းသခင်ရင်ထဲကို လှလှလေး တိုးဝင်သွားလိမ့်မယ်"

"ဟာ . . . ကောင်းလိုက်တာ မြတ်ကိုရာ၊ အဟီး . . . မင်း သိပ်တော်တဲ့ကောင်ပဲ၊ ငါ့ရင်ထဲ ငါ့စိတ်ထဲကို မြင်တယ်"

ဆရာက ပြုံးပြီးကြည့်နေ၏။ လှတိုးလည်း စိတ်လွတ်ကာ ပြောလိုက်ပြီးမှ ကိုယ်ရှိန်သတ်ရင်း . . .

"ငါသွားမယ်နော် မြတ်ကို၊ ဆရာ ကျွန်တော်ပြန်ဦးမယ်၊ လက်ဖက်ရည်ဖိုး ရှင်းထားခဲ့လိုက်မယ်"

မြတ်ကိုက လက်ကာပြရင်း . . .

"ဟေ့ကောင် ရှင်းချင်ရင် ငါ့အတွက်ပဲရှင်း၊ ဆရာ့ကို ငါ လက်ဖက်ရည်တိုက်နေတာ . . ."

"အေးပါ . . ."

သခင်လှတိုးလည်း လက်ဖက်ရည်ဖိုးရှင်းကာ ပြန်သွားလေ၏။ ဆရာက မြတ်ကို့ကို ပြုံးစစကြည့်ပြီး . . .

"မြတ်ကိုရာ ဒီကောင်ရှင်းသွားလည်း အတူတူ မဟုတ်ဖူးလား"





"မဟုတ်ဖူး ဆရာရဲ့၊ ဒီကောင့်လက်ဖက်ရည်က မသန့်ရှင်းဘူး"

လေသံတိုးတိုးနှင့် မြတ်ကိုစကားကြောင့် ဆရာအံ့ဩဟန်နှင့် မျက်ခုံးပင့်သွားပြီး မေးသည်။ ဘေးဝိုင်းက ကောင်မလေးတွေကလည်း သော်တင်စပ်စုနေကြသည်။

"ဟေ . . . ဘာဖြစ်လို့လဲ"

"ဆရာ ဘာမှမသိဘူးနော်၊ ဒီကောင်လှတိုးက သူငယ်ချင်းတွေဆီက ကဗျာတွေတောင်းပြီး ဟိုတစ်ပိုဒ် ဒီတစ်ပိုဒ် ခိုးခိုးကူးပြီး၊ ကောင်မလေးတွေကို ပေးတာ၊ အဲဒါကြောင့် ဒီကောင့်ဂုဏ်ကိုဖော်လိုက်တာ . . ."

"ဘာလဲကွ နားမလည်ဘူး"

"သခင်လှတိုးဆိုတော့ သူခိုးလှတင်ပေါ့ ဆရာရယ် . . ."

"ဟော . . ."

"ခွိ . . . ခစ် ခစ် ခစ် . . ."

ကန်တင်းတစ်ခုလုံး တဝုန်းဝုန်း ဖြစ်ကုန်သည်။ မြတ်ကိုဆို ပြုံးဖြီးဖြီးနှင့် . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲကွာ"

"မြားနတ်မောင်က မင်းကို ငါနဲ့လွဲခဲ့တယ်"

"သူက ဘယ်သွားလို့လဲ"

"ဘုရားဖူးလေ၊ မင်းကြည့်ရှောင်တော့နော်၊ ငါပစ်တော့မှာ"

"ဟား . . ဟား . . မင်းမှာ လေးနဲ့မြားလဲမပါဘူး"

"ဟား ဟား . . ငါက cupid လေကွ၊ လေဆာနဲ့ပစ်မှာပေါ့၊ တဲ . . . လာလေ့"

"ခဏလေး . . ခဏလေး . . မဟုတ်တဲ့နေရာထိကုန်မယ်"

* * * *



## အိပ်မက် (၁)

တစ်နေ့ညက အိပ်မက်မက်တော့ ကျွန်တော့်ဆီ နံငယ်ပိုင်းလေးနဲ့ ဆံပင်နီကြောင်ကြောင် အင်္ဂလိပ်လေးတစ်ယောက် ရောက်လာတယ်။

"မြတ်ကို . . ထ . . ထ"

"ဟင် မင်းက ဘယ်သူလဲ"

"ငါက cupid ကွ"

"မဖြစ်နိုင်ပါဘူး၊ မြားနတ်မောင်ဆိုတာ အချွန်အတက်တွေနဲ့"

"အဲဒါ မြားနတ်မောင်လေ၊ ငါ cupid ပါဆို"

"ဒါဆို မတူဘူးလား"

"တူတော့ တူတာပေါ့၊ ဘာဖြစ်လို့လဲ နေစမ်းပါအုံး၊ မင်းက ဘာဖြစ်လို့ ရည်းစားမရသေးတာလဲ"

"အကြိုက်မတွေ့သေးလို့ပေါ့ကွ"

"သွားစမ်းပါကွာ၊ မင်းဟာမင်း ဝေယျာဝစ္စတွေနဲ့ ရှုပ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။)

မြတ်ကိုလည်း ကောလိပ်သန်းနှင့်တွဲရင်း ကျောင်းသားတွေ မြှုပ်အပ်သော ကိစ္စများကို အကုန်လုပ်၏။ တဖြေးဖြေးနှင့် မြတ်ကို့ကို တစ်ကျောင်းလုံးက သိလာကြသည်။ မြတ်ကိုကတော့ တစ်ကျောင်းလုံးကို မသိနိုင်ပေ။ ဒီလိုနှင့် နှင်းတွေက တဖွဲဖွဲ . . .၊ နေအလင်းက သဲ့သဲ့ . . .၊ မိုးတွေကလည်း မစဲတစဲပေါ့။ (ရုပ်ရှင်ထဲမှာဆိုလျှင်တော့ တစ်နှစ်ကုန်သွားပြီဟု သဘောပေါက်ကြလိမ့်မည်။) ထိုအတိုင်း။

* * * *



(၈)

လူတွေကနေပေမယ့် အချိန်ကတော့ မနေပေ။ ဒီလိုနှင့် ရက်တွေ၊ လတွေ အဆင့်ဆင့်စားရင်း ကျော်စွာမိုးနှင့် ထွန်းနောင်ဝင်းလည်း ရည်းစားအသီးသီးရကုန်ကြသည်။ မြတ်ကိုမှာတော့ အဖော်ကွဲ၊ တစ်ကိုယ်တည်းလူပျိုကြီးလုပ်ရမလို ဖြစ်နေ၏။

မြတ်ကိုလည်း ဖြစ်နိုင်ရင် လှုရှိသော၊ ရှင်ရှိသော ရည်းစားလေး တစ်ယောက်လောက်လိုချင်လှသည်။ သို့ပေမယ့် ကိုယ်ကလည်း တော်ရုံတန်ရုံလူကို မကြိုက်၊ တော်ရုံတန်ရုံတွေကလည်း ကိုယ့်ကိုမကြိုက်ကြ။ ဒီကြားထဲ cupid ဆိုတဲ့ အင်္ဂလိပ်မြှားနတ်က လေဆာနှင့်မပစ်သေးတော့ လားမသိပေ။ မြတ်ကိုမှာ 'ရည်းစားလေးတစ်ယောက်တော့ လိုချင်တာ ပေါ့' သီချင်းပဲ ဆိုနေရတော့သည်။ သိပ်မစားသာလှချေ။

ကျော်စွာမိုးနှင့် ထွန်းနောင်ဝင်းကတော့ သူတို့ကောင်မလေး များ၏ သူငယ်ချင်းများနှင့် မြတ်ကို့ကို နေရာချထားပေးချင်နေပုံရသည်။ မြတ်ကိုက ရိုးအီနေသည့် ဇာတ်လမ်းများလို ဖြစ်နေမှာစိုး၍ ရှောင်နေရ၏။ ကြိုက်မှ မကြိုက်တာကိုး . . ။ (တစ်ခါတစ်ခါတော့လည်း အားနာ



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ကထွက်လာပြီး မြတ်ကို ဗိုက်ဆာသလို ဖြစ်လာ၏။ အဆောင်နားက ဥညြလက်ဖက်ရည်ဆိုင်ဝင်ပြီး ဆီချက်တစ်ပွဲလောက် စားမယ်လို့ စိတ်ကူးလိုက်သည်။ စိတ်ကူးသည့်အတိုင်း ခြေထောက်တွေက ရောက်သွားလေ၏။

ဥညြရောက်တော့ လှမ်းခေါ်သံကြားရ၏။

"မြတ်ကို . . မြတ်ကို . . . လာလေကွာ၊ ဒီကို . . ."

ကြည့်လိုက်တော့ ဧအောင်အေးသန်း . . .။ သူ့လိုပဲ စိတ်ကူး ရပုံပေါ်၏။ ဆီချက်တစ်ပွဲကို အပီဆွဲနေသည်။ မြတ်ကိုလည်း အ စားပွဲကိုကြည့်ပြီး အတည်တစ်ပွဲမှာလိုက်၏။

"အမကြီးရေ . . . ဆီချက်တစ်ပွဲ ကြက်ဥနဲ့ . . ."

ဆီချက်က ချက်ချင်းရောက်မလာသေးတာမို့ စကားက ပြော ပြန်သည်။ အမှန်တော့ သိပ်မပြောချင်လှ။ ဗိုက်ကဆာနေပြီ . . .

"ကိုအောင်အေး . . . ကျောင်းမတက်ဖူးလားဗျ"

အောင်အေးသန်း ဆီချက်စားရင်းမှ မျက်လုံးကြီးပြူးတ





ကြည့်၏။ ပါးစပ်က မအားသေး။ ဝါးသေးသည်။ မြိုချသည်။ ပြီးမှ သက်တောင့်သက်သာရှိဟန်နှင့် . . .

"ဘာဖြစ်လို့လဲ၊ တက်မှာပေါ့ကွ"

"မသိဘူးလေ၊ ခင်ဗျားကဲ့ အပြင်အဝတ်အစားနဲ့မို့ပါ"

အောင်အေးသန်း မျက်မှောင်ကြုတ်သည်။ ပြီးမှ ခပ်သဲ့သဲ့ ရယ်ကာ . . .

"မင်းကတော့လုပ်ပြီ၊ ဒီနေ့ အင်္ဂါလေကွာ"

ဩော် . . . ဟုတ်တာပဲ။ ဒီနေ့မှ ကျောင်းဝတ်စုံဝတ်စရာမလို တာ။ သူ့မှာသာ သတိမထားမိပဲ ဝတ်လာခြင်းဖြစ်သည်။ ရှိစေတော့။ ပြန်သွားလဲရန် ပျင်းလှသည်။

မြတ်ကိုနှင့် အောင်အေးသန်းတို့နှစ်ယောက် ကျောင်းပင် ရောက်လိုက်။ နေခြည်လင်းကန်တင်းမှ ထွန်းနောင်ဝင်းက လှမ်းခေါ် ၏၊ သူတို့ကောင်မလေးတွေနှင့် ဖြစ်သည်။ ဘာအကြံအစီရှိသည်မသိ။ မြတ်ကိုလည်း ပြုသမျှနုတော့မည်ဟု သဘောထားလိုက်ပြီး ဝင်သွား လိုက်သည်။ အောင်အေးသန်းက ရထားတွဲလို ကပ်ပါလာ၏။

အမှန်ဆို မြတ်ကို နေခြည်လင်းမှာ သိပ်မထိုင်ချင်ပေ။ အဲဒီ ဆိုင်က ဝိတ်ပေါ (ဖြူးဟန်=ကျောင်းသား) ဆိုသည့်ကောင်ကို သိပ်ကြည့် ရေး၊ စကားလေးခွန်းပြောလျှင် သုံးခွန်းနှင့်တစ်ဝက်လောက်က ကြွား တာတွေချည်း။ တစ်ခါက ပါးစပ်ဆော့ပြီး မေးမိသည်။

"ဝိတ်ပေါ မင်းကျောင်းပိတ်တော့ ဒီဆိုင်မှာပဲနေတာလား"

"မနေပါဘူးကွာ၊ ရန်ကုန်အိမ်ကိုပြန်တာပေါ့။ ဦးလေးခဏ ပြန်ရောက်နေတာနဲ့ မုန့်ဖိုးသွားတောင်းတာ စလုံးကို ခဏပါသွားသေး တယ်လေ၊ ဒီဖုန်းက သူဝယ်ပေးတာပေါ့"

ပြောရင်းနှင့် အိတ်ထဲကဟန်းဖုန်းပါ ဘလိုင်းကြီးထုတ်ပြသည်။ ဟုတ်မဟုတ်တော့မသိ။ ဘုရားပဲသိလိမ့်မည်။ မြတ်ကိုက အမြင်ကတ်



www.burmeseclassic.com

www.burmeseclassic.com



ကတ်နှင့် ဖုန်းသုံးလေး call လောက် ဆက်ပြစ်လိုက်သည်။ ဝိတ်ပေါ်မှာ အောင့်သက်သက်ဖြစ်သွားပြီး နောက်ပိုင်းသိပ်မကြွားတော့။

ဆိုင်ထဲရောက်တော့ ထင်ထားသည့်အတိုင်းပင်။ ကျော်စွာမိုးက ပြုံးစစလုပ်ကာ . . .

"ဒီမှာ ငါတို့တိုင်ပင်နေကြတာကွ"

"ဘာလဲ . . . မင်းနဲ့တင်တင်မာ ယူတော့မလို့လား"

"နင်နော် . . ."

တင်တင်မာက မျက်စောင်းလှမ်းထိုးသည်။ ကျော်စွာမိုးလည်း ဘုကြည့်ကြည့်ပြီး . . .

"မင်းကလည်း မယူသေးပါဘူးကွာ၊ ငါတို့က မင်းကို ရည်းစားရှာပေးမလို့ပါ"

"ငါလည်း ရည်းစားမပျောက်ရပါဘူး"

"ဟာကွာ . . ."

"ဟာရင် တစ်ခုခုစားလေ"

"တော်ပြီကွာ . . ."

"ဒါဆိုလည်း ရေနွေးတော့သောက် . . ."

"တော်ပါတော့ ကိုရယ်၊ ဒီကောင့်ကို ပြောမနေနဲ့"

တင်တင်မာက အသံမာမာနှင့် လှမ်းပြော၏။ နောက်ဘာတွေမာဦးမလဲမသိပေ။ စိတ်ကလည်း ခပ်မြန်မြန်မို့ ယူဖြစ်ရင်တော့ ကျော်စွာမိုးမှာ ဒုက္ခ။ နေရင်းထိုင်ရင်း ပူနေမိပြန်သည်။ အားလုံးက သူ့ကို ရှုတင်းတင်းကြည့်နေတာမို့ . . .

"အဟဲ . . ဒီလိုကွာ၊ ငါရည်းစားမထားသေးတာ အကြောင်းရှိတယ်ကွ"

"ဆိုစမ်းပါဦး . . ."

ထွန်းနောင်ဝင်းက ပေကပ်ကပ်အသံနှင့် ထောက်ပေးသည်။





သေးက သူ့ရည်းစားဇင်မာကလည်း . . .

"ကြီးကြီးကျယ်ကျယ်တွေ မပြောနဲ့နော်၊ နားကြားပြင်းကပ်တယ်"

"နင်တို့ကလည်း နားထောင်စမ်းပါဦး၊ ငါပထမနှစ်က ရည်းစားထားတာက ဘယ်သူတွေက ဘာမှန်းမသိသေးဘူးလေ၊ တော်ကြာအေးမလည်နဲ့ မတော်တရော်တွေနဲ့ တွေ့မှာစိုးလို့ဟ . . ."

"ခွေးကောင် . . ."

"နင်နော် . . ."

မိန်းကလေးနှစ်ယောက် ပွစိပွစိ ဖြစ်ကုန်သည်။ သူတို့က ပထမနှစ်ထဲက ကြိုက်ထားတာကိုး။ ဘာပဲဖြစ်ဖြစ် မြတ်ကို ဂရုမစိုက်နိုင် . . .။ ဆက်ပြောရ၏။

"အဲ . . . ဒုတိယနှစ်ဆိုတော့ကွာ။ အသစ်ကလေးတွေလည်း ရောက်လာမယ်။ ပေါင်းကူးတွေလည်း ရောက်လာမယ်။ ငါလည်း ကျောင်းမှာ နာမည်တစ်လုံးရလာပြီလေ။ ခုမှ ဆန်ကာတင်ရွေးမလို့ပါ . . . ဟဲ . . . ဟဲ"

အားလုံးမျက်နှာတွေ ပုတ်သိုးကုန်ကြသည်။ ကျော်စွာမိုးက ကြည်လင်တော့ပဲ မျက်ထောင့်နီနီနဲ့ကြည့်ပြီး . . .

"ဒါဆိုလည်း မင်းဟာမင်းရှာတော့၊ ငါတို့က တင်တင်မာ့ သူငယ်ချင်းတွေနဲ့ အောင်သွယ်ပေးမလားလို့၊ တော်ပြီကွာ"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီကောင့်အတွက်ဆို ငါမလုပ်ပေးနိုင်ဘူး၊ အမြင်ကတ်တယ်"

"ဟုတ်ပ၊ ငါလည်း ဆောရီးပဲ"

မ,ဖက်လိုက်ပြီး မိုက်ဖက်ပါကာ ရေရွတ်ဆူပွက်ကုန်ကြသည်။ ဘာဖြစ်လို့များ သူ့အတွက် ဒီလောက်ပူပန်နေကြမှန်း နားမလည်တော့။ ရည်းစားရစေချင်တာထက် ရည်းစားရပြီးမှ ရသည့်ဒုက္ခတွေကို ခံစား



www.burmeseclassic.com

www.burmeseclassic.com



စေချင်တာက ပိုမည်ထင်၏။ ခဏနေတော့ ဇင်မာက ပြုံးစိစိနှင့် . . .

“ဒါနဲ့ ကိုအောင်အေးကို ဘာဖြစ်လို့ ကောလိပ်သန်းလို့ ခေါ်ကြတာလဲ၊ ဟို . . . နာမည်ရှေ့က ကင်ပွန်းတပ်ထားတာလား”

ရုတ်တရက်မေးလိုက်၍ အောင်အေးသန်း ဆတ်ကနဲဖြစ်သွားပြီးမှ စပ်ဖြဲဖြဲလုပ်ပြီး . . .

“နင်တို့ကြားဖူးမှာပေါ့၊ ကောလိပ်ဂျင်တို့ ကောလိပ်ဂျပိုးတို့လေ . . .”

“အင်း . . .”

“ဂျပိုးက ယောက်ျားမိန်းမရွေး ထိုးတာလေ၊ သန်းဆိုတာက မိန်းကလေးတွေကိုပဲ ကိုက်တာ၊ အဲဒီသဘောပဲ . . .”

“ဟော့တော့ . . .”

အောင်အေးသန်းရဲ့ အဆိုအမိန့်ကြောင့် ဇင်မာနှင့်တင်တင်မာတို့ ခေါင်းတွေယောင်ရမ်းစမ်းကုန်ကြ၏၊ ကျော်စွာမိုးတို့က သူတို့ကောင်မလေးတွေ သန်းကိုက်မှာစိုးလို့လားမသိ၊ ဟိုလိုဒီလိုနဲ့ ခေါ်ထုတ်သွားကြလေသည်၊ ကောလိပ်သန်းကတော့ ပြုံးပြုံးကြီး၊ ကိုက်စရာလိုက်ရှာနေလေ၏၊

* * * *



(၉)

“ရှင်က မြတ်ကိုဆိုတာလား”

ဖျင်းဖျင်းရှိတာနှင့် ကန်တင်းမှာ တစ်ယောက်ထဲထိုင်နေခြင်းဖြစ်သည်။ ခုတော့ ငါးယောက်ဖြစ်ရန် အကြောင်းကဖန်လာလေပြီ။ သူ့စားပွဲနားကို ကောင်မလေး့လေးယောက်ရောက်လာပြီး တစ်ယောက်က မေးလေ၏။

“အစ်ပဲ . . .”

“ရှင့်ကို မေးစရာရှိလို့”

ပြောရင်းနှင့် ဝင်ထိုင်ကြသည်။ မေးချင်လည်းမေးပေါ့။ မြတ်ကိုက ဒါမျိုးတော့ သဘောကောင်းချင်သည်။ ခုနက ကောင်မလေးကပဲ-

“ကျွန်မက သဲစုမွန်ပါ”

သဲစုမွန်ဆိုတော့ ဘဲဥခွံပေါ့။ အဟိ . . . သိသားပဲ။ ပေါင်းမုန့်ကဆိုတာ။ လှတပတလေး။ ခကစင် တော့ လေဆာနှင့် ပစ်လိုက်ပြီလားသိ၊ ပျော်စရာကြီး။

“ဟုတ်ကဲ့ . . . ပြောပါ”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့အဆောင်က ငြိမ်းချမ်းဆိုတဲ့လူလေ၊ ကျောင်းသား မဟုတ်ဖူး"

"မနှစ်ကတော့ ကျောင်းသားပါ။ ကျောင်းပြီးသွားတာ"

သဲစုမွန်လည်း ဘာဆက်ပြောရမှန်းမသိသလို ဖြစ်သွားသေးသည်။ ဘေးကကောင်မလေးတွေကတော့ ငြိမ်နေ၏။ သဲစုမွန်ကတော့ ဒီအဖွဲ့မှာ ဆရာကြီးဖြစ်ဟန်တူသည်။ သူပဲဦးဆောင်နေတာကိုး။

"ထားပါတော့လေ၊ အဲဒီငြိမ်းချမ်းက ကျွန်မတို့ပေါင်းကူးက အစ်မတစ်ယောက်ကို လိုက်နေတာ"

"အဲဒါတော့ ကျွန်တော်နဲ့ မဆိုင်ဘူးထင်တယ်"

"အဲဒါတော့ ရှင်နဲ့မဆိုင်သေးပါဘူး၊ ဒါပေမယ့် အဲဒီငြိမ်းချမ်းက ခုနောက်ပိုင်းလိုက်တာ ရိုးရိုးမလိုက်ပဲ၊ အနားကပ်ကပ်ပြီး ဂါထာတွေပါ ရွတ်ရွတ်နေတယ်လေ၊ ဘာဂါထာမှန်းလဲ မသိတော့ ဟိုက အစ်မက ကြောက်တာပေါ့၊ အဲဒါ ရှင်ပေးတဲ့ဂါထာဆို"

"ဟုတ်တယ်၊ အဲဒါ ဘာဂါထာလဲ သိချင်တယ်"

ကျန်ကောင်မလေးတစ်ယောက်ကပါ ဝင်ပြော၏။ မောင်ငြိမ်းချမ်းရဲ့ သံသရာကတော့ မြတ်ကိုမှာပါ မနေရတော့။ ဒင်းမငြိမ်းချမ်း၍ လုပ်ပေးရသေး။ ခုတော့ . . .။

"ဟာ အဲဒါဆိုရင် ဘာမှမပူပါနဲ့၊ အဆင်ပြေသွားပါလိမ့်မယ်"

"ဘာပြေရမှာလဲ၊ မပြေဘူးရှင့်၊ ဟိုက ရှင့်ငြိမ်းချမ်းကို လုံးဝ မကြိုက်ဖူး၊ မနှစ်ကလည်း တစ်နှစ်လုံးလိုက်နေတာ"

ပြောရင်း သဲစုမွန်လည်း စိတ်တိုအံပါ ပါလာသည်။ သူ့ကို လိုက်တာလည်း မဟုတ်ပဲနဲ့။

"ဒါတော့ ခင်ဗျားတို့အစ်မက စာမေးပွဲကျနေတာကိုး"

"ဘာရှင့် . . ."

"ဟုတ်တယ်လေ၊ မဟုတ်ရင် ဘယ်လိုက်လို့ရမလဲ"





"အို ဘာဖြစ်ဖြစ်၊ ရှင်ပေးတဲ့ဂါထာဆိုတာ ဘာလဲ"

"အဆင်ပြေသွားပါလိမ့်မယ်"

"မပြေချင်ပါဘူးဆို၊ မပြေချင်လို့ လာမေးနေတာ"

ဂါထာကိုပဲ အသဲအသန်မေးနေကြ၏။ မြတ်ကိုလည်း စိတ်က ပေါက်လာတော့သည်။

"ဒီမှာ မသဲစုမွန်၊ ခင်ဗျားတို့ မပြေချင်တာတွေလည်း ပြေသွားလိမ့်မယ်၊ ကျွန်တော်ပေးလိုက်တာ အလုပ်ရအောင်ရွတ်တဲ့ ဂါထာဗျ၊ ဒီလူ့ကိုကြည့်ရတာ ပင်ပန်းလို့ မြန်မြန်အလုပ်ရရင်ပြီးရောဆိုပြီး ပေးလိုက်တာ"

"ဟင် . . . ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ၊ အလုပ်ရသွားတော့ ခင်ဗျားတို့အစ်မကို လိုက်တော့ဘူးပေါ့"

"ဩော် . . . ဒီလိုလား"

အနည်းငယ် ဘဝင်ကျသွားဟန်တူ၏။ အသံကတော့ ဖျော့သွားသည်။

"ဒီလိုပဲ၊ ခင်ဗျားတို့အစ်မအတွက် ဂါထာယူသွားဦးမလား"

"ဘာဂါထာလဲ"

"စာမေးပွဲအောင်တဲ့ ဂါထာလေ၊ ထပ်ကျနေရင် ထပ်အလိုက် ခံနေရမှာစိုးလို့"

"ကောင်းသားပဲ . . . ပေးလေ"

မယုံသလိုနဲ့ သဲစုမွန် မျက်ခုံးလေးမင့်ကာ ခပ်တည်တည်ပြောသည်။ မြတ်ကိုလည်း လွယ်အိတ်ထဲက သူ့ပင်ကိုယ်ရေးစွယ်စုံကျမ်းကို ထုတ်ကာ စာမျက်နှာကို လှန်ပြလိုက်ပြီး . . .

"ရော့ . . . ဒါပဲ ကူးသွားလေ"

"ဩော် . . အင်း . . အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကားနှင့်ကိုယ်မို့ သဲစုမွန်ကူးရတော့သည်။ ဘယ်ရမလဲ မြတ်ကိုပဲဟာကို။

**ပဏ္ဍာယော ပညာဝါစ**

**ပညာပဇ္ဇောတိ မဟာဝိယော**

**ပညာဝါ ဒီတိတဏှာ ပရိဘောစ ဝိယောစသိ**

သဲစုမွန်က ကိုယ့်အတွက်ပါ အသုံးဝင်မည်ဆိုပြီး ကူးထားခြင်း ဖြစ်သည်။ ဒါတောင် ကျောင်းပြီးသွားလျှင် လိုလိုမယ်မယ်ဆိုပြီး တွေးမိ သွားတာမို့ . . .

"ဒါနဲ့ အဲဒီအလုပ်ရဂါထာဆိုတာရော ရှိလား"

"အင်း . . . ရော့ ဒီဘက်မှာ . . ."

**သာပုဏ္ဏအပ္ပိ မာထာတေ**

**ကဏှာ ဟေတွာ ဗလ ဝိဇ္ဇာ**

**ရိတ ပုဗ္ဗ သုဝေနစ**

မြတ်ကို နှာခေါင်းထဲမှာလည်း သဲစုမွန်ရဲ့ ကိုယ်သင်းနံ့လေးက တသင်းသင်း။ ရင်တွေဖိုပြီး ရည်းစားတော်ချင်စိတ်ပင် ပေါက်သွား သည်။ ဂါထာနှစ်ပုဒ်လုံးကူးပြီးသွားမှ မပွင့်တပွင့်လေးပြုံးကာ စာအုပ် လှမ်းပေးရင်း . . .

"ကျေးဇူးပဲ၊ ရှင်က ဒါတွေလည်း ရတာပဲလား"

"ဘာစမ်းချင်သေးလို့လဲ"

"ရှင် . . ."

သဲစုမွန် မျက်လုံးပြူးသွားသည်။ သူမလည်း ဘာမှမစမ်းရပါ။ မြတ်ကိုက . . .

"ဪ . . . ဘာသိချင်သေးလို့လဲလို့ပြောတာ"

"ဒါနဲ့ ရှင်က ဗေဒင်တွေ ဘာတွေလည်း ရတယ်ဆို"

ဒါကတော့ သဲစုမွန်ဘေးမှ ကောင်မလေးက မေးလိုက်ခြင်း ဖြစ်သည်။ စမ်းလေပြီ။ သူလည်း ထုတ်ပြရတော့သည်။ ညာမှမညာ တတ်တာပဲလေ။

"နည်းနည်းပါးပါးတော့ ရပါတယ်"

ဗေဒင်ဆိုတာနှင့် ကောင်မလေးတွေအားလုံး မျက်လုံးများ ထတ်သွားကြသည်။ ပိုက်ဆံလည်း မပေးရ။ အလကားအဟော်ပေါ့လို့ သဘောထားကြလားမသိ။ ကောင်မလေးတစ်ယောက်က ရယ်ကျဲကျဲ လုပ်ပြီး . . .

"တွက်ပေးစမ်းပါ၊ အဟီး . . . ကျောင်းပြီးပြီးချင်း တစ်နှစ် အတွင်းမှာ ကျွန်မတို့အထဲက ဘယ်နှစ်ယောက် အိမ်ထောင်ကျမှာလဲ"

"ဟဲ့ . . . ငါ မပါဘူးနော်"

မျက်နှာလေးရဲကာ သဲစုမွန်က လှမ်းပြော၏။ ကျန်ကောင် မလေးတွေကတော့ သိပ်ရှက်ဟန်မတူ။ သူတို့က အဖွဲ့လိုက်ကြီးကိုး။ ခပ်ပြုံးပြုံးလုပ်ရင်း ကောင်မလေးတစ်ယောက်က . . .

"ရတယ်လေ၊ နင်မပါလည်း ငါတို့သုံးယောက်ပေါ့"

"ဟုတ်တယ်၊ ကဲ . . . လုပ်စမ်းပါအုံး"

မေးတဲ့မေးခွန်းနှင့် မေးပုံတွေက အလကားရ၍ ပညာပဲစမ်း သလိုလို။ မြတ်ကိုက ခပ်တည်တည်ကြည့်ပြီး . . .

"လွယ်လွယ်လေးပါ၊ ရည်းစားရှိတဲ့သူ အရင်ရမှာပေါ့"

"တစ်ယောက်မှ ရည်းစားမရှိတာ"

ကောင်မလေးတစ်ယောက်က ဝင်ပြောသည်။ သနားစရာ လေးတွေပါလား။ ဒီအရွယ်ကြီးရောက်မှ အမြီးက မပေါက်သေးဘူး။ ပြောသာပြောရတယ် ကိုယ့်မှာလည်း အမြီးက ငုတ်တိုလေး။ ဒါတောင် သဲစုမွန်လို လှတပတလေးက အနားမှာရှိလို့ စိတ်ကူးယဉ်ကြည့်တာ။ ကောင်မလေးတွေ မျက်နှာပေးက မထီတထီ။ ဘယ်လိုလဲဆိုတဲ့သဘော။ အေးဆေးပါ။

www.burmeseclassic.com



"ဒါဆိုလည်း မတွက်တော့ဘူးဗျာ၊ အကြားအမြင်နဲ့ပဲ ကြည့်ပေးမယ်"

"အံ့မယ် . . . အလာကြီးပါလား"

"ဒါဆိုလည်း လုပ်လေ"

ကောင်မလေးတွေ အူမြူးလာပုံရသည်။ မြတ်ကိုက မျက်စိ ခဏမှိတ်ပြီး ပြန်ဖွင့်ကာ လက်ညှိုးတစ်ချောင်းထောင်ပြလိုက်သည်။ အသံတွေက ထွက်လာ၏။

"ဘာကြီးလဲ . . ."

"ဒါပဲလေ၊ အဲဒါပဲမြင်တယ်"

"အဲဒါက ဘာလဲ၊ တစ်ယောက်ပဲကျမှာလား"

"မသိဘူးလေ၊ မြင်တာပဲ ပြောတာ"

သူ့အပြောကြောင့် သဲစုမွန်က မျက်ခုံးအနည်းငယ်တွန့်ပြီး

"ဒါဆို နှစ်ယောက်ကျရင် မှားပြီပေါ့"

"မမှားဘူး၊ တစ်ယောက်ကျန်မယ်လို့ပြောတာ"

"ဟင် . . . တစ်ယောက်မှ မကျရင်ရော"

"အဖြေက ပါသွားပြီလေ"

ကောင်မလေးတွေ စူပုတ်ပုတ်ပြန်ဖြစ်လာသည်။ မကျေနပ်သေးတဲ့ သဲစုမွန်က . . .

"ကဲ . . . ဒါဆို သုံးယောက်စလုံးကျရင်ရော"

"အဲဒါကတော့ တစ်ယောက်ပြီးမှတစ်ယောက် ကျမှာလို့ပြောတာ၊ သုံးယောက်စလုံးတော့ တပြိုင်ထဲ ယှဉ်ကြမယ်မထင်ပါဘူး"

မေးစရာမရှိတော့ချေ။ မကျေမချမ်းသော သက်ပြင်းတွေ ဆောင့်ချသံကြားရသည်။

"ရှင့်အကြားအမြင်က လူလည်အကြားအမြင်ပဲ၊ တော်ပြီ . . . သွားမယ်"





"ဩော် . . . မသဲစုမွန်"

"ဘာလဲ . . ."

မြတ်ကိုခေါ်သံကြောင့် သဲစုမွန်က လှမ်းကြည့်၏။ မြတ်ကိုမှာ လက်ညှိုးလေးထောင်ပြလိုက်သည်။ သဲစုမွန်ကတော့ ပြန်ထောင် မပြ။ နှုတ်ခမ်းထောင့်လေးကွေးသွားပြီး မျက်စောင်းလေးစူးစူး လှမ်းထိုးသည်။ တစ်ခါတည်းပါ သဲစုမွန်ရယ် . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

နောက်တော့လည်း သဲစုမွန်နှင့် မတွေ့ချေ။ တွေ့စရာ
အကြောင်းမှ မရှိတာကိုး။ လမ်းမှာ မတော်တဆတွေ့ရင်တော့ မြတ်
မှန်မှန်ပြုံးပြလေ့ရှိသည်။ ပြုံးပြဖန်များတော့လည်း သဲစုမွန် မှန်မှန်ရှော
သွားလေ့ရှိသည်။ တွေ့လျှင်တောင် မတွေ့သလိုမျိုး။ ရှိစေတော့လေ
ငြိမ်းချမ်းနှင့် ဟိုအမျိုးသမီးတော့ ဂါထာတွေ အပြိုင်ရွတ်
သည်ဟု ကြားသိရသည်။

ကျောင်းကပြန်လာ၊ ရေချိုး၊ ထမင်းစားပြီးတော့ မြတ်
ယောင်လည်လည်ဖြစ်နေသည်။ ကျော်စွာမိုးနှင့် ထွန်းနော်ဝင်းတို့တော
အတွဲကိုယ်စီနှင့် ရထားလမ်းရောက်နေပြီလားမသိ။

ညနေဆည်းဆာရီမှာ ပုဇွန်ဆီရောင်တိမ်ကွဲတွေ ဝဲဝေ့နေ
လား။ ညှင်းသွဲ့သွဲ့လေညှင်းတွေက ချစ်သူတွေကြားကို တိုးဝှေ့၍ရမ
မထင်ပေ။ သမကောလိပ်လမ်းတစ်လျှောက် လက်တွေ လင်းလင်း
တွဲပြီး၊ မဆုံးနိုင်တဲ့စကားတွေ၊ မပြီးနိုင်တဲ့ အိပ်မက်တွေ ထုဆစ်နေ
လိမ့်မည်။





ဘာလုပ်ရမှန်းမသိ။ တစ်ယောက်ထဲ လမ်းလျှောက်နေမိသည်။
နေရတာ ဘယ်လိုမှအရသာမရှိ။ အရေ့ထဲ ကိုတင်မောင်ဆွေအဆောင်
က အညာသားတွေကလည်း မင်းသားရှုံးလောက်အောင်ဝတ်စားပြီး
လမ်းမှာ တောင်မလေးတွေကို ဟန်ရေးပြနေပြန်သည်။ ဘယ်သူတွေ
မြှောက်ပေးထားလဲတော့မသိ။ ဒီကောင်တွေအုပ်စု တစ်ရက်ကို အကျႌ
သုံးစုံလောက်လဲတာ တွေ့မိသည်။

ထားလိုက်တော့။ ကိုယ်နဲ့မှမဆိုင်တာ။ တွေးပြီးမှ မဆီမဆိုင်
ဒီကောင်တွေမိဘကို သနားနေမိသည်။ မိဘတွေမှာတော့ ရှာလိုက်ရ
တာ၊ အင်း တောသားမြို့တက် ဂျင်းဝမ်းဆက်ဆိုတာပဲ ဖြစ်လိမ့်မည်။

ဒီကောင်တွေကိုကြည့်ပြီး လမ်းလျှောက်မယ့်ကိစ္စကို ဖျက်လိုက်
သည်။ ဟန်ရေးမပြချင်တော့။ ဥညြသွားထိုင်ရင်ကောင်းမလား စဉ်းစား
သေး၏။ ဒါလည်း မထိုင်ချင်ပြန်။ စာသေးသည်။ အောင်အေးသန်း
လည်း ဘယ်ဆီရောက်နေပြီမသိ။ အရက်ဆိုင်ဖြစ်ဖို့တော့ များသည်။

ယင်ကောင်အဖွဲ့တော့ လမ်းကြားလေးမှ ရထားလမ်းဖက်ကို
ချဉ်းကပ်သွားကြသည်။ အတွဲချောင်းမလို့ ဖြစ်ဟန်တူသည်။ မြတ်ကို
မှာ ဒါမျိုးလည်း ဝါသနာမပါချေ။ ခုတလော အတွဲတစ်တွဲ တော်တော်
ခဲသည်ဟု မနေ့ကတော့ သခင်လှတိုးလာပြောသေးသည်။ ကဲပစေ
သေး၊ ကိုယ့်ဘဝ ကိုယ့်အကြောင်းပေါ့။ သူ့အိုးနဲ့သူ့ဆန် တန်ရင်ပြီး
တာပဲ။

နောက်ဆုံးတော့ စာအုပ်ဖတ်တာပဲကောင်းတယ်လို့ ဆုံးဖြတ်
လိုက်သည်။ ဒါကပဲ အကျိုးရှိအုံးမယ်လို့တွေးကာ cupid စာအုပ်ဆိုင်
သို့ ထွက်လာခဲ့သည်။

cupid စာအုပ်ဆိုင်က ဆရာဖေသား ဖွင့်ထားခြင်းဖြစ်သည်။
စာအုပ်အတော်အသင့်စုံ၏။ မလှမ်းမကမ်းမှာ နောက်တစ်ဆိုင်တော့
ရှိသည်။ ဒါပေမယ့်လည်း မြတ်ကို ဒီဆိုင်မှာပဲ ငှားလေ့ရှိသည်။ ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တဲ့ ကိုလတ်က စာဖတ်သူမို့ စကားပြောရတာ အဆင်ပြေလှသည်
တခါတလေ သူ့ကိုယ်ပိုင်စာအုပ်တွေပါ မြတ်ကို့ကို ပေးဖတ်တတ်သည်
ဆရာဖေနှင့်လည်း ခင်တာမို့ မြတ်ကိုဒီဆိုင်မှာပဲ အမြဲငှားလေ့ရှိသည်

"ကိုလတ် . . . ဘာစာအုပ်တွေ ထွက်သေးလဲဗျ"

"ဩော် . . မြတ်ကိုပါလား၊ ထွက်တာကတော့ ထွက်ပါတယ်
ကွာ၊ မင်းက စာနည်းနည်းရွေးလို့ပါ"

"ဟုတ်တယ် ကိုလတ်ရာ၊ စာဖတ်ရင် ကျွန်တော်က တစ်ခု
ကျန်မှကြိုက်တာ၊ အကုန်တော့ မဖတ်နိုင်ဘူးလေ"

စာအုပ်တွေ တစ်အုပ်ချင်းလှန်ရင်း မြတ်ကိုပြောတော့ ကိုလတ်
က ခေါင်းညိတ်ရင်း . . .

"အငှားဆိုင်ဆိုတော့လည်း အကုန်တင်ရတာပဲကွ၊ လူတွေက
ဖျော်ဖြေရေးတစ်ခုလိုပဲ သဘောထားပြီး ဖတ်ကြတာများတာကိုး၊ ရ
ပိုင်းဆိုင်ရာက နည်းသွားပြီလေ၊ ဘဝအမောတွေများလာတော့ ဟာ
လေးဖတ်၊ တချို့ကလည်း သရဲဝတ္ထုတွေ တော်တော်ကြိုက်ကြတာ
ငါတောင် စာအုပ်တွေစုံအောင် မဖတ်ဖြစ်ပါဘူးကွာ"

"ကျွန်တော်လည်း ကိုလတ်ဆိုင်မှာ ဖတ်စရာ သိပ်မကျန်တော့
ဘူးဗျ၊ ဘာသာပြန်တွေလည်း ကုန်သလောက်ဖြစ်နေပြီ"

ကိုလတ်က ကြော်ငြာတစ်ခုကို လက်ညှိုးထိုးပြရင်း ပြုံး
လုပ်ကာ . . .

"မြတ်ကို ဟိုမှာတွေ့လား၊ စာရေးဆရာကိုယ်တိုင် ဓါတ်စီးပြီ
ရေးတာဆိုပဲ၊ ဖတ်ကြည့်မလား"

"ကောင်းရင်တော့ ဖတ်တာပေါ့ဗျာ၊ ဓါတ်စီးပြီးရေးရေး ဓါ
ကျလို့ပဲရေးရေးပါ၊ ခွက်ကျပြီး မရေးရင်ပြီးတာပဲ၊ တချို့ကလည်း ပိုက်
ရရင်ပြီးရောဆိုပြီး ရေးနေလားမသိပါဘူး၊ နှစ်လကို သုံးအုပ်လော
ထွက်နေတာ၊ လိုက်မဖတ်နိုင်တော့ဘူး၊ ကြာတော့လည်း ပေါ့လာတ





ဂုဏ်ရှိရေးတဲ့ ဆရာတွေက ဟာသရေးဆိုတော့ ဘာကိုဘယ်လို
ရမှန်း မသိတော့ဘူး"

ညည်းညည်းညူညူပြောရင်း မြတ်ကို ဖတ်စရာစာအုပ် လိုက်
နေမိသည်။ ခဏနေတော့ ကြိုက်သောစာအုပ်လေးတစ်အုပ်တွေ့၍
လေးဆွဲကာ စာမြည်းနေလိုက်သည်။ ၁၉၇၀ လောက်က တက္ကသိုလ်
ကျောင်းသားများထုတ်သည့် ဆီမီးရောင်စာတန်းများဆိုတဲ့ စာအုပ်ဖြစ်
သည်။ စဖွင့်လိုက်သည်နှင့် စာအုပ်က စိတ်ဝင်စားစရာ။ အရေးအသား
တွေက ပြေပြစ်လှသည်။ ဘယ်လောက်မျောနေသည်မသိ။

"အကိုကြီး ဒီစာအုပ်ရဲ့ နောက်ဆုံးစာမျက်နှာက ဆုတ်ဖြဲထား
ခံထားရတယ်နော်"

ဘာလဲဟ။ အသံလေးက ချိုအေးသလောက် နားထဲကို အဆီ
ငေါ်မတည့်စွာ ဝင်လာသည်။ ကြည့်လိုက်တော့ အတော်အံ့ဩသင့်
သည်။ မနှစ်က ကိုသိန်းဝင်းဆီကို ခွေးလာမွေးစပ်တဲ့ ကောင်မလေး။
တိုတော့ မှတ်မိဟန်မတူ။ ကောင်မလေးအပြောကြောင့် ကိုလတ်
ကြောင်စီစီနှင့် စာအုပ်ကိုလှမ်းကြည့်သည်။ စာအုပ်က အဆိုတော်
ယောက်ရေးထားတဲ့ ဝတ္ထုစာအုပ်။ စိုင်းစိုင်းခမ်းလှိုင်ရဲ့ စက္ကူငှက်
တဲ့ စာအုပ်ဖြစ်သည်။ စက္ကူငှက်ကတော့ သွားရှာပြီပေါ့။ မြတ်ကို
ရယ်ချင်ပက်ကျိဖြစ်သွားပြီး မနေတတ်တဲ့ပါးစပ်က လွှတ်ကန်
တ်သွား၏။

"ဟုတ်တယ် ညီမလေးရဲ့၊ အဲဒီစာအုပ်က မည်သို့မည်ပုံဖြစ်
သည် မသိပါဘူးဗျာ၊ နောက်ဆုံးငှားတဲ့ တစ်ဦးတစ်ယောက်ကို လိုက်လံ
မြန်းကြည့်ရတော့မှာပဲ"

သူ့အပြောကြောင့် ကောင်မလေးရဲ့မျက်စောင်းက တဆ
ရောက်လာပြီး . . .

"ရှင့်ကိုပြောတာ မဟုတ်ပါဘူး ဟွန်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သည်ပဲလေ၊ ငါက ဖြစ်ရိုးဖြစ်စဉ်ကို ပြောပြခြင်းပဲ ဖြစ်
ပါတယ်"

"ရှပ်ကိုက . . ."

ကောင်မလေး စိတ်ဆိုးသွားပုံရသည်။ ကိုယ်ကလည်း မျက်နှာ
စပ်ဖြုဖြုဖြစ်နေသည်ကိုး။ ဘယ့်နှယ် စကားပြေနှင့်စကားပြော မှားပြော
ရတယ်လို့။ ကောင်မလေးကတော့ မျက်နှာလေးတင်းကာ ခပ်တည်
တည်ပင်။ အချစ်ဝတ္ထုတစ်အုပ်ရွေးလိုက်ပြီး ခုံပေါ် ခပ်ဆောင့်ဆောင့်
ပစ်ချကာ . . .

"ဒီစာအုပ်ငှားမယ် . . ."

တော်သေးတာပေါ့။ ငှားရမ်းခြင်းပြုမယ်လို့ မပြောတာ
ကံကောင်း။ ကောင်မလေးဆိုင်ထဲက ထွက်မယ်အလုပ် မြတ်ကိုက . .

"ဟိတ် ကောင်မလေး၊ ပုတုမ ဘယ်နှစ်ကောင်မွေးထားလဲ"

ခြေလှမ်းရပ်ကာ ကောင်မလေး ဇဝေဇဝါနဲ့ ပြန်လှည့်ကြည့်
သည်။ ပုတုမဆို၍ အသဲအသန် စဉ်းစားနေပုံပေါ်၏။ ပြီးမှ မျက်နှာ
လေးမဲ့လိုက်ကာ . . .

"ဩော် . . . ရှင်ကိုး . . ."

မြတ်ကိုလည်း အေး ငါပဲလို့ မပြောဖြစ်တော့။ ကောင်မလေး
က ထွက်သွားလေပြီ။ စိတ်ထဲမှာတော့ နာမည်လေးသိရင် မဆိုးဘူး
တွေးမိတာမို့ . . .

"ကိုလတ် . . ."

"ဟေ . . . ဘာလဲ"

"အဲဒီ ကောင်မလေးနာမည် ဘာတဲ့လဲ . . ."

ကိုလတ်က အူကြောင်ကြောင်နှင့် စာအုပ်ကို ပြန်လှန်ကြည့်
(ခုနက သူပဲမှတ်ပြီးတော့)

"မသိဘူးကွ၊ ဒီမှာတော့ ရတနာမိုးဆောင်လို့ပဲ ပေးထားတာ





ပွဲကပြတ်သွားသည်။ အစပင်ရှာမရတော့။ မြတ်ကိုစိတ်ထဲမှာ
တော့ ဒီကောင်မလေးကို မြန်မာစာမြန်မာစကားလို့ တိုတိုပဲ နာမည်
ပေးထားလိုက်သည်။

"မင်း . . . ဟိုဘက်ဆိုင်မှာ မငှားဘူးလား၊ မခိုင်ဆီမှာလည်း
စာအုပ်ကောင်းကောင်းတွေ ရှိတယ်ကွ"

"ဟို . . . အမေ့သမီးခိုင် ဆိုတာလား"

"အေးလေ၊ မခိုင်ဆိုင်လေ၊ သူက ငါ့ထက်တောင် ဆိုင်ဖွင့်တာ
စောသေးတယ်"

အခုရေထဲ ကိုလတ်က အပြိုင်ဆိုင်ကို နှိုးမွမ်းနေသေးသည်။
မြတ်ကိုစဉ်းစားမိတာက ဆိုင်နာမည်ကိုဖြစ်သည်။ နိုင်စာပေဆိုရင်
ပြီးတာကို။ ဘာမှန်းမသိဘူး။

"ကိုလတ် ခင်ဗျားလည်း ဆိုင်နာမည်ပြောင်းလိုက်ပါလား"

"ဟေ . . ဘာဖြစ်လို့လဲ၊ cupid ဆိုတာ မကောင်းဘူးလား"

ကိုလတ်က ဇဝေဇဝါနှင့် ပြန်မေးသည်။ မြတ်ကိုလည်း ကိုယ့်
အတွေးကိုယ် ရယ်ချင်သွားပြီး . . .

"အဟီး . . . ဟိုက အမေ့သမီးခိုင်ဆိုတော့ ကိုလတ်လည်း
အဖေ့သား လတ်ကြီးဆိုပြီးတော့လေ အပြိုင်အဆိုင်ပေါ့"

"လတ်ကြီးဟုတ်လား။ ဟာ မကောင်းပါဘူးကွာ၊ ဘယ်လိုကြီး
ထဲမသိပါဘူး"

ဟုတ်တော့လည်း ဟုတ်သည်။ မျိုးကြီးတို့၊ တိုးကြီးတို့ဆို
တော်ဦးမည်။ လတ်ကြီးကတော့ အဆင်အပြင် သိပ်မကောင်းလှ။
ခါတောင် ချက်ကြီးဟု စဉ်းစားသေး၏။ တော်ကြာ နှိုးကျက်တာလား
ဆိုလျှင်သွားပြီ။ မစဉ်းစားတာပဲကောင်းတယ်။ စဉ်းစားရင်လည်း ဘာတွေ
ထွက်လာမှန်းကိုမသိ။ ခက်လှသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ပြန်ရောက်တော့ မြတ်ကိုပင် လန့်သွားရ၏။ မလန့်ခံနိုင်ရိုးလား။ အောင်အေးသန်းဦးဆောင်ပြီး အခန်းထဲမှာ ကြိတ်ဝိုင်းလုပ်နေကြခြင်းဖြစ်သည်။ ပုလင်းကြီး၊ ပုလင်းငယ်ထောင်လို့။ ကျော်စွာမိုး၊ ထွန်းနောင်ဝင်း၊ ယင်ကောင်အမှတ်နှစ်၊ သုံး၊ ထိန်လင်းရှိန်နှင့် ဝက်ကြီးတို့ လူစုံတက်စုံကို ဖြစ်နေသည်။ ပွဲက ဆူနေလေပြီ။ အောင်အေးသန်းက သူ့ကိုကြည့်ပြီး . . .

"လာကွာ . . . မြတ်ကို၊ မင်းကိုစောင့်နေတာ"

စောင့်နေတယ်သာပြောသည်။ ပုလင်းက တဝက်ပင်ကျိုးနေပြီမို့ မထူးတော့ပြီဆိုပြီး . . .

"ဟာဗျာ . . . ကိုအောင်အေးကလည်း . . ."

"ဘာလဲ . . . မသောက်ဖူးလား"

"မဟုတ်ပါဘူး၊ ကျွန်တော်ပါ တစ်လုံးထပ်ထောင်ပေးမလို့ပါ"

"ဟား ဟား ကောင်းတယ် ကောင်းတယ်၊ ပျော်စရာကြီး"

အားရပါးရရယ်နေတဲ့ အောင်အေးသန်းကို ယင်ကောင်အမှတ်





သုံးက မျက်နှာကြီးမဲ့ရွဲ့ကာကြည့်ပြီး အောက်သိုးသိုးလေသံနှင့် ခေါ်တင်တဲ ပြော၏။

"ကိုအောင်အေး . . ကျွန်တော်အသဲကွဲနေတာနော်၊ ခင်ဗျား ထပျော်နေ . . ."

အောင်အေးသန်းက ရယ်နေရာမှရပ်သွားပြီး ရုပ်ကို အမြန် တည်လိုက်ကာ . . .

"ဟာ ဆောရီး၊ မင်းကို ငါမေ့သွားတယ်၊ အေးကွာ၊ ငါရေး နေပေးနေတဲ့စာနဲ့တောင် အဆင်မပြေဘူးဆိုတော့ ခက်တာပဲ"

"ဘာတွေတုန်းဗျ၊ လုပ်စမ်းပါအုံး"

ယင်ကောင်အမှတ်နှစ်က ရှေ့ကခွက်ကိုမော့ကာ ပဲကြီးလှော်တောက်ဝါးပြီး . . .

"ဒီကောင် ချမ်းမြေ့ကွာ၊ စန္ဒာလင်းကို လိုက်တာလည်း ကြာနေပြီ၊ ခုထိ ဘာမှန်းမသိသေးဘူး၊ ငါသာဆို မလိုက်တော့ဘူး"

"ဟေ့ကောင် စံရွှေမြင့်၊ မင်းအချစ်ဆိုတာ ဘာမှန်းသိရဲ့လား၊ သိရင်မပြောနဲ့ကွာ၊ ဟုတ်တယ် မဟုတ်လား ထွန်းနောင်ဝင်းရ"

"အေး . . . ဟုတ်တယ်"

အရက်အလကားသောက်နေရ၍ ထွန်းနောင်ဝင်းက အသားထွတ်ဝင်ထောက်ခံသည်။ ကျော်စွာမိုးကလည်း . . .

"ချမ်းမြေ့ ဒီညအဆောင်ရှေ့မှာ ဂစ်တာသွားတီးကွာ၊ ဘာဖြစ်လဲ . . ."

"အေး . . . ကောင်းတယ် . . . ကောင်းတယ်"

ထိန်လင်းရှိန်က အားတက်သရော၊ ဒါမျိုးဆို သိပ်ဝါသနာပါသည်။ မြတ်ကိုက တချက်စဉ်းစားလိုက်ပြီး . . .

"ခဏနေပါအုံးကွာ၊ ချမ်းမြေ့ရဲ့ စန္ဒာလင်းက ဘာကြိုက်တတ်လဲ"

ချမ်းမြေ့ အတော်စဉ်းစားပြီးမှ လျှာလေးအာလေးကြီးနှင့်-

www.burmeseclassic.com



"ငှက်ပျောသီးကွ၊ ငှက်ပျောသီး၊ ခဏ ခဏစားတယ်"

"ဟာကွာ၊ ဘယ်က ငှက်ပျောသီးက ပါလာတာလဲ၊ ဘာကြိုက် တတ်လဲဆိုတာ သူ့ဝါသနာကိုပြောတာကွ၊ မင်းငှက်ပျောသီးသွားကျွေးရင် ပါးရိုက်ခံရမှာပေါ့"

"မသိဘူးလေကွာ၊ မင်းကလည်း စန္ဒာလင်းက တဗျာတွေ ဘာတွေတော့ ဝါသနာပါတယ်ကွ၊ ကဗျာစာအုပ်လက်ဆောင်ပေးတုန်း ကပဲ မျက်နှာက ကြည်ဖြူဖူးတာ . . ."

ပြောရင်း ပြန်တွေးမိဟန်တူသည်။ ချမ်းမြေ့မျက်နှာကြီး ဝင်း တက်လာ၏။ ပြီးမှ ပြာမှိုင်းမှိုင်းဖြစ်သွားပြီး . . .

"အဲဒီတစ်ခါထဲပါကွာ ကြည်ဖူးတာ၊ ခုတော့ကွာ ငါ့ကိုအညာ သား၊ အောက်သားတဲ့ကွာ၊ အောက်သားမှာလည်း အချစ်ရှိတာပဲကွ ခံစားရတယ်ကွာ၊ အရမ်းပဲ . . ."

မထင်ရင် မထင်သလို ငိုချလိုက်မယ့်ပုံပေါ်နေ၏။ မြတ်ကို လည်း ပြိတ္တာတို့မျက်ရည် မြေမကျကောင်းဘူးဟု တွေးမိတာနှင့် . .

"ငိုတော့ မငိုပါနဲ့ကွာ၊ မင်းရင်းရဲမလား၊ ငါကဗျာတစ်ပုဒ် ရေး ပေးမယ်၊ ပေးမလား . . ."

"ပေးမယ်ကွာ၊ ရင်းရဲတယ်၊ ရှင်ရင် ရွှေထီးပေါ့"

ယမကာတန်ခိုးနှင့် ချမ်းမြေ့ နွားသိုးလိုဖြစ်လာလေပြီ။ ဒီထက် မူးလျှင်တော့ ကြိုးပြတ်တော့မလားမသိ။ ထိန်းထိန်းသိမ်းသိမ်းလေး တော့ လုပ်မှရမည်ဟု မြတ်ကိုတွက်မိသည်။ အောင်အေးသန်းက . .

"ဂစ်တာတီးမယ်ဆိုရင်လည်း သွားတာပေါ့၊ ဒါပေမယ့် ထို နှစ်ကောင်ကိုခေါ်သွားရင် ပိုကောင်းလိမ့်မယ်"

"ဘယ်နှစ်ကောင်လဲ . . ."

"ကြည်မင်းလတ်နဲ့ အောင်ကိုမျိုးလေ၊ ဒီကောင်တွေက ပိုကျွမ်း တယ်ကွ"





အောင်အေးသန်းစကားကြောင့် ထွန်းနောင်ဝင်းက ချမ်းမြေ့က လင်းကိုကြည့်ရင်း နှမျောသောပုံစံနှင့် အသံက လေးသွားသည်။

"အင်း . . . လူများရင်တော့ လောက်ပါ့မလားမသိဘူး"

"မင်းတလည်းကွာ၊ လိုရင် ငါထပ်ဝယ်ပါ့မယ်၊ ဒါ့ငါ့ကိုစွပဲ လေကွာ၊ ငါ့မှာ ပိုက်ဆံရှိပါသေးတယ်ကွ"

ချမ်းမြေ့ခေါ် ယင်ကောင်အမှတ်သုံးက ပိုက်ဆံဆိုလျှင် ချွေ တာတတ်သူ။ ခုတော့ ကိလေသာမီးတွေလောင်ကျွမ်းပြီး တဏှာစိတ် တွေ ငယ်ထိပ်တက်ကပ်ကာ၊ ရာဂ၏သားကောင်ဖြစ်သွားလေပြီ။ ထိုင် ရာမှ ဒယီးဒယိုင်နှင့်ထကာ ပိုက်ဆံသွားယူလေ၏။

ဒီလိုပါပဲ။ တခါတရံမှာလည်း အချစ်ဟာ ဆင်ခြင်တုံတရား တွေကို လျော့သွားစေတာပဲလေ။

နောက်တော့ သူတို့တဖွဲ့လုံး သူရဲကောင်းများလို အမှောင် ထဲသို့ ရှုပ်ရှုပ်ချွံချွံနှင့် ဦးတည်ရာဆီ သွားနေကြတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ညသည် ဖွရာကျဲနေသည်။ အမှောင်ထုက လ၏အရိပ်အောက်တွင် သိပ်သည်းခြင်းသိပ်မရှိလှ။ တိတ်ဆိတ်သည့် လမ်းမထက်က ခြေသံတွေဟာ ည၏ကနဦးဂီတအလား၊ တစ်ချက်တစ်ချက် လွင့်ပါးလာသော လေထဲမှာ ညမွှေးပန်းရနံ့ကို ရှူရှိုက်မိသည်၊ ကြုံကြိုက်နေသည့်ညသည် အကောင်းဆုံးအချိန်ကာလတစ်ခုမို့ အားလုံးရင်ခုန်နေကြ၏။ ပန်းတွေက မွှေးတရီရီ၊ အသက်ရှူသံတွေက အစီစီအရီရီ၊ ဒါကျောင်းသားတစ်စုရဲ့ညလား၊ လှလွန်းသည်။

"ဟေ့ကောင်တွေ၊ အလိမ္မာဆောင်မသွားခင် ဒီဖက်မှာ အရင်တီးရင် ကောင်းမလားလို့၊ ပွဲမဝင်ခင်ပေါ့ကွာ"

"အေး . . ကောင်းသားပဲ၊ ရတနာမိုးဖက် အရင်သွားမယ်လေ"

ကျော်စွာမိုး၏စကားကို ထွန်းနောင်ဝင်းက ဝင်ထောက်ခံလိုက်သည်။ သူတို့ရည်းစားတွေက ရတနာမိုးမှာရှိတာကိုး၊ မြတ်ကိုခပ်မဲ့မဲ့ပြုံးမိသည်။ အားလုံးက သဘောပေါက်ကြတာမို့ ဘာမှမပြောပဲလျှောက်လာခဲ့ကြသည်။ ချမ်းမြေ့ကတော့ သိပ်မျက်နှာမကောင်းချင်၊





ဒါပေမယ့် ကိုယ်အဆင်မပြေတိုင်း ကန့်ကွက်ရအောင်လည်း မဖြစ်သေးဟုတွေးကာ ငြိမ်နေလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျား၊ ခုအချိန်ကစပြီး ကျွန်တော်တို့အဖွဲ့ကြီးဟာ ဖျော်ဖြေရေးအစီအစဉ်တွေ စတင်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရေသန့်ဗူးများပေးခြင်း၊ ကော်ဖီများတိုက်ခြင်း၊ အချဉ်ထုပ်မှစ၍ မည်သည့်စားစရာပစ္စည်းကိုမှ ကိုယ်တိုင်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ ပေးကမ်းခြင်းမပြုပါရန် ကြိုတင်သတိပေးအပ်ပါတယ် . . . ခင်ဗျား"

ကိုယ့်ဟာကိုယ်ပြောရင်း လက်ခုပ်တီးကြပြန်သည်။ တောင်းလည်း ပေးမှမပေးတာ။ မရသည့်အတူတူ မာနကြီးထားတာကမှ ကောင်းဦးမည်။ ထိုစဉ်အဆောင်မှ တံခါးလေးနှစ်ချပ်ပွင့်လာပြီး မီးရောင်သဲ့သဲ့ လှမ်းမြင်ရသည်။ ဘာပဲပြောပြော အားလုံးအားတက်လာကြ၏။ ပရိသတ်ကတော့ ရှိပြီလေ။

"အိုး မင်းမျက်နှာလေးပဲ၊ ကိုယ်နေ့တိုင်းပဲ . . . ငေးကြည့်ရင်းနဲ့"

သီချင်းတစ်ပုဒ်ဆုံးသွားတော့ ပြတင်းပေါက်မှ လက်ကလေးနှစ်ဖက်ထွက်လာပြီး လက်ခုပ်တီးသည့် သဏ္ဌာန်လေးလုပ်ပြသည်။ လူအရိပ်ကိုတော့ မမြင်ရ။ နောက်တစ်ပုဒ် . . .။

"အမြင်အာရုံတွေမှာ ကပ်ညှိနေဆဲပါ . . . ဒီလိုအချိန်တွေရယ် အတိတ်သစ်ပြန်နိုးစ . . ."

အဆင်ကတော့ ပြေလှသည်။ ဘယ်သူတွေမှန်းမသိပေမယ့် အားတက်သရောကို ဆိုနေကြ၏။ ချမ်းမြေ့မှာ မျက်နှာမကောင်းတော့။ တော်ကြာ သူ့ကောင်မလေးအဆောင်ဖက် ရောက်ပါ့မလား စိတ်ပူနေတန်တူသည်။ ခဏနေတော့ အသံတီးတိုးနှင့် . . .

"ဟေ့ကောင်တွေ သွားရအောင်၊ ဟိုမှာ တစ်ဖွဲ့ တီးမလို့စောင့်နေကြတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ကြည်မင်းလတ်၏ ဂစ်တာသံရပ်သွား၏။ ကြည့်လိုက်တော့ ကျောင်းသားတွေလား၊ ရပ်ကွက်ထဲက လူငယ်တွေလားတော့ သိပ်မသဲကွဲလှ၊ တစ်ချက်တစ်ချက် ဂစ်တာသံပေးနေသည်။ အင်းလေ . . . သူတို့လည်း တီးချင်ကြမှာပေါ့ဆိုပြီး . . .

"ကဲကဲ . . သွားကြမယ်၊ ကျွန်တော်တို့အဖွဲ့ကို ဒီလောက်နဲ့ပဲ နှုတ်သိမ့်ကြပါလို့"

ဒါတောင် ထွန်းနောင်ဝင်းက သိပ်မကျေနပ်ချင်။ နှုတ်ဆက်သီချင်းတွေ ဘာတွေ ဆိုချင်နေသေးသည်။ ဘယ်လိုမှ ပြောလို့မရသည့်အဆုံး ပြန်ခါနီးမှ သီချင်းတစ်ပိုဒ်အော်လိုက်သေး၏။

"အိပ်ပါတော့ကွယ် . . . ကြောင်ကြီးကိုက်လိမ့်မယ်"

ထွန်းနောင်ဝင်းတို့ ဥစ္စာခြောက်ပုံက နောက်တီးမယ့်သူတွေပါ တွန့်သွားလောက်သည်။ အလိမ္မာဆောင်ကို မရောက်နိုင်သေး။ ယုဇနဆောင်အရောက်မှာ ထိန်လင်းရှိန်က တစ်ပုဒ်တီးပြန်၏။

"ခဏလေးပါကွာ၊ ဒီကောင်မလေးကို ငါကြည့်မရလို့ပါ။ မတူမတန်သလိုနဲ့"

သူ့ကို ပြန်မကြိုက်ထိုင်း ထိန်လင်းရှိန်တို့ ပြောနေကြဖြစ်သည်။ တီးသည့်သီချင်းတွေလည်းကြည့်ဦး . . .

"ဒါမင်းကို သတ်ချင်တယ် . . . ငါမင်းကို သတ်ချင်တယ်"

ပြီးတော့ စုန်းမ၊ ကဝေမို့၊ မချစ်တော့ဘူး၊ မေ့လိုက်တော့ နောက် ကမ္ဘာကျော်နဲ့တွဲလည်း တို့ဂရုမစိုက်ဖူးဆိုတာတွေ ပါသေး၏။ တစ်ယောက်ထဲ အားရပါးရဆိုပြီးမှ အော်သေးသည်။ သူ့ဆိုတာကို ဟိုက ကြွေနေတာကြွနေတာပဲ။

"သိပ်စိတ်ကူးမယဉ်နဲ့နော် . . . စိတ်ကူးမယဉ်နဲ့"

အထဲကကောင်မလေးတွေတော့ ဘယ်လောက်မေတ္တာပို့နေမလဲ မသိပေ။ ထိန်လင်းရှိန်၏ ပေါက်ကွဲသံစဉ်တွေပြီးမှပဲ ချမ်းမြေ့ဦးတည်ရာရောက်တော့သည်။ ဒီအဆောင်မှာတော့ ဘယ်သူမှ ဝင်မဆိုကြတော့။ ကြည်မင်းလတ် ဂစ်တာသံစလိုက်တာနှင့် ချမ်းမြေ့၏အသံအက်ကွဲကွဲကြီး ထွက်လာတော့သည်။ အသဲကွဲသီချင်းသစ်နှင့် စတင်လိုက်သော မူးနေသည့် အသံကြီး . . .။

"မင်းရက်စက်မှာကို ကြိုတင်မတားနိုင် . . ."

ချမ်းမြေ့အသံကြီးကြောင့် မြတ်ကိုပါ အသဲကွဲချင်သွားသည်။ တွဲမယ်ဆိုလည်း ကွဲလောက်သည်။ ငှက်ဆိုးထိုးသံအလား။ အားပေးလိုက်ကြတာ တံခါးပိတ်၊ မီးမှိတ်၊ တုတ်တုတ်မှကို မလှုပ်တော့။

"မြင်နိုင်ရင်လေ ကိုယ့်ရင်ထဲ၊ တားဆီးကြည့်မနေနဲ့ . . . ဝေါ့ . . . ဝေါ့ . . ."

"ဟာ . . . သွားပြီကွ . . . အန်ပြီ"

ဘယ်သူမှ မတားဆီးနိုင်တော့။ ချမ်းမြေ့အမူးလွန်ပြီး အန်လေပြီ။ သူ့ရင်ထဲမှာ ဘာတွေရှိလဲဆိုတာ အသံလောက်နှင့်မဟုတ်ပဲ ပုံနှင့်တကွ ရှင်းပြသွားသည်။ Performance လုပ်တာဟုပင် ပြော၍ရလောက်သည်။

မူးမူးရူးရူးနှင့် နောက်ဆုံးတစ်ပုဒ်ဆိုပြီးချိန်မှာတော့ အားလုံးပဲ ကြေကွဲကြရတော့သည်။

အန်ဖတ်တွေ အလူးလူးအပေပေနှင့် ချမ်းမြေ့ ခေါင်းပင်မထောင်နိုင်တော့။ ပါးစပ်က အရိအရွဲတွေကျပြီး ပုဆိုးကွင်းသိုင်းကာ လမ်းဘေးက ခါတ်တိုင်လေးကိုမှီလို့။ မီးပြတ်နေ၍သာ တော်သေး၏။ ဗလုံးဗထွေးအသံကြီးက မသတီချင်စရာ။

"ကြေ . . ကွဲ . . စ . . ရာ . . အေ့ . . အေ့ . . ချန် . . ထား . . ရစ် . . ခဲ့ပြီးမှ . . ."

ချမ်းမြေ့နှင့်ထပ်တူ မြတ်ကိုပါ ကြေကွဲရပါ၏။ နောက်မလိုက်ဝံ့တော့။







www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ကန်တင်းထဲ ငေ့ကြည့်လိုက်တော့ သဲစုမွန်ပင် ပါးစပ်လေး အဟောင်းသား ဖြစ်သွား၏။ မဖြစ်ခံနိုင်ရိုးလား။ စားပွဲတစ်ခုမှာ မြတ်ကိုနှင့် ဆရာနှစ်ယောက်က အခန့်သားစကားကောင်းနေကြသည်။ ထိုဆရာနှစ်ယောက်က သားအဖဖြစ်သည်။ ပို၍ထူးခြားသည်မှာ မသိလျှင် မြတ်ကိုအား ဆရာဟုထင်သွားနိုင်စရာ ဖြစ်နေ၏။ တိုက်ပုံအနက်ရောင်နှင့် ခေါင်းမှာလည်း ဆီကအရွှဲသား။ ဘာတွေထွင်ပြန်ပြီမသိ။ သဲစုမွန်က နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

မြတ်ကိုကတော့ ကျောပေးထား၍ သဲစုမွန်တို့ကို မြင်ဟန်မတူပေ။ ဘာရယ်မဟုတ်ပဲ မြတ်ကိုတို့စားပွဲနှင့် မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်သည်။ ထစ်ခနဲဆိုရင် စပ်စုတတ်သော ကေသွယ်က စကားစလာ၏။

"ဟဲ့ . . စုမွန်၊ ဟိုမှာ မြတ်ကိုမဟုတ်လား၊ ခစ် ခစ် တိုက်ပုံတွေ ဘာတွေနဲ့"

"ထွင်တာနေမှာပေ့ါဟာယ်၊ ဒီကောင်က ဒီအတိုင်းပဲ၊ သူ့လောက် အလုပ်များတာ မရှိဘူး"





သဲစုမွန်ပြောစကားကြောင့် ချောစုတပါ မျက်နှာမဲ့လိုက်ပြီး-

"ဟုတ်ပ့ါဟာယ်၊ မသိရင် ဆရာလို့တောင် ထင်သွားဦးမယ်"

မိန်းကလေးပီသစွာ အစဉ်အလာမပျက် စပ်စုရင်း အတင်းကို အရင်ပြောလိုက်ရသည်။ (ထိုအခါမှ နေရထိုင်ရတာ အဆင်ပြေ၏။ မိန်းမတွေများ . . . ။) မြတ်ကိုကတော့ ဣန္ဒြေတစ်ခွဲသားနှင့် စကားပြောတောင်မပျက်။

"ဆရာ . . ."

"ဟေ . . ."

"ဘာလဲကွ . . ."

နှစ်ယောက်စလုံး အသံထွက်လာ၍ မြတ်ကိုက ခေါင်းကို တစ်ချက်ကုတ်လိုက်ရင်း . . .

"ဆရာ့ကိုပြောတာ မဟုတ်ဖူး၊ ဆရာ့အဖေဆရာကို ပြောတာ"

"အေး . . . ပြောလေ"

"ဩော် . . . ဆရာ့သားကလည်း ဆရာဆိုတော့ ဆရာရယ်၊ ဆရာ့သားဆရာ စာသင်နေတုန်းအချိန်မှာ ဆရာက ဆရာ့သားကိုလှမ်းခေါ်ရင် ဆရာလို့ပဲခေါ်ရလား ဆရာ"

"အင်း . . အဲ . . ဆရာ့သားလည်း ဆရာပဲလေ၊ ကျောင်းမှာတော့ ဆရာတစ်ယောက်အနေနဲ့ ဆရာက ဆရာ့သားကို ဆရာလို့ . . . မသိတော့ဘူး မြတ်ကိုရာ၊ ငါလည်း အဲဒါမတွေးမိဘူး၊ ဒီလိုပဲ ပြောလိုက်တာပဲ၊ ဟူး . . ."

ဆရာနှစ်ယောက်စလုံး ဆရာကိစ္စနှင့် တိုင်ပတ်ကုန်ကြသည်။ ပြီးမှ ဆရာ့သား ဆရာက ဆရာ့ကိုကြည့်ပြီး ဇဝေဇဝါနှင့် . . .

"ဆရာ အဲ အဖေ၊ ဒါနဲ့ မိန်းထဲကို မြတ်ကိုသွားမှာလား"

"အေး . . . ဆရာတွေလည်း မအားတော့ မြတ်ကိုကိုပဲ လွှတ်ရတော့မှာပဲ"

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခုအရေးကြီး၍ မြတ်ကိုအား ဆရာဦးဝင်းဆွေက တာဝန်ပေးထားခြင်း ဖြစ်သည်။ မြတ်ကိုလည်း စောသေး၍ ကန်တင်းမှာထိုင်နေခြင်း ဖြစ်၏။

"ဒါနဲ့ ဆရာရယ်၊ ဟို Audit သင်တဲ့ ဆရာမဒေါ်မာတုကလျာလေ၊ အဲဒါ သူ့ယောက်ျားနာမည်က ဦးအောင်ဇေယျဆို"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"တိုက်တိုက်ဆိုင်ဆိုင် ဆရာရယ်၊ ခေတ်ချင်းမတူပေမယ့် အချင်းချင်းတော့ ထူကြပါလားလို့ပါ။ နတ်ရှင်နောင်မဟုတ်ရင်တောင် ဦးအောင်ဇေယျဆိုတော့လည်း မဆိုးဘူးပေါ့ . . . ဆရာရယ်"

"မင်းဟာလေ ပေါက်ပေါက်ရှာရှာပဲတွေးနေ၊ ကဲ ကျွန်တော် အတန်းရှိလို့ သွားလိုက်ဦးမယ် . . . ဖေဖေ"

ဆရာ့သားက ဆရာ့ကိုနှုတ်ဆက်ပြီး ထသွားလေ၏။ မြတ်ကို စကားပြန်စရန် ပြင်လိုက်ချိန်မှာပဲ . . .

"ဆရာ . . . သမီးသူငယ်ချင်းကို ကြည့်ပေးပါဦး"

ပြောရင်းနှင့် ရောက်လာသူက ခေတ်ဆန်ဆန်ဝတ်စားထားသော ကျောင်းသူနှစ်ယောက်။ ဆရာဆွေက ထိုကျောင်းသူတွေကိုကြည့်ပြီး ဘာမှန်းမသိတာမို့ . . .

"ဘာကို ကြည့်ပေးရမှာလဲ . . . သမီးရဲ့"

ဆရာ့အမေးကြောင့် ထိုကျောင်းသူက ခုံမှာဝင်ထိုင်ပြီး အမြော်ရခက်တဲ့မျက်နှာနှင့် မြတ်ကို့ကိုပါ တစ်ချက်ဝေ့ကြည့်လိုက်သေးသည် ပြီးမှ . . .

"သမီးကိစ္စတော့ မဟုတ်ပါဘူး ဆရာ၊ သမီးသူငယ်ချင်းနှစ်ယောက်လေ၊ ဟို TTM 125 နဲ့ TTM 163 လေ MS မှာ မဖြေနိုင်လို့ အဲဒါ ဆရာ့ဘာသာ . . ."

"အဲဒါတော့ ဘယ်တတ်နိုင်မှာလဲ သမီးရယ်၊ ဆရာတို့လည်း





မေးထားတာတွေထဲက မေးတာပဲ"

ထိုကျောင်းသူ မျက်နှာအနည်းငယ် ပျက်သွား၏။ သက်ပြင်းတစ်ခုကို အသာချရင်းမှ . . .

"သမီးတို့ မနေ့ညနေက ဆရာ့အိမ်ရောက်သေးတယ်၊ ဆရာလည်း မရှိဘူး၊ ဒီနေ့ညနေ ဆရာရှိမလား . . . ဟင်"

ရဲတင်းလွန်းတဲ့ ကျောင်းသူကြောင့် ဆရာလည်း စိတ်ရှုပ်လာပုံရသည်။ ဆရာက အိမ်လာပြီး လာကန်တော့မှာကို မလိုလားဟန်နှင့် . . .

"မရှိဘူး သမီးရဲ့၊ ပြီးတော့ ဆရာ့အနေနဲ့ ဘာမှလုပ်မပေးနိုင်လို့ပါ၊ နောက်စာမေးပွဲ ရှိသေးတာပဲလေ၊ စာမှန်မှန်ကျက်ပေါ့၊ ဟုတ်ပြီလား . . ."

"ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး၊ ဒါဆို ရှုံးမှာပေါ့နော် ဆရာ"

"လုံးဝမဖြေနိုင်ဘူးလား"

"ဟုတ်ကဲ့၊ မဖြေနိုင်လို့ပေါ့ ဆရာရယ်"

စာမကျက်ပဲ စာမေးပွဲရှုံးမှာကြောက်နေသည့် ကျောင်းသူကလည်း ရှိသေးသည်။ မြတ်ကိုလည်း ဝသီအတိုင်း မနေနိုင်တော့။

"ခင်ဗျားတို့ကြည့်ရတာ မင်္ဂလာဆောင်ပြီးစ သတို့သမီးလို ဖြစ်နေပြီ"

"အိုး . . . ဘာဆိုင်လို့လဲ၊ စာမေးပွဲနဲ့"

ထိုကျောင်းသူက ခပ်စွာစွာ။ မြတ်ကိုက ပြုံးစစနှင့်ကြည့်ရင်း-

"အဟဲ ပုံပြင်လေးပါ၊ မင်္ဂလာဆောင်ပြီးစ သတို့သမီးက ဆရာ့ဟောဆရာဆီကို အရေးတကြီးရောက်လာတယ်လေ၊ သူ့ကိုယ်ဝန်ဟာ မင်္ဂလာဦးညပါတဲ့၊ အဲဒါ ဗိုက်ညမှာ သူဘယ်လိုနေရမလဲလို့ လာမေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို ဆရာကြီးကပြောတယ်၊ ဘယ်လိုနေနေ သမီးယ
ဒီညမှာ အပျိုစင်ဘ၀ကို ဆုံးရှုံးမှာပဲတဲ့၊ ဟုတ်ပြီလား"

ဘာမဆိုင်ညာမဆိုင် တရားဝင်ဟောတဲ့ မြတ်ကို့ကို
ကျောင်းသူက အမြင်မကြည်လင်ဟန်နှင့် စောင်းကြည့်ပြီး ခပ်စွာ
ပြန်ပြောတော့သည်။

"အဲဒါနဲ့ ကျွန်မတို့နဲ့ ဘာဆိုင်လဲ"

"ဪ . . စာမှမကျက်တာ၊ ဘယ်လိုနေနေ ရှုံးမှာပဲလို့

"ဘာတွေလာပြောနေတာလဲ၊ ရှုံးရှုံးအောင်အောင် ရှင့်အ
မပါဘူး"

"ဒါဆိုလည်း ဆရာ့ကို အပူလာမကပ်နဲ့လေ၊ ဘေးမှာထို
နေတော့ ကျွန်တော်လည်း အပူအဟပ်ခံရတယ်ဗျ"

"လဲသေလိုက်"

ပြောရင်း စိတ်ဆိုးမာန်ဆိုး ထွက်သွားတော့သည်။ ဆရာ့
ပင် နှုတ်မဆက်သွား။ ဆရာကတော့ သဘောထားကြီးစွာနှင့် မြတ်
ကိုကြည့်ပြီး . . .

"အဲဒါပဲကြည့်တော့ မြတ်ကိုရာ၊ စာမေးပွဲတစ်ခါဖြေပြီးတိုး
တစ်ခါကြုံနေရတာပဲ၊ ဟူး . . . ဒီကလေးတွေနဲ့ မောပါတယ်"

"တောင်မတက်ပဲ လက်ဖက်ကောင်းစားချင်လို့တော့ ဘယ်
မှာလဲ ဆရာရယ်"

ဆရာက ပြုံးကာခေါင်းညိတ်၏။ မြတ်ကိုအားကြည့်
ကျေးဇူးတင်ဟန်နှင့် . . .

"ဟုတ်ဟုတ်မဟုတ်ဟုတ် မင်းပြောလိုက်လို့ ကိစ္စက မြန်
ပြတ်သွားတာ၊ နို့မို့ဆိုရင် ငါလည်း ဒီပြဿနာတွေပဲ ရှင်းနေရတာ
မင်းက ဉာဏ်ကောင်းသားပဲကွ"

"ထင်လို့ပါ ဆရာရယ်၊ ကျွန်တော်လည်း သူလိုကိုယ်လို





အနေခက်သွားတဲ့ မြတ်ကို့ကိုကြည့်ကာ ဆရာက . . .

"ဟုတ်ပါတယ်လေ၊ ဦးနှောက်ဆိုတာကတော့ ကလပ်စီးတွေ
ခွဲစည်းထားတာခြင်းတော့ အားလုံးအတူတူပါပဲ၊ ဒါပေမယ့် အသုံးချ
နိုင်းစားပုံခြင်း ကွာသွားတာလေ၊ ဦးနှောက်ကလပ်စီးမှာ ဉာဏ်ပညာကို
တိုင်းတာလို့မရဘူးကွ"

ဆရာ့စကားတို့ မြတ်ကို မချေပနိုင်တော့။ ကိုယ်ကိုတိုင်က
လည်း အမြဲတစ်မျိုးတွေးနေတာကိုး။ ဟိုကျောင်းသူတော့ အမြင်ကတ်
သွားမှာ သေချာသည်၊ ကိုယ်တိုင်က မနေတတ်တာ ခက်လှသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

မိန်းထဲကပြန်လာတော့ ဆရာဦးဝင်းဆွေကို ကျောင်းဆော
ဟောင်းမှာ မတွေ့တာနှင့် အဆောင်သစ် (ဒက္ခိဏဆောင်) ဘက်
ခဲ့သည်။ အဆောင်သစ်က First year တွေ သီးသန့်တက်ရသေ
အဆောင် ဖြစ်သည်။ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ကြည့်သည်
ဆရာ့ကိုမတွေ့သေး။ ကျောင်းဆင်းတော့မှပဲ လိုက်ရှာတော့မယ်ဆို
ထွက်အလာမှာ . . .

"ဆရာ . . ဆရာ . . . ခဏလေး"

မြတ်ကိုလည်း သူ့ကိုခေါ်ကာ အမြန်လျှောက်လာသည်
ကျောင်းသူလေးကိုကြည့်ပြီး အံ့ဩသွားသေးသည်။ ပြီးမှ တိုတ်ပုံ
ထားတာကို သတိထားမိသွားတာမို့ . . .

"ဟာ . . . မဟုတ်ဖူး၊ ကိုယ်က . . ."

"လုပ်ပါဦး ဆရာ၊ ဟိုကောင် သမီးကို လိုက်နှောင့်ယှက်နေလို

စကားပင်မဆုံးလိုက်။ ကောင်မလေးက ဆရာမှတ်ပြ
အမောတကောနှင့် တိုင်တော့သည်။ မျက်နှာလေးငိုမဲ့မဲ့နှင့် လက်ည





ထိုးပြတာကို ကြည့်လိုက်တော့ မလှမ်းမကမ်းမှာ ပေကပ်ကပ်လုပ်နေ
သည့် ကျောင်းသားလေးတစ်ယောက်။ သူ့ကိုမြင်တော့ ဆရာမှတ်ပြီး
ပြေးသွားဟန်တူသည်။ မြတ်ကိုလည်း ကျောင်းဆောင်သစ်ဖက် မရောက်
တာကြာပြီမို့ သိကြဟန်မတူချေ။ မြတ်ကိုလည်း ကောင်မလေးကိုကြည့်
ပြီး ခပ်တည်တည်ဟန်နှင့် . . .

"ဘာဖြစ်လို့လဲ သမီးရဲ့"

"အဲဒီ ဖြိုးကိုဆိုတဲ့အကောင်လေ လိုက်နှောင့်ယှက်နေတာ၊
သမီးမှာ ရှုးတောင်ကောင်းကောင်းမပေါက်ရဘူး"

"ဟော . . ."

ဒုက္ခပါပဲ။ မြတ်ကိုလည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။
ကိုယ်က ဆရာလည်းမဟုတ်။ ဟုတ်လည်း သေးတော့လိုက်မတည်နိုင်
သေး။ ဒါပေမယ့် ကောင်မလေးဒုက္ခကို သနားသွားတာမို့ လက်ကာပြ
ရင်း . . .

"နေဦးနော် သမီး၊ ဟိုက ကျောင်းသား ဘယ်သူလဲ ခဏ
လာဦး"

မျက်စိပျက်မျက်နှာပျက်နှင့် ကျောင်းသားလေး အနားရောက်
လာပြီး . . .

"ကျွန်တော်ဖြိုးကိုပါ ဆရာ"

"အေး . . ဒီမှာတိုင်နေတယ်၊ မင်းလုပ်လို့ ရှုးတောင်မပေါက်
ဘူးဆို"

"ဟာ . . . ဆရာကလည်း . . ."

"အို . . . ဆရာ . . ."

စကားက လောကြီးသွားတာမို့ ကောင်လေးရော ကောင်မလေး
ပါ ပြိုင်တူအသံထွက်ပြီး ရှက်သွားကြသည်။ မြတ်ကိုလည်း ရယ်ချင်စိတ်
ပေါ်သွားပြီး ဘာဆက်ပြောရမှန်းမသိတာနှင့် ဟန်လုပ်ပြီး မျက်နှာတင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ . . .

"ဟေ့ကောင် . . . မင်း အိုဝင်ကိုသိလား"

"ဗျာ . . ."

ဖြိုးကိုက ကြောင်တက်တက်ဖြစ်သွားပြီးမှ သတိရဟန်နှ

"ဟာ . . . သိတာပေါ့ ဆရာရယ်၊ ခုမန်ယူမှာ ကန်နေ လေ၊ နယူးကာဆယ်က ပြောင်းလာတာပေါ့၊ မိခင်တလပ်က လီတာပူးမဟုတ်လားဆရာ"

အားရဝမ်းသာရင်ကော့ပြီး ဖြေနေသည့် ဖြိုးကို့ကိုကြည့် စိတ်ညစ်သွားပြီး . . .

"သွားပါပြီကွာ၊ ငါပြောတာ ရောဘတ်အိုဝင်ကွ"

"ဟင် . . . ဘယ်ကလပ်ကလည်း ဆရာ၊ အငှားချ . . ."

"မင်းကွာ၊ ဒါလေးတောင်မသိပဲ ရည်းစားက ထားချင်သေး တယ်၊ ရောဘတ်အိုဝင်ဆိုတာ သမဝါယမကို ထူထောင်တဲ့သူကွ"

"အဲဒါတော့ ကျွန်တော်မသိဘူး ဆရာ၊ အဟီး"

ခေါင်းတွင်တွင်ကုတ်နေသော ဖြိုးကို့ကိုကြည့်ပြီး မြတ် အကွက်ရသွားတာမို့ . . .

"ဒါဆိုသွားတော့ မင်း ရောဘတ်အိုဝင်သိတော့မှ ရည်းစား ထားဖို့စဉ်းစား၊ ပြီးတော့ ကျောင်းထဲမှာ ကျောင်းသူကို မနှောင့်ယှက် ကြားလား၊ သွားတော့"

"ဟုတ်ကဲ့ . . . ဆရာ"

ဖြိုးကိုလည်း အူကြောင်ကြောင်နှင့် ထွက်သွားတော့သည် ကျောင်းသူလေးက မြတ်ကို ဘာပြောဦးမလဲဆိုပြီး ရပ်နေသေးလာ မသိ။ မြတ်ကိုက တစ်ချက်ကြည့်လိုက်ပြီး စိတ်ကူးရလာ၍ . . .

"သမီးရော . . . အာကြီးကိုသိလား"

"သိတာပေါ့၊ ဆရာကလည်း အာကြီးက သမီးအကြိုက်ဆုံး





သေ"

"ဆရာကတော့ မန်ယူခရေဇီ သမီးရဲ့"

ကောင်မလေးက မျက်ခုံးလေးအတွန့်ချိုးသွားပြီးမှ သဘော ကျဟန်နှင့် . . .

"ခစ် ခစ် ခစ် ဆရာကလည်း လုပ်တော့မယ်၊ သမီးပြောတဲ့ အာကြီးက . . ."

"အာစင်နယ် မဟုတ်ဖူးလား"

"ဟုတ်ဖူးလေ၊ သမီးက Rဇာနည်ကို ပြောတာပါ၊ အဟီး . . . အဆိုတော်လေ"

"ဪ . . . ဟုတ်လား"

"ဒါနဲ့ ဆရာရယ်၊ ကြုံတုန်းလေးပေါ့၊ အဲဒီ R ဇာနည်ဆိုတဲ့ နာမည်မှာ ရှေ့က R က ဘာသဘောလဲဟင်"

ခက်ချေပြီ။ ဒီသာလိကာမလေးကတော့ ဘာတွေမေးမှန်း သိ။ ကြည့်ကျက်ဖြေရတော့သည်။

"ဒါမျိုး သမီးရယ်၊ ရှေ့က Rဆိုတာ သူက ရှေ့ကပဲအာမယ်၊ နောက်က မအာဘူးဆိုတဲ့သဘောပေါ့၊ အဲဒါကိုထွင်ပြီး အင်္ဂလိပ်လို ရေးထားတာလေ၊ သမီးလေးရော အာချင်လို့လား"

"ရှင် . . . သမီး သမီး မအာချင်ပါဘူး၊ ဆရာ . . ."

"အေး . . အေး . . မအာချင်ရင်လည်း လိမ်လိမ်မာမာနေပေါ့ သမီးရယ်၊ အာတယ်ဆိုတာ မကောင်းဘူးကွဲ့ကြားလား"

"ဟုတ် . . ဟုတ်ကဲ့ပါ ဆရာ၊ သမီး မအာ . . ."

"ဟဲ့ နွေးနွေး၊ ဘာတွေ အာနေတာလဲ၊ ကြားလိုက်တာဟယ်၊ ဟင် . . ဆရာ၊ အဲ . . ဟင် . . ရှင် . . ရှင်က ဘာလုပ်နေတာလဲ"

သွားပြီ။ ရောက်လာတာက မြန်မာစာ မြန်မာစကား အလိမ် မတော့ ပေါ်လေပြီ။ မြတ်ကိုက ဟန်ကိုယ့်ဖို့ဆိုပြီး ခပ်တည်တည်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကာ . . .

"သြော် . . ဆရာက ဒီသမီးလေးကို မအာဖို့ပြောနေတာပါ"

"ဘာ ဆရာလဲ၊ မသိဘူးများမှတ်နေလား"

မြန်မာစာ မြန်မာစကား၏ ခပ်စူးစူးအော်သံကြောင့် ဘေး
နွေးနွေးဆိုသည့်ကောင်မလေး သတိဝင်လာပြီး အားနာဟန်နှင့် မြတ်
ကိုကြည့်ကာ . . .

"ဟာ မိုးပြည့်ကလည်း ဆရာ့ကို အားနာစရာ၊ ငါ့ကို ဖြူ
လိုက်နှောင့်ယှက်လို့ ဆရာက ဝင်ပြောပေးတာဟဲ့၊ ဆရာ ဆော

"ဒုက္ခပါပဲ မိန္ဒေးရယ်၊ အဲဒါ ဆရာမဟုတ်ဖူးဟဲ့၊ ငါသိတယ်
နေစမ်းပါဦး၊ ရှင်က ဘာသဘောလဲ"

"မအာတဲ့ သဘောပါ။ ဟဲ . . . ဟဲ . . . နာမည်က မိုးပြည့်
တဲ့လား၊ ခုမှပဲသိတော့တယ်၊ တွေ့ရတာ ဝမ်းသာပါတယ်"

"လဲသေလိုက် . . ."

"မသေသေးပါဘူး၊ အလတ်ကြီးပဲ ရှိသေးတာကို၊ သြော်
. . . မိုးပြည့်"

"ဘာလဲ . . ."

"တို့ရွှေ့လိုက်ဦးမယ် . . . အဟဲ"

"ဝေးလေကောင်းလေပဲ"

* * * *

(၁၁)

"ဟား . . ဟား . . ဟား . . . ဖြစ်မှဖြစ်ရလေ မြတ်ကိုရာ၊
ဒါဆို မင်းခံလာရတာပေါ့"

"ခံလာရတယ်လည်း မဟုတ်ပါဘူးဗျာ၊ တကယ်ဆို ကျွန်တော်
လည်း တမင်လုပ်တာမှ မဟုတ်တာ၊ အေးဆေးပဲ"

ဖြစ်စဉ်ကို ပြောပြလိုက်တော့ အောင်အေးသန်းက ရယ်လေ
သည်။ မြတ်ကိုကတော့ ဒီလိုလှတပကလေးနှင့်ဆို ထပ်တောင်ဆုံချင်
သေး၏။ တကူးတကန့်ကြီးတော့ မသွားချင်။ ကိုယ့်ကိစ္စနှင့်ကိုယ်
တောင်မအား၍ အဆောင်သစ်ကို မသွားဖြစ်တော့။ ထွန်းနောင်ဝင်း
က ပြုံတီတီလုပ်ရင်း . . .

"ဒါဆို အဲဒီကောင်မလေးနဲ့မင်းက အရင်ထဲကပဲ ဆုံဖူးတာ
ပေါ့၊ ဒီလိုလား . . ."

"အေး ဟုတ်တယ်ကွ၊ ဒီမှာတက်မှန်းတော့ မသိဘူး"

"ဘာပဲပြောပြော ဇာတ်လမ်းတော့လုပ်လို့ရတာပေါ့ကွာ"

ထွန်းနောင်ဝင်းက မသိမသာပို့သည်။ ကျော်ရှာမိုးကတော့

www.burmeseclassic.com



သိသိသာသာပင်။ စေတနာထားပုံများ . . .။

"ဒီလိုပဲကွ၊ အချစ်ဆိုတာ အမှတ်တမဲ့တွေ့ရင်းနဲ့ အမှတ်တရ ဖြစ်သွားတာပဲလေ"

"အမှတ်တမဲ့တွေ့တိုင်းလည်း အချစ်မဟုတ်သေးပါဘူးကွာ၊ တကူးတကန့် ရှာဖွေတွေ့ရှိတဲ့အချစ်က ပိုမကောင်းဘူးလား"

"ဒါဆိုလည်း မင်းဟာမင်း တကူးတကန့်ပဲ စိတ်ကြိုက်ရှာတော့၊ လိုအပ်ရင် ကျောင်းငါးနှစ်လောက်တက်ပေါ့ကွာ၊ မဟုတ်ဖူးလား"

ငေါ့တော့တော့နှင့် ထွန်းနောင်ဝင်းအပြောကြောင့် အောင်အေးသန်း ဆတ်ကနဲတွန့်သွားပြီး မျက်နှာတစ်ခုလုံး ချွေးရိအုံ့မှိုင်းသွားကာ . . .

"တခါတလေ တကူးတကန့်တွေ့ပေမယ့် အမှတ်တမဲ့ကိစ္စလေးတွေနဲ့ လွဲချော်ပေးကြွာသွားကြတာပဲလေ"

အောင်အေးသန်းအသွင်က တကယ်ဆို့ဆို့မှိုင်းမှိုင်း။ အားလုံးငြိမ်ကျကာ မြတ်ကိုပင် မေးရန်အားနာသွားသည်။ အချစ်ဆိုတာက တစ်ယောက်ဇာတ်လမ်းတစ်မျိုးနှင့် မရိုးနိုင်ပေ။ တျယ်ပြန့်လွန်းသည်။ အောင်အေးသန်းက သက်ပြင်းဖွဖွချကာ လမ်းမဖက်လှမ်းကြည့်ပြီး . .

"ဟိုမှာတွေ့လား၊ ကားအဖြူလေးပေါ်က ဆင်းလာတာ၊ ငါနဲ့ နှစ်နှစ်တိတိချစ်ခဲ့တဲ့ ချစ်သူပေါ့။ ခု သူက တတိယနှစ်လေ"

အားလုံးအကြည့်တွေ လမ်းမပေါ်ရောက်သွား၏။ ကောင်မလေးက မျက်မှန်လေးတပ်ထားပြီး ဖြူဖြူသွယ်သွယ်လေးဖြစ်သည်။ ချမ်းသာပုံရ၏။ ကားထဲက အဖေဖြစ်ဟန်တူသော ခန့်ခန့်ညားညား အဖိုးကြီးတစ်ယောက်ဆင်းလာပြီး ထိပ်လေးပုတ်ကာ စကားပြောနေသေးသည်။ ခဏနေတော့ ကောင်မလေးလည်း ကျောင်းထဲဝင်သွားလေသည်။ မြင်ကွင်းထဲက ပျောက်ကွယ်သွားသည့်တိုင် အောင်အေးသန်း ငေးနေတုန်း။ အတိတ်ကို တူးဆွနေပြီလားမသိ။ မြတ်ကိုက သက်ပြင်း





သဲ့သဲ့ချပြီး အောင်အေးသန်းကို နှစ်သိမ့်သလိုကြည့်၍ . . .

"ဒီလိုပါပဲ ကိုအောင်အေးရာ၊ ကိုယ်ဖြစ်ချင်တိုင်းတော့ ဘယ်ဖြစ်ပါ့မလဲ"

"ဟုတ်ပါတယ်လေ၊ နွယ်လေးက အချစ်ဆိုတာထက် ငွေကြေးဂုဏ်ပကာသနကို အရမ်းမက်မောတာကွ၊ သူ့ဆင်းရဲမှာ အရမ်းကြောက်တယ်လေ"

ဘာရယ်မဟုတ်ပေမယ့် အားလုံးက စိတ်မကောင်းကြ။ ထွန်းနောင်ဝင်းက သဘောပေါက်ဟန်နှင့် နှစ်သိမ့်သည်။

"သူကိုယ်တိုင်ကလည်း ချမ်းသာလို့ထင်ပါတယ်။ ခုပဲကြည့်လေ၊ အဖေကိုယ်တိုင် ကားအကောင်းစားနဲ့ လာပို့တာ"

"ဟာ . . အဲဒါနွယ်လေးအဖေ မဟုတ်ဖူးကွ၊ သူနဲ့စေ့စပ်ထားတဲ့လူ . . ."

"ဟာ . . . ဒီအရွယ်ကြီး၊ ဘီးကျဲကြီးကိုဗျာ"

ထွန်းနောင်ဝင်းအပြောကြောင့် အောင်အေးသန်းက ဘယ်နှစ်ကြိမ်မှန်းမသိသော သက်ပြင်းကိုချလိုက်ပြီး ပို၍အုံ့မှိုင်းရင့်ရော်သွားပုံနှင့် . . .

"ဒါပဲလေ၊ အမိက,က ပိုက်ဆံပဲကွ၊ ပိုက်ဆံ . . ."

ညည်းငြူနေတဲ့ အောင်အေးသန်းကိုကြည့်ပြီး ကျော်စွာမိုးက အမြင်မကြည်လင်ဟန်နှင့် နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ပြီး . . .

"ခင်ဗျား ပိုက်ဆံကလည်း လွန်ပါတယ်ဗျာ၊ အဖေနဲ့ သမီးအရွယ်ကြီးကို မေ့လိုက်စမ်းပါ၊ ဒီလောက်ငွေမက်ရင်လည်း . . ."

"အေးပါကွ၊ ငါလည်း ကြုံလို့ပြောပြတာပါ"

"အဖေနဲ့သမီးလို့နှိုင်းတာတောင် လိုနေသေးတယ်"

မြတ်ကိုစကားကြောင့် အောင်အေးသန်း ဆတ်ကနဲလှည့်ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ၊ ကညာပျိုနဲ့ ဇရာအိုလို့ ပြောချင်တာလား”

“နည်းသေးတယ်၊ ဖြစ်နိုင်ရင် သားအိမ်နဲ့သချိုင်းလို့ ပြောချင်တာ”

“ဟား . . ဟား . . ငါ့ကောင်ကတော့လုပ်ပြီ၊ ကောင်းတယ်ကွာ၊ တစ်တစ်ခွခွပဲ၊ သားအိမ်နဲ့သချိုင်း . . . ဟား . . . ဟား”

ပေါ့ပါးသွားတာလား နာကျည်းနေတာလားတော့ မသိပေ။ အောင်အေးသန်းက တဟားဟားကို ရယ်တော့သည်။ ကျော်စွာမိုးက လွတ်အိတ်ကိုင်ကာထလိုက်ရင်း . . .

“သွားလိုက်အုံးမယ်ကွာ၊ ကျုပ်တို့ရိုယယ်ရှိတယ်”

“ဘာလဲ မင်းလည်း မင်း့သားအိမ်လေးကို သတိရသွားပြီလား”

“ဟော့ကောင် မြတ်ကို၊ ငါတို့က အသက်အတူတူပဲကွ . . ဟဲ . . . ဟဲ”

“ဒါပေမယ့် အလုံးအရပ်တော့ မင်းကြီးမှာပါ၊ အင်းလေ . . . ဟိုကလည်း တင်တင်မာပဲဟာ”

“ဘာကွ . . .”

မျက်ထောင့်နီနီနှင့် ကျော်စွာမိုးလှမ်းပြောတော့ မြတ်ကိုက ရယ်ကျဲကျဲလုပ်ပြီး . . .

“သြော် . . . တင်တင်မာက ဒေါ်သခပ်ကြီးကြီးမဟုတ်လား။ စိတ်မြန်လက်မြန်လို့ ပြောတာပါ”

“တော်ပြီကွာ၊ ဘာကောင်မှန်းမသိဘူး”

“အေး . . . ဟုတ်တယ်၊ ငါလည်း လိုက်မယ်”

ပြောပြောဆိုဆိုနှင့် ထွန်းနောင်ဝင်းပါလိုက်ထကာ သချိုင်းကုန်းသို့ ခြေတစ်ဖက်လှမ်းသော ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားတော့သည်။ မြတ်ကိုနှင့် အောင်အေးသန်းလည်း တခွီးခွီးနှင့်ရယ်ကာ ကျန်ရစ်ခဲ့ကြသည်။ သိပ်မကြာလိုက်။ ဝက်ကြီးနှင့် ထိန်လင်းရှိန်ရောက်လာပြီး-





“မြတ်ကို၊ ဒီကောင်ဝက်ကြီးကို လုပ်ပေးလိုက်စမ်းပါကွာ”

“ဟာ . . . ဘာလဲကွာ၊ အရင်းမရှိ အဖျားမရှိ”

“ဟော့ကောင် ဝက်ကြီး၊ ပြောလိုက်လေကွာ၊ မင်းကိစ္စ . . .”

ဝက်ကြီးက သိပ်ရွှင်ရွှင်ပျပျမရှိသော မျက်နှာပေးလေးနှင့် မြတ်ကို့ကို အားကိုးတကြီးကြည့်ကာ မပွင့်တပွင့်လေး ပြောလာ၏။

“ငါ့ကောင်မလေးကွာ၊ ငါလိုက်တာလည်း မနည်းကြာပြီ၊ ငါ့ကို စကားလုံးဝပြန်မပြောဘူးကွ၊ ငါ့ကို ရှိတယ်လို့တောင် မထင်ဘူးလေ”

“ရပြီ ရပြီ၊ မင်းကောင်မလေး စကားတော့ ပြောတတ်ပါတယ်နော်”

“ဟာ . . . ပြောတတ်တာပေါ့၊ ဟိုလေ ငြိမ်းချမ်းကိုပေးတဲ့ ဝါထာမျိုးလေးများ . . .”

မြတ်ကို စုတ်တစ်ချက်သတ်လိုက်တော့ ဝက်ကြီးမျက်နှာလည်း ပိုပြီးအိုစာညှိုနွမ်းသွားကာ . . .

“မရနိုင်ဘူးလားဟင် . . .”

“ဒါမျိုးက တစ်ယောက်နဲ့တစ်ယောက် မတူဘူးကွ၊ ဇာတာက လိုသေးတယ်၊ ပြောစမ်း . . . မင်းမွေးသက္ကရာဇ် . . .”

ဝက်ကြီးပြောတော့ မြတ်ကိုက ဆေးအုပ်ထုတ်ကာ အနည်းငယ်တွက်ချက်လိုက်ပြီး . . .

“မင်းက ခွေးပဲကွ”

“ဟာ . . .”

ဝက်ကြီးမျက်နှာလည်း ဝက်ပေါက်စလောက် ငယ်သွားလေသည်။ ဝက်ဘဝက ခွေးဖြစ်ရအုံးမှာမို့ ဖြစ်ချင်ဟန်မတူပေ။ မြတ်ကိုတော့ ခပ်တည်တည်ပင်။ အောင်အေးသန်းကတော့ ပြုံးစိစိလုပ်နေ၏။

“ဘယ်လို ခွေးလဲကွာ”

www.burmeseclassic.com



"ဩော် . . . မင်းက ခွေးနှစ်မှာမွေးတာလေ၊ နာမည်ထ
ဝက်ကြီးဆိုတော့ . . ."

"နာမည်အရင်းက လွှင်ဦးလေကွာ"

"သိပြီ၊ ကြာသပတေးသားပေါ့၊ ခွေးဇာတာရှင်ဆိုတော့ . ."

မြတ်ကို မျက်မှောင်ကြုတ်ကာ စဉ်းစားနေတာ အတော်ကြာ
တာမို့ ဝက်ကြီးလည်း အားမလိုအားမရဟန်နှင့် . . .

"လုပ်လေကွာ၊ ခွေးဇာတာရှင်ဆိုတော့ ဘာဖြစ်လဲ"

"အင်း . . . ခွေးကျင့်ခွေးကြံတော့ ကြံလို့မရဘူးပေါ့ကွာ"

"ဟာကွာ၊ ငါလည်း မလုပ်ရဲပါဘူး၊ မင်းကလည်း . . ."

"ငါလည်း မလုပ်နိုင်းပါဘူး၊ ကဲ . . ဒီလိုလုပ်၊ လိုက်မှတ်နော်
ကြာသပတေးသား ယတြာချေမယ်ဆိုတော့ ယ၊ ရ လ၊ ဝ ယမနေသ
ရှားတယ်၊ အဲ . . လဲသား၊ ဟုတ်ပြီ၊ မင်း လဲသားကိုရှာ၊ လက်တစ်ဆ
လောက်ဖြတ်၊ လူရုပ်လေးထုပြီး လည်ပင်းမှာဆွဲ၊ ပြီး သတိရတိုင်း
ဖြစ်ပြီ၊ လူလုပ်လို့ရပြီဆိုပြီး သက်စေ့ရွတ်ကြားလား"

ဝက်ကြီးက လိုက်မှတ်ရင်းက ကြောင်တောင်တောင်မော့ကြ
ပြီး . . .

"သေချာတယ်နော်၊ အဲဒါဆို အဆင်ပြေမှာလား"

မြတ်ကိုက မျက်နှာတို တစ်ချက်တင်းလိုက်ပြီး . . .

"ယုံယုံကြည်ကြည်နဲ့ လုပ်လေကွာ၊ မင်းပဲ မင်းကောင်မလေ
က လူလို့တောင်မထင်ဘူးဆို"

"အေးလေ . . ."

"အဲဒါပဲလေကွာ၊ မင်းရွတ်ပါများရင် လူလို့ထင်လာလိမ့်မ
ယတြာကောင်းရင် မင်းလောင်းတောင်ပျောက်တယ်ကွ၊ ဘာလဲ မင်း
မယုံတာလား"

ခုမှပဲ ဝက်ကြီးက စပ်ဖြီးဖြီးလုပ်ပြီး . . .





"ယုံပါတယ်ကွာ၊ ငါလုပ်ပါ့မယ်"

"အေး . . . ဒါဆိုလည်း လက်ဖက်ရည်ဖိုး ရှင်းလိုက်တော့"

"အေးပါကွာ၊ ရှင်းပါ့မယ်၊ ငါ့ဆရာကလည်း . . ."

ဒါဆိုလည်း သွားပြီဟုဆိုရင်း မြတ်ကိုထလိုက်တော့ ထိန်လင်းရှိန်
တဲ မချိသွားဖြုံလေးလုပ်ကာ . . .

"မြတ်ကို၊ ငါ့တင်ပါးက သွေးစုနာရော၊ ဘယ်လိုလုပ်ရမလဲ"

"မှည့်နေပြီလား . . ."

"မှည့်နေပြီကွ၊ အရမ်းကိုက်လို့ပါကွာ၊ ဘာဆေး . . ."

"ဘာဆေးမှ လိမ်းမနေနဲ့၊ မှည့်နေရင် ပုလင်းသေးသေးလေး
တစ်လုံးရှာပြီး၊ အနာဝကိုတေ့လိုက်ပြီး အသက်အောင့်ပြီးထိုင်ချလိုက်၊
တစ်ခါပဲနာမယ်၊ ဖြစ်ကနဲပဲ၊ ကဲ . . . သွားပြီကွ"

"ဟေ . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

ထိန်လင်းရှိန် သွေးစုနာကတော့ အမြစ်ကပါ ကျွတ်ထွက်သွားသည်ဟု သတင်းရသည်။ ဝက်ကြီးကတော့ ကောင်မလေးအေးနှာကပ်ပြီး 'လူဖြစ်ပြီ၊ လူလုပ်လို့ရပြီ' ဟု လိုက်ရှုတ်နေသောကြောင့် ဝါးအရိုက်ခံရပြီး မော်ကွန်းထိန်းဆီရောက်သွား၏။ မြတ်ကိုလည်း ဝက်ကြီးကို အပြင်မှာ ကိုယ့်ဟာကိုယ်ပဲရှုတ်ဆိုပြီး မမှာလိုက်ရ။ စိတ်တော့မကောင်း။ ယတြာဆိုတာ ကိုယ့်ဟာကိုယ်ချေရတာတောင် မသိဖူးလား ဟု အပြစ်တင်မိသေးသည်။

သခင်လှတိုးကတော့ မိမိသဘောနှင့်မိမိ နာမည်ပြန်ပြောင်းကြောင်း ကြားသိရသေးသည်။ ရှိစေတော့။ စေတနာသည် လူတိုင်းနှင့် မထိုက်တန်ဟူ၍ပဲ မှတ်ယူလိုက်တော့သည်။ သို့သော်လည်း မြတ်ကိုက အရင်အတိုင်း မပြောင်းလဲ။ ကူညီစရာရှိလျှင် ကူညီလိုက်သည့် အကျင့်က ဖျောက်မရသေး။

ဒီနေ့လည်း ချမ်းမြေ့ (ယင်ကောင်အမှတ်သုံး) နားပူနားဆာလုပ်လွန်း၍ ရေးပေးလိုက်သော ကဗျာတစ်ပုဒ်ကြောင့် ဆရာဦးမော





မောင်သန်းက ခေါ်လေသည်။

ဦးမောင်မောင်သန်းဆို၍ (ရင်ကိုအေးမြစေသား) မဟုတ်ပါ။ ဒလကောင်းကောင်းနှင့်မို့ ကျောင်းသားတွေ ကြောက်ကြသည်။ မထင်လျှင်မထင်သလို ဆော်တတ်၍ (တင်ကိုအကွင်းလိုက်ထချင်လား) လို့တောင် ပြော၍ရသည်။ Eco ဘာသာရပ်ပြပြီး မျက်နှာကမာ၏။

သို့သော်လည်း မြတ်ကိုက အေးအေးဆေးဆေးပင်။ မျက်နှာကြည်ရှင်းပြီး၊ လေလေးတချွန်ချွန်နှင့် ထွက်လာသေးသည်။ ပျံ့နေသည့်သတင်းကြောင့် ဒီတစ်ခါ မြတ်ကိုနာပြီဟု တွက်ထားသောသူများပင် နားမလည်ကြတော့။

ဖြစ်စဉ်ကတော့ တကယ့်ကို ကျွေးခံရမယ့်ဖြစ်စဉ်။ မြတ်ကိုက ရေးပေးပြီး ချမ်းမြေ့က စန္ဒာလင်းကိုပေးသောကဗျာ ဖြစ်သည်။ နာမည်ကြီးခံနိုင်ရိုးလား။ ကဗျာကိုက အောက်ပိုင်းကဗျာဆိုပြီး သတင်းက တစ်ကျောင်းလုံးနီးပါးပျံ့နေ၏။ ခုဘယ်လိုဖြစ်သနည်း။

မြတ်ကိုလည်း စိတ်လက်ပေါ့ပါးစွာနှင့် တစ်ခုခုတော့ စားဦးမယ်ဆိုပြီး ကျော်ဌေးကန်တင်းကို ထွက်လာခဲ့သည်။ သူငယ်ချင်းတွေလည်း တစ်ယောက်မှမတွေ့ချေ။ ဘယ်တွေလစ်ကုန်ကြပြီမသိ။ တွေ့တာကတော့ သဲစုမွန်တို့အုပ်စု။ ငါးငါးစွင့်စွင့်ကြီးကို ထိုင်နေကြသည်။ ဟော . . . ဘဲဥခွံလေး။ မြတ်ကို ရင်တစ်ချက်ခုန်သွားပြီး၊ သူတို့ဝိုင်းနား သွားကာ . . .

"ဟဲ . . ဟဲ . . ဘယ်လိုလဲ၊ ကျွန်တော်ပေးတဲ့ ဂါထာတွေက စွမ်းရဲ့လား"

သဲစုမွန်က မျက်စောင်းတစ်ချက် ဒိုင်းကနဲ လှမ်းထိုးရင်း ကြည်လင်ဟန်နှင့် . . .

"ဂါထာကတော့ စွမ်းမှာပေါ့လေ၊ ဟိုနှစ်ယောက်တော့ကျွက် သွားကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ကျွန်တော်နဲ့မဆိုင်ဘူးလေဗျာ၊ ခုဆို ငြိမ်းချမ်း
တောင် အလုပ်ရသွားပြီဗျ"

"ထားပါတော့လေ၊ ရှင့်သတင်းက မွှေးလှချည်လား၊ ကဗျာ
တွေကလည်း တစ်ပုဒ်ဆို ဆိုသလောက်ပဲနော်"

"ခစ် . . ခစ် . . ခစ် . . ဟုတ်ပ၊ ဘာကဗျာ . . ."

"အောက်ပိုင်းကဗျာတဲ့ . . ဟား . . . ဟား . . ဟား"

တစ်ဝိုင်းလုံး ဝိုင်းရယ်ကြတော့သည်။ တစ်ကျောင်းလုံး
နားလည်မှုလွဲကုန်ပြီလားမသိ။ မြတ်ကိုလည်း ရှက်အမ်းအမ်းဖြစ်
ခုံမှာဝင်ထိုင်ပြီး . . .

"ဟာ . . ခင်ဗျားတို့ အထင်မှားတာပါဗျာ၊ မယုံရင် ဖတ်ကြည့်
ပါလား"

"အို . . . ဘာဖြစ်လို့ဖတ်ရမှာလဲ၊ ဘာတွေမှန်းမသိ"

ကောင်မလေးတွေ ရှက်တက်တက်ဖြစ်သွားသောကြောင့်
မြတ်ကိုက စအုပ်လေးထုတ်ကာ . . .

"ဟိုလေ အောက်ပိုင်းကဗျာဆိုတာ ညစ်ညစ်ပတ်ပတ် မဟုတ်
ပါဘူး၊ အောက်ပြည်က ကောင်လေးက သူ့ကောင်မလေးကို အထ
မသေးစေချင်လို့ပါ"

"ဟုတ်ကော ဟုတ်လို့လားရှင်၊ တော်ကြာ ပေါက်ကရ . . ."

"ရော့ပါ၊ ဒီမှာ မှုကြမ်းရှိတယ်၊ စိတ်ချလက်ချဖတ် . . ."

မြတ်ကို လှမ်းပေးလိုက်တော့ ချောစုဆိုတဲ့ကောင်မလေး
မဝံ့မရဲနှင့်လှမ်းယူပြီး ဖတ်ပြတော့သည်။

**အောက်ခြေက ဘဝမို့**
**အောက်သက်ကြေအောင်**
**အောက်ပြည်က တက်မယ်**
**အောက်ပြည်အောက်ရွာတပဲဆိုဆို**





**အောက်သား (ငါ) ပညာရှာဖို့**
**အောက်ချင်းငှက်လိုမာန်မြှိုးနဲ့**
**အောက်ပြည်က ဆန်တက်ခဲ့တယ်**
**အောက်လင်းဓါတ်မီးလို တလင်းလင်းနဲ့ပေါ့**
**အောက်စဖွဲ့တတ္တသိုလ်လည်း မမျှော်ရိုပါဘူး**
**အောက်လိုက်တာလို့ ပြောနေမလား**
**အောက်သက်ကြေခဲ့ရင်တော့**
**အောက်သားလေးအချစ်ကို မြင်မှာပါ**
**အောက်က ကဗျာလေး ဖတ်မိလေတိုင်း**
**အောက်သားလေးကို ငြိုငြင်နေမလား**
**အောက်သူမဟုတ်တဲ့ ချစ်သူ . . .**

"ဟင် . . . ခစ် . . . ခစ် . . . ဘာကြီးမှန်းလည်း မသိဘူး၊
အောက်တွေချည်းပဲ"

"သြော် . . . ဒါကြောင့်ကိုး"

အားလုံးပြုံးစစနှင့် မှတ်ချက်ချကြတော့သည်။ မြတ်ကိုက
ကဗျာစာရွက်ကို လှမ်းယူရင်း . . .

"အဲဒါကြောင့် ပြောတာပေါ့၊ သတင်းအမှားတွေပါလို့ ခင်ဗျား
တို့ရော အထက်ပိုင်းကဗျာ ယူအုံးမလား"

"အို . . . ဘာဖြစ်လို့ ယူရမှာလဲ"

စုမွန်က မျက်နှာလေးနီကာ မလုံမလဲနှင့်ပြောတော့ ဘေးက
ဆယ်စုမကေသွယ်ကပါ . . .

"ဒါနဲ့ ရှင်က သူများတွေအတွက်ဆို ဒီလိုပဲ လုပ်ပေးနေတာ
လား"

"အခကြေးငွေရယ်လို့တော့ မယူပါဘူး၊ မိတ်ဖြစ်ဆွေဖြစ်လေး
ပါ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကိုစကားကြောင့် သဲစုမွန်က ကြီးကြီးကျယ်ကျယ်ဆို သောဟန်နှင့် မျက်လုံးလေးထောင့်ကပ်ကာ . . .

“ရှင့်မှာ တော်တော်အလုပ်များတာပဲနော်၊ သူများကိစ္စတွေထဲ အမြဲပဲ”

“ဪ . . . မစုမွန်ရယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ရအောင် ကျွန်တော့်မှာ ရည်းစားကလည်း မရှိ၊ ကဗျာလေးတွေပေးချင်လည်း ယူမယ့်သူက မရှိ၊ အချိန်ပေးရမယ့်သူကလည်း မရှိလို့ပါ”

“ဘာလဲ . . . ရှင်က ကြော်ငြာနေတာလား၊ ကျွတ်(စ်) . . . သနားစရာလေးနော်”

ချောစုစကားကြောင့် မြတ်ကိုလည်း မျက်နှာလေးထပ်ငယ်ပြီး-

“ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က မိတဆိုးလေးပါ၊ ရည်းစား လေးတစ်ယောက်လောက်တောင် တင့်တောင်းတင့်တယ် မထားနိုင်တဲ့ ဘဝလေးပါ၊ ဖြစ်နိုင်ရင်လေ မသဲစုမွန် . . .”

“ရှင် . . .”

သဲစုမွန်လည်း မျက်လုံးလေးဝိုင်းကာ နှုတ်ခမ်းလေးပါ ဟသွား၏။ မြတ်ကိုကတော့ ညောင်နာနာအသံလေးနှင့်ပဲ . . .

“ဪ . . . မလန့်ပါနဲ့၊ ကော်ဖီမစ်တစ်ခွက်လောက် တိုက်ပါ လားလို့ပါ”

သဲစုမွန်က ခုမှအသက်ကျသွားဟန်နှင့် မျက်စောင်းလေးထိုး ပြီး . . .

“သောက်ပါ သောက်ပါ၊ ရှင်က ပညာရှင်ကြီးဆိုတော့ တိုက် ရမှာပေါ့၊ ကော်ဖီမစ်ပဲနော်”

“နို့ ထည့်ပေးဦးလေ”

“ရှင် . . .”

“ကော်ဖီမစ်မှာ နို့ပါထည့်မယ်လို့ ပြောတာပါ”





“အစ်မကြီးရေ . . . ကော်ဖီမစ်က နို့စိမ်းပေါက်မယ်တဲ့”

သဲစုမွန်မျက်နှာလေးရဲကာ လှမ်းအော်တော့သည်။ သဲစုမွန် အပဲ မြတ်ကို့ကို ခပ်တည်တည်လေးကြည့်ကာ . . .

“ရှင်က ကျွန်မတို့ထက် အတန်းငယ်တယ်နော်”

“ဝါကြီးပါတယ်ဗျာ”

“ဘာဝါကြီးတာလဲ”

“ကျွန်တော်က ဒီကျောင်းမှာ နှစ်နှစ်ရှိပြီလေ၊ မသဲစုမွန်တို့က တစ်နှစ်ပဲတက်ရမှာ”

“အဲမယ် . . . ပြောလိုက်ရင် ရှင့်မှာဆင်ခြေတွေချည်းပဲ”

“ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ကျွန်တော်က ကျောင်းစတက် တော့ တစ်နှစ်ကျော်နောက်ကျတာ၊ မသဲစုမွန်ထက်တောင် ကြီးမလား ပဲ မွေးနေ့ပြောကြည့်လေ”

“အို . . . ဘာဖြစ်လို့ပြောရမှာလဲ၊ ရှင်က အတတ်မျိုးစုံတတ် တာ၊ မပြောရဲပါဘူး”

ပြောင်စပ်စပ်လေးလုပ်ကာ သဲစုမွန်က ခေါင်းလေးခါသည်။ မြတ်ကိုမှာ ရင်ထဲကျလိကျလိဖြစ်သွားပြီး . . .

“ရပါတယ်၊ ဒါဆိုလည်း ခုနှစ်ပဲပြောလေ”

သဲစုမွန်မျက်နှာလေးတည်ကာ ခဏစဉ်းစားပြီးမှ မွေးတဲ့ခုနှစ် ဆို ပြောသည်။ မြတ်ကိုက . . .

“အင်း . . . ခုနှစ်ကတော့ အတူတူပါပဲ”

“ဒါပေမယ့် ကျွန်မက ကြီးရင်ကြီးမှာနော်၊ ရှင်ဘာသိမှာလဲ”

မြတ်ကိုက သဲစုမွန်၏ မျက်စမျက်နှာဟန်လေးကြောင့် ပြုံးကာ ကြည့်ရင်း . . .

“ဪ . . . မသဲစုမွန်”

“ဘာလဲ . . . မပြောဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့ ရပါတယ်၊ ဟို . . . မသဲစုမွန်ကို ဗေဒင်တွက် ပေးမလို့ပါ"

"ဘယ်လိုတွက်မှာလဲ၊ ရှင်မလိုမို့တစ်ပတ်တော့ မလုပ်နဲ့နော် မွေးနေ့ကိုမပြောဘူး"

မြတ်ကို သိချင်နေတာကိုသိ၍ သဲစုမွန်က အတင်းကို ဘူး နေတော့သည်။ မြတ်ကိုလည်း မျက်နှာပိုးကိုသတ်ကာ . . .

"ကျွန်တော့်ကို ပြောစရာမလိုပါဘူး၊ ဟိုလေ . . . မသဲစု ဘာသာတွက်ပေ့ါ"

"ဘယ်လိုတွက်ရမှာလဲ၊ မတတ်ဖူး"

"လွယ်ပါတယ်၊ မသဲစုမွန်ရဲ့ မွေးလနံပါတ်ကို ငါးနဲ့မြှောက် လိုက်"

"အင်း . . . ပြီးပြီ"

"ရတဲ့အဖြေကို ခြောက်ထည့်ပေါင်း"

"အင်း . . ."

"နောက်ရတာကို လေးနဲ့ထပ်မြှောက်"

"ခဏလေး . . . ရပြီ"

"ပြီး ကိုးနဲ့ပေါင်း"

". . . . . . . . . ."

"ပြီး ငါးနဲ့ထပ်မြှောက်၊ ပြီးပြီလား"

"ပြီးပြီ၊ ဘာဆက်လုပ်ရမှာလဲ"

သဲစုမွန်မျက်လုံးလက်ကာ ကလေးလေးလို ဖြစ်နေ၏။ ချောစု နှင့်ကေခိုင်တို့လည်း ဘာမှန်းမသိ စိတ်ဝင်စားနေကြသည်။ မြတ်ကိုက ခပ်အေးအေးပဲ . . .

"ခုရတဲ့အဖြေမှာ မွေးရက်ထည့်ပေါင်း"

"ပြီးပြီလား . . ."

"နေပါအုံး။ အဖြေထဲက (၁၆၅) ကို နှုတ်လိုက်တော့ . . ."

"ဟင် . . . ဘာမှန်းလဲမသိဘူး"

"ဘယ်လောက်ကျန်လဲဟင် . . ."

"လေးရာ့တစ် (၄၀၁)၊ အဲဒါ ဘာဖြစ်လို့လဲ"

မြတ်ကိုက ကော်ဖီကို ကုန်အောင်မော့လိုက်ပြီး မတ်တပ်ရပ် ာ ပြုံးစစလုပ်ရင်း . . .

"မသဲစုမွန်က ကျွန်တော့်ထက် *လပိုင်းငယ်သေးတယ်၊ လေးလ* တစ်ရက်နေ့ရောက်ရင် ကျွန်တော်မွေးနေ့လက်ဆောင်ပို့လိုက်ပါ့ မယ်"

"ဟောတော့ . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

သဲစုမွန်တို့အုပ်စုလည်း ကန်တင်းမှာထိုင်ရင်း အတင်းတု
အမည်ရသော ဘာသာရပ်တစ်ခုကို ဆွေးနွေးတိုင်ပင်နေကြသည်။ ကျားထိုးသလို စစ်တုရင်ကစားသလို မဟုတ်ပဲ၊ ဘေးက ဝင်ပြောလို့ရ၍ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ နေရာအကန့်အသတ်မရှိ၊ အချိန်အကန့်အသတ်မရှိ၍ အားလုံးက သဘောကျကြ၏။ စကားလုံးရွေးချယ်စရာမလို။ (လိုအပ်ပါက ပို၍တစ်တစ်ခွခွ ပြောနိုင်ပါသည်။ မိန်းကလေးတိုင်းတွင်လည်း ထိုအခွင့်အရေးရှိ၏။)

"ဟဲ့ . . . စုမွန်၊ နင် မြတ်ကို့ကို ဘယ်လိုမြင်လဲ"

"ရှေ့ကလား၊ ဘေးကကြည့်ရင်လား"

စုမွန်၏ ငေါ့သက်သက်စကားကြောင့် ချောစုက မျက်စောင်းထိုးကာ . . .

"ကောင်းကောင်းပြောစမ်းပါဟာ၊ ငါထင်တာကတော့ ဒီကောင်လေးနက်မှုတွေကို ပေါ့ပေါ့ပါးပါး မြင်နေတတ်တဲ့ လူလားလို့ပါ"

ချောစုစကားကြောင့် အားလုံးတဒင်္ဂ ငြိမ်သက်သွားကြ၏။





အတန်ကြာမှ စုမွန်က တိုးညှင်းသည့် သက်ပြင်းလေးနှင့်အတူ မပေါ့မပါး ပြန်ပြောသည်။

"ငါတော့ မဝေဖန်ချင်ဘူးဟာ၊ ဝေဖန်တယ်ဆိုတာက ကောင်းစေချင်လို့ဆိုတဲ့ခေါင်းစဉ်နဲ့ အဆိုးကွက်တွေကို အရင်လိုက်ရှာနေရတာလေ၊ ငါကတော့ ရိုးရိုးလေးပဲမြင်ချင်တယ်"

"ဘာလဲ . . . ပုဆိုးနဲ့ တိုက်ပုံနဲ့လား"

"ခွေးမ . . . အကောင်းပြောရင် ဖောက်လာပြီ"

ရွတ်နောက်နောက်ပြောလိုက်သော ကေသွယ့်စကားကြောင့် စကားဝိုင်းဟာ ပြန်၍ပေါ့ပါးလတ်ဆတ်လာပြန်၏။ ကေသွယ်က . .

"မြတ်ကို့ကိုတော့ လျှော့တွက်လို့မရတာ အမှန်ပဲ၊ ဒါပေမယ့် သူလုပ်ချင်တာ လုပ်နေရရင် ကျေနပ်နေလားမှ မသိတာ"

"ဟုတ်မှာပေါ့၊ သူလာရင် အပျင်းပြေတယ်၊ ပြီးတော့လည်း ပြန်သွားတာပဲ၊ တကယ့် ပေါ့ပေါ့ပါးပါးပဲနေ၁်"

ချောစု၏ ထောက်ခံချက်အဆုံးမှာ ဆက်ဆွေးနွေးလို့ မရတော့ပေ။ ကန်တင်းထဲကို ချီချီကြွကြွဝင်လာသူက သူတို့၏အတင်းဝိုင်းရှင် မြတ်ကိုဖြစ်နေသောကြောင့် ဖြစ်သည်။ မြတ်ကိုက ခုံတစ်ခုဆွဲထိုင်ရင်း၊ လေပူတစ်ချက်မှုတ်ထုတ်ကာ . . .

"ခင်ဗျားတို့ ကြားဖူးကြတယ် မဟုတ်လား"

"ဘာကိုကြားရမှာလဲ"

"ဟိုလေ အမေရိကန်သမ္မတကလင်တန် အိမ်ထောင်ရေးဖောက်ပြန်တယ် ဆိုတာလေ၊ သူ့အတွင်းရေးမှူးမလေးနဲ့ . . ."

ရုတ်တရက်မို့ သဲစုမွန်တို့လည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ မြတ်ကိုအကြောင်းကို နည်းနည်းသဘောပေါက်ထား၍သာ တော်သေး၏။ မဟုတ်ရင်တော့ သိပ်မလွယ်လှ။ စပ်စပ်စုစုနိုင်တတ်သော ကေသွယ်က အရင်ပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ၊ အဲဒါက ကြာပြီပဲလေ"

"ဟုတ်ပါတယ်၊ ခုပြောမှာက သူပြောခဲ့တဲ့စကားလေ"

"ဘာလဲ ကိုယ်မှားသွားတယ် မိန်းမရယ်လို့လား၊ ခစ် ခစ်"

ချောစုက ဟာသလိုဝင်ပြောတာမို့ မြတ်ကိုက မပွင့်တပွင့်ပြုံးပြီး . . .

"မဟုတ်ပါဘူးဗျာ၊ ကလင်တန် ဒီလိုဖြစ်တော့ မကျေနပ်တဲ့သူတွေကလည်း မကျေနပ်ကြဘူးလေ၊ အဲဒါကို ကလင်တန်က သူအိမ်ထောင်ရေးဖောက်ပြန်တာဟာ သူ့နိုင်ငံကို သစ္စာဖောက်တာ မဟုတ်ပါဘူးတဲ့၊ သူ့မိန်းမတစ်ယောက်ထဲကို သစ္စာဖောက်မိတာပါတဲ့"

"ဘာပဲဖြစ်ဖြစ်လေ၊ သူက တစ်နိုင်ငံလုံးရဲ့ စံပြပုဂ္ဂိုလ်ပဲလေ၊ အမဲစက်ရှိတာတော့ မကောင်းဘူးပေါ့"

သဲစုမွန်က ခပ်တည်တည်လေးပင် ဝင်ရောက်ဆွေးနွေးသည်။ ကေသွယ်ကတော့ ဘာမှနားမလည်ဟန်နှင့် . . .

"ဒါနဲ့ နေစမ်းပါအုံး၊ အဲဒါတွေက ကျွန်မတို့နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လို့လည်း မဟုတ်ပါဘူး၊ ဆွေးနွေးကြည့်တာပါ၊ ဒီလိုဗျာ၊ လူတစ်ယောက်ဟာ စေ့စပ်ပြီးသား မိန်းကလေးတစ်ယောက်ကို ချစ်မိနေရင်၊ သူ့နှလုံးသားကိုသူ သစ္စာဖောက်ရာ ရောက်နေမလားလို့ပါ"

"ဒါကတော့ မိန်းကလေးအပေါ်မှာလည်း မူတည်သေးတာပဲ၊ ပြီးတော့ အခြေအနေတွေ၊ အချိန်အခါတွေကလည်း ရှိသေးတယ်လေ၊ ဆိုလိုချင်တာက သူတို့ချစ်နေတုန်းမှာ စေ့စပ်လိုက်တာလား၊ ဒါမှမဟုတ် စေ့စပ်ထားမှန်းသိရက်နဲ့ အတင်းကြိုးစားတာလား ဆိုတာတွေကလည်း ရှိသေးတယ်"

"မသဲစုမွန် ဆိုလိုချင်တာက . . ."

"မိုက်မဲခြင်းကို စွန့်စားခြင်းလို့ ခေါင်းစဉ်မပြောင်းမိဖို့ပါ၊ အဲဒီ





နှစ်ခုကို ခွဲခြားပြီးသိထားရင် ပိုစဉ်းစားလို့ရမှာပါ"

"ဟာ . . . ဟုတ်ပြီ . . ဟုတ်ပြီ၊ သဘောတော့ပေါက်သွားပြီ၊ သဲစုမွန်က တော်တော်စဉ်းစားတတ်တာပဲ၊ ဟုတ်တယ်ဗျ၊ ကျဉ်းထဲကျပ်ထဲရောက်ရင် မိန်းကလေးတွေ စဉ်းစားတာက ပိုပြီးမှန်တယ်ဆိုတာ တကယ်ပဲ"

ပွင့်ပွင့်လင်းလင်းကို ချီးကျူးလိုက်သောကြောင့် သဲစုမွန်လည်း အနေခက်သွား၏။ မြတ်ကိုတတော့ တကယ့်ကို လေးလေးနက်နက်ကို ပြောခြင်းဖြစ်သည်။ သူတို့နှစ်ယောက်ဆွေးနွေးနေတာကို နားလည်သလိုနှင့် နားမလည်ဘဲ နားထောင်နေရသည့် ကေသွယ်နှင့် ချောစုတို့ကာ စိတ်မရှည်တော့။

"တော်ပြီဟာ၊ နင်တို့ဟာတွေကလည်း ဘာတွေမှန်းမသိဘူး၊ အိပ်ချင်လာပြီ"

"အိပ်ချင်ရင်လည်း ဆိတ်ဖင်ကို မိတ်သလင်နဲ့ရောပြီး မအိပ်ခင်လေးတော့ စားလိုက် . . ."

"ဘာ . . ."

"ဩော် . . . အဆိပ်ပင် ကြေစေနိုင်တယ်တဲ့"

"ရှင့်ဟာ ရှင်စား . . ."

"ဒါကတော့ ပုလိပ်အမြင်လေဗျာ"

"ခစ် . . ခစ် . . ခစ် . . တော်ပါတော့၊ မြတ်ကိုရယ်"

အားလုံးတသောသောရယ်ကြတော့သည်။ ကေသွယ်ပင် စိတ်ဆိုးချင်ယောင်ဆောင်မရတော့။ စကားဝိုင်းဟာ ပိုပြီးပူနွေးစိုပြေလာသလို ခံစားရသည်။ အားလုံး၏စကားမြစ်တွေထဲ ရင်းနှီးမှုတွေပိုပြီး ဖျော်ဝင်လာသလို နွေးထွေးသက်ဝင်နေကြသည်။

"မြတ်ကို . . . ကျွန်မကို ဗေဒင်တွက်ပေးစမ်းပါအုံး"

မြတ်ကိုစိတ်အနည်းငယ် ပြန်ညစ်သွား၏။ ဒီလောက်ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



များရင်တော့ ဉာဏ်ပူဇော်ခယူရတော့မလား မသိပေ။ သူ့ကိုတွေ့တာနှင့် လူတွေလည်း တစ်မျိုးစီကို ပြောနေကြသည်။

"လာပြန်ပြီဗျာ၊ ကျွန်တော် ခင်ဗျားတို့ကို သင်ပေးထားရင် ကောင်းမလားမသိဘူး၊ ပိုက်ဆံလည်း ရတာမဟုတ်ဖူး"

မြတ်ကို ဆရာကြီးစတိုင်(လ်)နှင့်ပြောတော့ ကေသွယ်လည်း မျက်လုံးလေးလက်ပြီး . . .

"သင်ရင် ကြာလားဟင်"

ကေသွယ်ကိုကြည့်ကာ မြတ်ကို မလိုအပ်ဘဲ စဉ်းစားဟန်လေးလုပ်ရင်း . . .

"အင်း . . . ပညာဆိုတာကတော့ လိုက်လို့ဘယ်ကုန်ပါ့မလဲ၊ ဒါပေမယ့် ပညာမစုံပဲ အစွမ်းပြချင်ရင်တော့ စုန်းမကြီးလို ဖြစ်နေအုံးမယ်"

"ရှင် ဘယ်လို . . ."

အားလုံးမျက်ဝန်းတွေက စိတ်ဝင်စားဟန် အထင်းသားမို့ မြတ်ကို ချောင်းတစ်ချက်ဟန့်ကာ . . .

"စုန်းမကြီးက ပညာမစုံပဲ လူရှေ့မှာ အစွမ်းပြတယ်လေ၊ ဘာလုပ်လည်းဆိုတော့ လူရှေ့မှာ ဝုန်းဆိုထိုင်ပြီး ထမီခြုံထည့်လိုက်တာ"

"ဟင် . . . ဘာဖြစ်သွားလဲ"

"အမှန်ဆိုရင်တော့ လဒဖြစ်ရမှာလေ၊ ပညာမစုံသေးတော့ ဖင်ပေါ်သွားတာပေါ့"

"ခစ် . . ခစ် . . ခစ် . . အကောင်းမှတ်လို့ နားထောင်နေတာ"

"ဟုတ်ပါ့၊ တော်ပြီ တော်ပြီ မသင်ချင်တော့ဘူး၊ လုပ်ပါ နောက်တစ်ခါ ရှင့်ကို မမေးတော့ပါဘူး"

ကေသွယ်က အရေးထဲမှာကို အရာပေါ်နေသည်။ မြတ်ကို လည်း ခုနစ်ကိုမေးပြီး စဉ်းစားဟန်နှင့် . . .





"မကေသွယ်က ကြက်ဖြစ်မယ်ထင်တယ်"

"ရှင် . . ."

"ဟယ် . . . ကေသွယ်ရယ်၊ နင် . . ."

အားလုံးက စုတ်တသတ်သတ်။ ကေသွယ်ဆို မျက်လုံးလေးကို အဝိုင်းသား။ သူ့ဘဝသူ နာကျည်းသွားလားတော့မသိ။ မြတ်ကိုက လက်အမြန်ကာပြပြီး စာအုပ်ထုတ်ကာ . . .

"နေအုံး နေအုံး၊ ပြန်ကြည့်လိုက်အုံးမယ်၊ ဟာ . . . ဆောရီး မကေသွယ်က မြင်းဗျ၊ မြင်းနှစ်ဖွား . . ."

"အင်း . . . တော်ပါသေးရဲ့"

ခုမှပဲ သက်ပြင်းကျတော့သည်။ ဒါတောင် မရပ်သေး။

"မြင်းနှစ်ဖွားက ဘယ်လိုဖြစ်တတ်လဲဟင်"

"ကျွန်တော်လည်း ဆရာကြီးတော့ မဟုတ်ဖူးနော်၊ သိသလောက် ပြောပြတာ၊ မြင်းနှစ်ဖွားတွေဟာ ယေဘုယျအားဖြင့်တော့ ပင်ပန်းတတ် တယ်လို့ ပြောတာပဲ၊ မြင်းတွေကို ကြည့်ပါလား"

"အင်းနော်၊ ကျွန်မကတော့ ပင်ပင်ပန်းပန်း မနေခဲ့ရသေးဘူး၊ ဘယ်တော့မှ ပင်ပန်းမှာလဲ"

မြတ်ကို စိတ်အတော်ညစ်သွား၏။ ဒီအထိတော့ သူလည်း သိ၊ ဆရာဆိုတော့လည်း ရမ်းတုတ်ရတော့မည်။

"ကျွန်တော်လည်း အဲဒါတော့ ဘယ်သိမှာလဲ၊ သေချာတာကတော့ ယောက်ျားရရင် ပင်ပန်းမှာပေါ့"

"ရှင် ဘယ်လို . . ."

"ဩော် . . အိမ်ထောင်သည်ဘဝရောက်ရင် အနည်းနဲ့အများတော့ ပင်ပန်းမှာပေါ့၊ မဟုတ်ဖူးလား"

ကေသွယ်လည်း ဒီတစ်ချက်တော့ ဖြေဆည်နိုင်လောက်သည်။ မြတ်ကို့ကို ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှင့်ဇာတာကရော . . ."

"အဟဲ . . . ကျွန်တော်က နဂါးနှစ်ဖွားဗျ နေတက်ရေတ

စနေသား"

"ရှင်ဟာကျတော့ အကောင်းတွေပဲ"

"ချွတ်ယွင်းချက်တော့ ရှိတာပေါ့လေ၊ မဟာဘုတ်တိုင်ထူ

ကျွန်တော်က အောက်တန်းကဗျ၊ ပုတိဖွား . . ."

"ဒါပေါ့ . . . မကောင်းတာလေးတော့လည်း ရှိအုံးမှပဲ"

သဲစုမွန်က ကျေကျေနပ်နပ်လေး မျက်စောင်းထိုးကာ လှ

ပြောသည်။ မြတ်ကိုက လှလှပပခံယူရင်း . . .

"ဒါတော့ မသဲစုမွန်ရယ်၊ ပုတိသဘော မကျော်ဇော

ဒါပေမယ့် ကျော်ဇောပုတိ အတုမရှိလို့ ဆိုသေးတာဗျ၊ ကြည့်ပါလ

ဟိုလေ ဗိုလ်ချုပ်အောင်ဆန်းက ပုတိဖွားပေါ့"

"ကဲ . . . ဟုတ်ပါပြီ၊ လူ့အကောင်းစားကြီးရယ်"

သဲစုမွန်က ခပ်ငေါ့ငေါ့လှမ်းပြော၏။ ကေသွယ်နှင့်ချောစုလ

ဇာတာမကောင်း၍ စိတ်ထောင်းသွားလားမသိ။ သိပ်မကျေနပ်ချ

နှစ်သိမ့်လိုက်အုံးမှဆိုပြီး . . .

"ဇာတာမကောင်းပေမယ့် စိတ်ဓါတ်မကျပါနဲ့ဗျာ၊ ကံဆို

လူကလုပ်တာဗျ"

မျက်လုံးလေးများ ပြန့်လက်လာကြသည်။ စကားကမဆုံးသေ

"အလွယ်ဆုံးအလုပ်ကတော့ ဇာတာကောင်းတဲ့ ယောက်

ရှာယူပေါ့ဗျာ။ ဥပမာ ကျွန်တော့်လိုပေါ့။ ဟဲ ဟဲ . . ."

"ခွေးကောင် လူလည် . . ."

"ငပေါ . . ."

"သေလိုက် . . ."

မြတ်ကိုကတော့ ကန်တင်းထဲမှ ပေါ့ပေါ့ပါးပါးပင် ထွက်လ





လိုက်သည်။ မပေါ့မပါးနှင့် ကျန်ရစ်ခဲ့ကြတာကတော့ သဲစုမွန်တို့အုပ်စု။ ဖြစ်မှဖြစ်ရလေ သဲစုမွန်တို့ရယ်။ ကိုယ်ဝန်မဆောင်ပဲနဲ့များ မပေါ့မပါး ဖြစ်ရတယ်လို့ . . . ဟင်း . . .။

* * * *

www.burmeseclassic.com

(၁၃)

အမှန်တော့ ဒီကိစ္စတွေအားလုံးဟာ မြတ်ကိုဘက်က စခဲ့ခြင်း ဖြစ်သည်။ သဲစုမွန်တို့ကတော့ မိန်းကလေးတွေဖြစ်၍ မြတ်ကိုဆီမသွား ပေ။ မသွားတိုင်းလည်း မျှော်နေခြင်းမဟုတ်ပါ။ ထို့ကြောင့်လည်း မြတ်ကိုက တကူးတကန့်မသွား။ တွေ့ရင်စကားပြောဖြစ်ကြသည်။ ရိုးရိုး လေးပင် ဖြစ်သည်။

သဲစုမွန်ဘက်ကကြည့်ရင်တော့ မြတ်ကိုလာရင် အပျင်းပြေ သည်။ တစ်ခါတစ်ခါ မကြားဖူးတာတွေပင် ကြားရ၏။ သူ့မွေးနေ့ကိုပင် ဉာဏ်သုံးပြီး သိအောင်လုပ်သွားနိုင်တာကိုကြည့်ပြီး ပေါ့သေးသေး မဟုတ်မှန်းသိသည်။ သဲစုမွန်စိတ်ထဲမှာလည်း တစ်ရက်တစ်ရက် ရည်းစား စကားပြောခံနေရသည့် စကားတွေထက် မြတ်ကို၏ ပေါက်ကရတွေက နားထောင်လို့ကောင်းသေးသည်ဟု ထင်မိသည်။ မြတ်ကို့ကိုကြည့်ရ တာ သူ့ကိုချဉ်းကပ်လာသော ပုံစံမျိုးမဟုတ်ဟု ထင်မိသည်။

မတော်တဆတွေ များလာတဲ့အခါ ထိုသို့ဖြစ်လာ၏။

"မြတ်ကို . . . မြတ်ကို"





"ဘာလဲကွာ၊ ဒီမှာ ကဗျာတစ်ပုဒ်ရေးနေတာတောင် ဘယ် ရောက်သွားပြီလဲ မသိဘူး"

ကျော်စွာမိုးက မြတ်ကိုကုတင်မှာလှဲနေရာမှ ထထိုင်လိုက်ပြီး-

"မင်းနဲ့ သဲစုမွန်နဲ့က ဘာလဲကွ"

"ဒီလိုပါပဲကွာ၊ ရိုးရိုးသူငယ်ချင်းတွေလိုပါပဲ"

ကျော်စွာမိုးက သိပ်ဘဝင်မကျချင်။ ဘာမေးရမလဲဟု စဉ်းစား နေတုန်း စာကြည့်စားပွဲမှာထိုင်နေသည့် ထွန်းနောင်ဝင်းက မနေနိုင် တော့ပဲ . . .

"ရိုးရိုးဆိုတာ နောက်ဆန်းသွားနိုင်တာမျိုးလားကွ"

"ငါ့ဘက်ကတော့ အတိုင်းအတာတစ်ခုအထိ အာမခံနိုင်ပါ တယ်"

ထွန်းနောင်ဝင်းက မျက်မှောင်ကြုတ်ပြီး . . .

"ဘယ်လို အာမခံနိုင်တာလဲ"

"ငါ့ရည်းစားမရသေးခင်ချိန်ထိ သူတို့နဲ့ ဒီလိုပဲ နေနေမှာပဲ လို့ပါ။ ရည်းစားရပြီးရင်တော့ တစ်မျိုးပေါ့ကွာ"

"သဲစုမွန်က လှတယ်နော်၊ ဟင်း . . ဟင်း . . ."

"ငါလည်း မဆိုးပါဘူးကွ၊ ဟဲ . . ဟဲ . . ."

ထွန်းနောင်ဝင်းစကားက သဲစုမွန်လှ၍ ရည်းစားတစ်ယောက် ရသွားနိုင်သည်ဟု အဓိပ္ပာယ်ထွက်ပြီး၊ မြတ်ကိုစကားကလည်း တစ်ခြား သူတပတရည်းစားတစ်ယောက် ရနိုင်သေးသည်ဟု အဓိပ္ပာယ်ထွက် နေလေသည်။

"ဒါဆို မင်းဘာဖြစ်လို့ နေခြည်လင်းကို မလာတာလဲ၊ ငါတို့က သူငယ်ချင်းအရင်းကြီးတွေပါကွ"

မြတ်ကိုလည်း ရေးလက်စစာအုပ်ကိုပိတ်ကာ ရယ်ကျဲကျဲလုပ် ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က အတွဲကိုယ်စီနဲ့လေကွာ၊ မင်းတို့ဘဝလေးတွေ သာယာပါစေတော့ဆိုပြီး မလာတာ၊ လာမနှောင့်ယှက်ချင်ပါဘူးကွာ"

မြတ်ကိုစကားကြောင့် ကျော်စွာမိုးက အားမလိုအားရဟန်နှင့် ခပ်ဖွဖွထိုးပြီး . . .

"လာစမ်းပါကွာ၊ တစ်ခါတလေ လာနှောင့်ယှက်စမ်းပါ၊ ဖျင်းလွန်းလို့၊ ထိုင်ပြီးရင် ဘာပြောရမှန်း မသိတော့ဘူး၊ အဲဒါကျတော့လည်း မချစ်တော့ဘူးဆိုပြီး စိတ်ကကောက်ပြန်ရော"

"ဟား . . ဟား . . ဟား . . စောစောရှည်းစားထားတဲ့ကောင်ခံပေါ့ကွာ၊ ငါမပြောဘူးလား၊ စောင့်ပါဦးလို့"

"အေးကွာ၊ ဟုတ်တော့ ဟုတ်သားကွ"

ဒီစကားတွေသာ တင်တင်မာတို့၊ ဇင်မာတို့ ကြားရင်တော့ ရင်နာလို့ဆုံးတော့မည်မထင်။ ဒီဘက်မှာလည်း သဲစုမှာ ဘဲဥလို ဖြစ်နေလေသည်။ မွေးခွန်းတွေက အစပင်ရှာမရတော့။

"ဟဲ့ . . . ငါထင်တာကတော့ မြတ်ကို သဲစုကိုများကြိုက်နေလား မသိဘူးနော်"

"အင်း . . . ထင်တော့ မထင်ရဘူးနော်၊ ဒါပေမယ့် တခါတလေမှာ ယောကျ်ားလေးတွေလည်း ဟန်ဆောင်တတ်ကြတာပဲ"

ခက်ချေပြီ။ မဖြေရှင်းပဲ ငြိမ်နေပြန်ရင်လည်း ကိုယ်က ကြိုက်ချင်လာကြိုက်ပါစေ ဆိုသည့်သဘောမျိုး။ ဖြေရှင်းရအောင်လည်း မြတ်ကိုနှင့်သူမက ဖြူဖြူစင်စင်ပင်။ ဘာလုပ်ရမှန်းမသိ။ ဝိုင်းကျပ်ပါစေတော့ ဆိုပြီး မှိန်းနေရအောင်လည်း မဖြစ်သေး။ ဒါကြောင့်မို့ တစ်ခုခုတော့ ပြောရတော့သည်။

"ဟဲ့ . . နင်တို့က မြတ်ကိုအကြောင်း ဒီလောက်ပြောနေတာ နင်တို့ စိတ်ဝင်စားနေလို့လား"

"စိတ်မဝင်စားလို့ပေါ့ဟာ၊ စိတ်ဝင်စားရင် ငြိမ်ပြီးစိတ်ကူးယဉ်





နေမှာပေါ့"

ချောစုက ချက်ချင်းပြန်ပြော၏။ ဘယ်လိုနေရမှန်းကို မသိတော့။

"တော်ပြီဟာ . . . စာကျက်တော့မယ်"

ဆိုပြီး ပွဲသိမ်းလိုက်ရသည်။ ဒါတောင် ကေသွယ်က . . .

"ငါကတော့ စာကျက်ရင် အသံထွက်ပြီး ကျက်မှရတာ၊ မဟုတ်ရင် တစ်ခြားအာရုံတွေ ခေါင်းထဲရောက်ရောက်လာလို့ဟာ"

နဂိုထဲက အသံတိတ်စာကျက်တတ်သည့် သဲစုမွန်လည်း အော်ပြီး ကျက်ရမလို ဖြစ်သွားသည်။ စိတ်က တိုလာတာမို့ နှုတ်ခမ်းလေးစူပြီး ထပိတ်လိုက်တော့၏။ မဟုတ်ရင်လည်း စလို့ဆုံးတော့မှာ မဟုတ်။ ဒါတောင် အသံသဲ့သဲ့က . . .

"စောစောအိပ်တော့လည်း စောစောအိပ်မက်,မက်တာပေါ့၊ ချောစုရယ် . . . နော်"

"အေးပေါ့ . . . အဟီ"

စိတ်ထဲပျစ်ပျစ်နှစ်နှစ်ကို ကျိန်ဆဲလိုက်သည်။ ခွေးမတွေ . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ရင်ကျော်၊ ပုတ်ရင်ပေါ် ဆိုသည့် စကားတော့ ကြား

သည်။

မြတ်ကိုမှာတော့ မဟုတ်ပဲနှင့် သတင်းကကျော်သည်။ ခုလည်း မဟုတ်ပဲ ပေါ်ပြန်လေပြီ။ ပုဆိုးလည်း မပြ၊ ချော်လည်း မလဲရပဲ ခြင်းဖြစ်သည်။ ထို့ကြောင့် ဖင်ပေါ်ခြင်းမဟုတ်ပါ။ ဖင်မပေါ်သော ကြောင့်လည်း တစ်ခြားအရာများ ပေါ်သွားလေသည်။

အစကတော့ မပေါ်သေး။ ကျောင်းသွားခါနီး ဆီချက် ကြိတ်လိုက်မယ်ဆိုပြီး ဥဩကိုအလာမှာ အောင်အေးသန်းက လှမ်း တော့သည်။ မြတ်ကိုက တစ်ခန်းထဲနေသူမို့ မာနမကြီးတော့ပဲ သွ လိုက်သည်။ ဆီချက်ပင် မမှာရသေး။ အောင်အေးသန်းနှင့်ထိုင် သော ကျောင်းသားက သူ့ကို ပြုံးတူးပြုံတဲကြည့်ကာ . . .

"ဟင် . . . ဆရာ၊ ဟာ . . မဟုတ်ဖူး၊ ခင်ဗျား ဘယ်သူ

သွားပြီ။ တစ်ခါက ဆုံးမလိုက်သည့် ဖြိုးကိုဆိုသော ကောင် . . .။ အောင်အေးသန်းခေါ်သံကြောင့် ဆရာမဟုတ်မှန်း သိသွား





သည်။ မြတ်ကိုက ပြုံးဖြဲဖြဲလုပ်ရင်း . . .

"အဟဲ . . . ညီလေးက မှတ်မိသားပဲ၊ ဘယ်လိုလဲ ရောဘတ် အိုဝင်ကို သိသွားပြီလား"

"ဟာဗျာ၊ ခင်ဗျား တော်တော်နောက်တဲ့လူပဲ၊ ကျွန်တော်က ဆကယ်ထင်သွားတာဗျ"

စိတ်မဆိုးတတ်၍ပင် တော်သေးသည်။ မြတ်ကိုလည်း ဖြစ်စဉ် ကို ပြန်ရှင်းပြရတော့သည်။ ကိုယ့်ဘက်ကမှ မမှားတာကိုး။ ရှင်းပြရင်း င် ငါရုပ်အတော်အိုစာသွားပြီလားလို့ စိတ်မကောင်း ဖြစ်မိသေးသည်။ ပြီးမှ ဆရာဖေယျာဝင်းဆွေတို့ ဆရာနေမင်းအေးတို့ကလည်း သက်ကြီးပု နေတာကိုးလို့ ဖြေတွေးရသည်။ (ကြားရင်လာရိုက်ဦးမည်။)

အောင်အေးသန်းက ဆို၏။

"ဖြိုးကို . . မင်းဆရာနာမည်ကတော့ မြတ်ကိုကွ၊ မင်းကိစ္စကို ကောင့်အကူအညီတောင်းကြည့်လေ"

ဖြိုးကိုက မျက်နှာလေးရှုံ့မဲ့ကာ မယုံသလိုကြည့်ရင်း . . .

"မဖြစ်ပါဘူးဗျာ၊ အရင်တစ်ခါကလည်း အဆင်ပြေခါနီးမှ င်ဗျားလူ ဝင်လုပ်လို့ပျက်သွားတာ"

အရေးထဲ ကိုယ်က လူကြမ်းဖြစ်ရသေး။ ဟိုက မကြည့်လို့ ိုင်တာကိုများ။ အဆင်ပြေခါနီး လုပ်နေသေးသည်။ မြတ်ကိုက ဖြိုးကို ိုတဲ့ ပုပုသေးသေးကောင်လေးကိုကြည့်ပြီး မရှုစိမ့်စွာပဲ . . .

"ဟုတ်ပ့ါမလား ဖြိုးကိုရာ၊ မင်းလိုက်လာလို့ ငါ့ကိုဆရာမှတ် း တိုင်တာလေ၊ ငါတောင် မနည်းဖျောင်းဖျလိုက်ရသေးတယ်"

"ရှက်သွားလို့ပေါ့ဗျ၊ ဟာ ဟုတ်ပြီ၊ ကိုအောင်အေးသန်းပြော ာ သူလား"

ဖြိုးကိုက ရုတ်တရက် အောင်အေးသန်းဘက်ကို လှည့်မေး ိုတ်သောကြောင့် အောင်အေးသန်းက ရောယောင်ခေါင်းညိတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်လေ၊ မင်းနဲ့တွေ့ပေးမယ်ဆိုတာ"

"ဟာ . . ကိုအောင်အေးသန်းရာ၊ ခင်ဗျား ဘာတွေရှုပ်ထား ပြန်ပြီလဲ"

မြတ်ကို စိတ်ပျက်လက်ပျက် ညည်းတော့သည်။ ခုတလော ဒီလူလည်း သူ့ပြဿနာတွေကို မြတ်ကိုဆီလွှဲပေးပြီး လွတ်လွတ်လပ်လ အသဲကွဲနေလားမသိ။ ခုလည်း လာပြန်ပြီ။ ဖြိုးကိုဆိုသည့် ငနဲလေ လည်း မြတ်ကို့ကိုကြည့်ပြီး . . .

"လုပ်ပါ၊ ကိုမြတ်ကိုရာ၊ တကယ်ဆိုရင် ခင်ဗျားက ဒီအတိုင် တောင် ကူညီရဦးမှာ"

"ဟေ . . . ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမှာလဲ၊ အရင်တစ်ခါလည်း ခင်ဗျားကြောင့် ဖျာ သွားတာလေ"

နဂိုထဲကမှ ဝေယျာဝစ္စများသည့် မြတ်ကိုလည်း ခုကိစ္စ ကိုယ်ကပါ ပတ်သက်ခဲ့သလို ဖြစ်နေသောကြောင့် မငြင်းသာတော့ ဒါပေမယ့် အရမ်းကြီးလျှော့ပေးရင်လည်း ဈေးပေါ်သွားမှာစိုးတာကြော အတန်ငယ် စဉ်းစားဟန်နှင့် . . .

"နေစမ်းပါဦးကွာ၊ မင်းဒီလောက်တောင် အဖြစ်မရှိဘူးလား"

ဖြိုးကို နည်းနည်းတော့ အောင့်သက်သက် ဖြစ်သွားဟန် သည်။ ဒါပေမယ့် ကိုယ့်အကြောင်းကိုယ်သိတာမို့ သက်ပြင်းအသာ

"ကျွန်တော်လည်း မညံ့ပါဘူးဗျာ၊ ဒီတစ်ခါကျမှ ဘယ်လို နေလဲ မသိပါဘူး"

မသိရင်တော့ ရည်းစားတွေ သက်စေ့ထားခဲ့သလိုလို၊ ခုတော လည်း အပူမိလို့။ မြတ်ကိုက ပြုံးစစနဲ့ကြည့်ပြီး . . .

"မင်း ကိုတင်မောင်ဆွေအဆောင်က မဟုတ်လား"

"ဟုတ်ကဲ့ . . ."





"ထင်သားပဲ၊ မင်းတို့အဆောင်က လူတွေက အဝတ်အစား ဝတ်ဖို့နဲ့ ဘောလုံးပွဲလောက်ပဲ စိတ်ဝင်စားတာကိုးကွ"

ဖြိုးကိုက ရှက်ရှက်နှင့်ရယ်သည်။ မြတ်ကိုလည်း ရတုန်းလေးမို့ ဒီပြော၏။

"ဒီမှာ ဖြိုးကို၊ ငါပြောမယ်၊ မင်းအဝတ်အစား ဝတ်ပြတာ လောက်နဲ့ အထင်ကြီးမယ့်ခေတ် မဟုတ်တော့ဘူးကွ၊ အချစ်မှာ မျက်စိ မရှိဘူးဆိုတာ ကြားဖူးတယ်မဟုတ်လား"

"အေး . . . အဲဒါပဲ"

"ဗျာ . . . ဘယ်လိုလဲ"

မြတ်ကိုမဖြေတော့။ အောင်အေးသန်းက ဖြိုးကို့ကို မမေးနဲ့ တော့ဆိုပြီး မျက်ရိပ်ပြသည်။ မြတ်ကိုလည်း တကယ့်ကို စဉ်းစားနေ ပါသည်။

အင်း ဒီအချိန်ဆိုရင်တော့ ဘဲဥခွံလေးတော့ ပြန်သွားပြီ။ ဒီ ဆီချက်ဖိုးတော့ ဖြိုးကို့ကိုပဲ ရှင်းခိုင်းရတော့မှာပဲ။ လုပ်ပေးရမှာတွေက များကြီး . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

အဆောင်သစ် (ဒက္ခိဏဆောင်) ဘက်သို့ ခြေလှမ်းတည်တော့ ထွန်းနော်ဝင်းက လှမ်းမေးသည်။

"ဒါက ဘယ်ကိုလဲကွ"

မြတ်ကိုက အတိုချုံ့ရှင်းပြလိုက်ရသည်။ မဟုတ်ရင် လိုက်လာ နေဦးမှာ သေချာသည်။ ကျော်စွာမိုးကတော့ လှောင်သလိုကြည့်ပြီး

"အဲဒါပေါ့ကွာ၊ ဖင်အောက်က 'အမှုပေါ်'တယ်ဆိုတာ"

နားပင်အတော်ရှုပ်သွား၏။ ဖင်အောက်က အမှုဆိုတာ ဘယ်လိုအမှုကို ခေါ်သနည်း။ သူမသိပါ။ လူကြီးတွေ ပြောနေတာတော့ ခဏခဏ ကြားဖူးသည်။ ရိုင်းရိုင်းစိုင်းစိုင်းတော့ မဟုတ်တန်ရာ ထိုင်နေရင်အကောင်းသား ထသွားမှကျိုးဆိုတာမျိုး ဖြစ်လိမ့်မည် ထင်မိသည်။ ထိုအခါမှ ဘဝင်ကကျ၏။ ငါနှယ် . . .။

တစ်ယောက်၊ တစ်ယောက်နှင့် သိပ်မစောင့်လိုက်ရ။ အတော် ကြာတော့ နွေးနွေးဆိုသည့် အာကြီးပရိသတ်လေး ထွက်လာတာတွေ့ လိုက်ရသည်။ နှောင့်ယှက်မယ့်သူမရှိတော့၍ ခဏခဏ ရှုပေါက်





လား မသိချေ။

မြတ်ကို့ကိုမြင်တော့ မျက်မှောင်ကုတ်ပြီး၊ မသိချင်ဟန်ဆောင် သည်။ ဒီလောက်တော့ မြတ်ကိုလည်း မဖြုံပါ။ ခပ်ပြုံးပြုံးလေးလုပ်ပြီး

"နွေးနွေး . . . ဟဲ့ . . . နွေးနွေး သမီးလေး . . ."

ကောင်မလေးက ဆတ်ကနဲ စူးစူးရဲရဲလှမ်းကြည့်ပြီး . . .

"ရှင် လူမှားနေပြီ၊ ကျွန်မ နွေးနွေးမဟုတ်ဖူး"

ကောင်မလေးက ခပ်တည်တည်ပင်။ ဟုတ်ရဲ့သားနှင့် အခံရ ခက်လှသည်။ မြတ်ကိုလည်း ကြိုးစားဦးမှပဲဆိုပြီး . . .

"မမှားပါဘူး၊ သမီးက နွေးနွေးပါ၊ ဟို အာကြီးကိုကြိုက်တဲ့ နွေးနွေးလေ၊ ဟိုတစ်ခါ မအားဘူးတောင် ပြောသွားသေးတာပဲ"

"ဘာ . . . အာကြီးလဲ၊ လူကို သမီး၊ သမီးနဲ့ မခေါ်နဲ့နော်၊ ရှင်က ဆရာအစစ်လည်း မဟုတ်ပဲနဲ့"

"အင်း . . ဒါဆို၊ ကျွန်တော့်ကို မှတ်မိသွားပြီပေါ့၊ ဟုတ်လား နွေးနွေး"

"အယ် . . ."

သူ့စကားနှင့်သူ ညာလို့မရတော့ . .။ မြတ်ကိုက အမြန်ပင် ရှင်းပြရတော့၏။

"အဲဒီနေ့က ကျွန်တော်က ဆရာခိုင်းလို့ မိန်းထဲသွားရတာပါ၊ တိုက်ပုံမချွတ်မိသေးတာနဲ့ နွေးနွေးက လူမှားသွားတာပါ"

"ဒါဆိုလည်း စောစောစီးစီး ပြောပါလား"

နွေးနွေးက မျက်စောင်းလေးထိုးကာ ပြောသည်။ အခြေ အနေက မဆိုးလှ။ ပေါင်းရသင်းရ လွယ်မယ့်ပုံစံမျိုး။

"ကျွန်တော် ပြောမလို့ပဲလေ၊ အဲ နွေးနွေးရဲ့ အခက်အခဲကို ကူညီချင်တာနဲ့ ဝင်ဖောလိုက်တာ၊ အမိက,က နွေးနွေးအကောင်ပြေသွား ဖို့ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကတော့ ထိဟန်တူသည်။ နွေးနွေး ငြိမ်ကျသွားကာ–

“ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ကျွန်မလည်း မိုးပြည့်ပြောတော့ ပထမရှက်သွားသေးတာပေါ့။ ရှင်က ဆရာမှမဟုတ်တာ”

“ကျွန်တော့် ရုပ်က အဲဒီလောက်တောင် ရင့်နေလို့လားဗျာ”

မြတ်ကို ညောင်နာနာအသံလုပ်ပြောတော့ နွေးနွေးလည်း တစ်ချက်စဉ်းစားပြီး . . .

“ကျောင်းမှာတော့ ဆရာငယ်ငယ်တွေလည်း ရှိတော့လေ အဲ . . . ရှင်က နုပါတယ်၊ ရုတ်တရက်ကြည့်ရင် လေးဆယ်လောက်ထင်ရတာ”

“ဗျာ . . .”

“ဪ . . . သေချာကြည့်မှ လေးဆယ့်ငါးလောက်ပါပဲ၊ ခစ် . . ခစ် . . ခစ် . . .”

နွေးနွေးက ဆံပင်လေးလှုပ်အောင်ရယ်သည်။ (ဒီလိုရယ်ရင်လှတယ်လို့ မြှောက်ပေးထားၡလည်း ဖြစ်နိုင်သည်။) မြတ်ကိုက သတိရသွားဟန်နှင့် . . .

“နွေးနွေးက နောက်တတ်သားပဲ၊ ဒါနဲ့ မြန်မာစာ မြန်မာစကားရော . . .”

“ဟင် . . . ဘယ်သူ . . .”

“ဟာ . . . ဆောရီး . . . ဟို မိုးပြည့်ကို ပြောတာပါ”

“မိုးပြည့် . . ဟုတ်လား။ အတန်းထဲမှာ ရှိပါတယ်၊ ဒါနဲ့ဘယ်လိုခေါ်လိုက်တယ်”

“အဲ . . .”

ရှင်းပြခွင့်တောင် မရလိုက်ချေ။ ရှေ့လေးငါးလှမ်းဆိုလျှင် မြတ်ကိုတစ်ယောက် မိန်းကလေးအိမ်သာထဲ ရောက်တော့မလိုဖြစ်နေ၏။ ကိုယ်ရှိန်ကိုအမြန်သတ်ပြီး . . .





“ကဲ . . . နွေးနွေးရေ အန္တရာယ်လွယ်မထားနဲ့တော့ နောက်နေ့မှပဲ ရှင်းပြတော့မယ်၊ သွားပြီ . . .”

နွေးနွေးမှာ မျက်နှာလေးရဲ့ကာ ကျန်ခဲ့တော့သည်။ သူလည်း ပြောရင်းနဲ့ မျောနေတာကိုး။

* * * *



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ကိုမြတ်ကိုရာ၊ တော်သေးတာပေါ့၊ စကားတွေမကျွံ သေးလို့"

"ဘာဖြစ်လို့လဲကွ၊ အခြေအနေ ကောင်းနေတာပဲ"

နွေးနွေးနှင့်ပတ်သက်ပြီး အခြေအနေကောင်းကြောင်း ပြောပြ ချိန်မှာပဲ ဖြိုးကို အခြေအနေမကောင်းတော့။ အရပ်ပုရတဲ့အထဲ မျက် ပြူးဆံပြာ ဖြစ်လာသည်။ မြတ်ကိုလည်း နားမလည်တော့။ ဖြိုးကိုက-

"လွဲပြီဗျ . . . လွဲပြီ၊ ကျွန်တော်ကြိုက်တာက မိုးပြည့်ကိုပြော တာ"

"ဟေ . . . ဒါဆို အဲဒီနေ့က နွေးနွေးက . . ."

"သူ့ကို အောင်သွယ်ခိုင်းမလို့ အရင်ချဉ်းကပ်တာပါဗျာ၊ အရေး ထဲ သူက အသားယူသွားသေးတယ်၊ အဲဒါကြောင့် မျက်စောင်းထိုးထိုး ကြည့်တာကိုး၊ အီလည်လည်နဲ့ဗျာ"

ဖြိုးကို အောင့်သက်သက်ဆိုသည်။ မြတ်ကိုက မိုးပြည့်ဆိုရှဲ အတော်ပင်နှမြောသလို ဖြစ်သွားသေးသည်။ ပြီးမှ တစ်လောကလုံးကို





လိုက်ချိန်နေလို့ မဖြစ်သေးပါဘူးလေဟုတွေးပြီး . . .

"အေးလေ၊ မိုးပြည့်ဆိုလည်း မိုးပြည့်ပေါ့၊ နွေးနွေးနဲ့ခင်တာ ကတော့ အကျိုးမယုတ်ပါဘူးကွာ၊ မင်းလည်း ငါပြောသလိုလုပ်နော်၊ လိုအပ်ရင်ပြောမယ်၊ ကြားလား . . ."

"စိတ်ချပါ ကိုမြတ်ကိုရာ၊ ကျွန်တော် မိုးပြည့်အတွက်ဆို ဘာပဲ လုပ်ရလုပ်ရပါ"

ပြောသာပြောနေ၏။ ဒီငတိလေး သန်လျင်တံတားပေါ်က ခုန်ချဆိုရင်တောင် ခုန်ချရဲမှာမဟုတ်။ ငါဆိုရင်ရော၊ ဟင်း . . မတွေး ရဲတော့ပါဘူး။ အန္တရာယ်များလှသည်။ ပြီးတော့ အဖန်ငါးရာ ငါးကမ္ဘာ ကြီးတောင်။ လုပ်ဖူး . . .။

အိပ်မပျော်သူအဖို့ ညတာရှည်လွန်းသည်။ မြတ်ကိုလည်း တော်တော်နှင့် အိပ်မပျော်ချေ။ လူးလွန့်နေရာမှထပြီး ဝရံတာထွက် ကြည့်မိသည်။ ရိုးစင်းနေသောညသည် သစ်ရွက်သစ်ခက်ကြားမှ ယို စိမ့်ကျလာသော လရိပ်အစက်ပျောက်လေးများနှင့် ဆန်းပြားစွာ လှနေ ပြန်သည်။

အဝေးက လေးတိုးသံသဲ့သဲ့။ ပြီးတော့ အရိုင်းပန်းတို့ရဲ့ ရနံ့။ သစ်ခက်မှာငြိသော လရိပ်ကလေး။ ရှေ့က တွန့်ခွေနေသည့် မြေနီ လမ်း။ လူတို့ မဖန်တီးနိုင်သော သဘာဝဟာ လူတွေကို ပြန်ဖမ်းစားနိုင် တာလည်း သဘာဝသစ်တစ်ခုလေလား။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ငါ့မဖန်တီးနိုင်တဲ့သဘာဝ ဒါမှမဟုတ်
ငါ့ကိုပြန်ဖမ်းစားနိုင်တဲ့ သဘာဝက
ဘာလဲ . . . . ?

ငါ့ရဲ့လမင်းလေးရေ
မင်း ညတွေမှာ ယိုစီးဖို့
လရိပ်ခံဥယျာဉ်လေးဟာ ငါပါကွဲ့ . . .
ကြယ်လေးတွေက ရယ်တယ် . . .
ငါ့မှာတော့ အလွမ်းတစ်ဝက်တစ်ပျက်နဲ့
ဒီတိမ်ရိုင်းတွေနဲ့တော့
တစ်ကိုယ်တာခမ်းနားဖို့ကလည်း
ခက်လှပြန်ရဲ့ . . . . ။

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ကျောင်းရောက်တော့ အချိန်ပင် ကုန်လုလုဖြစ်နေသော ကြောင့် ပထမချိန်ဝင်မတက်ချင်တော့။ ဆရာ့ကို အားနာလှသည်။ ထို့ကြောင့် မြတ်ကိုလည်း အားနာစရာမလိုသော ကိုကျော်ဌေးကန်တင်းကိုပဲ ရောက်သွားလေ၏။

ကန်တင်းရောက်တော့ သဲစုမွန်တို့အုပ်စုကိုတွေ့လိုက်၍ ပို၍ပင်အားနာစရာမလိုတော့။ ခပ်တည်တည်ပဲ ဝင်ထိုင်လိုက်သည်။ သဲစုမွန်က အံ့ဩသောဟန်လေးနှင့် . . .

"ဟင် . . ရှင်က ကျောင်းမတက်ဖူးလား။ ဒုတိယနှစ်က ခယ်တယ်နော်၊ ကျွန်မတို့ ကိုယ်တွေ့ပဲ . . ."

လာ,လာချည်သေး။ တစ်ခါတလေ သဲစုမွန်က အတန်းကြီးကြောင်း သိပ်ပြချင်သည်။ မြတ်ကိုမှာ ဘာပြန်ပြောရမှန်းပင် မသိဖြစ်သွားရ၏။ ကြီးတာပြရအောင်လည်း အသက်ပဲရှိသည်။ ဒါလည်း မဖြစ်ပေ။ ဒါအသက်ဆိုပြီးထုတ်ပြရင် သေသွားမှာပေါ့။ မြတ်ကိုက ခပ်တည်တည်လုပ်ပြီး . . .





"အဲဒီအတွက်တော့ မပူပါနဲ့၊ ကျွန်တော့်မှာ ဂါထာတွေလည်း ရှိတာပဲ၊ ပြီးတော့ ကျွန်တော့်ဇာတာက ကျောင်းမပြီးခင်တောင် အလုပ်ရကိန်း ရှိသေးတာဗျ . . ."

မြတ်ကိုစကားကြောင့် အားလုံးနာသာခံခက်ဟန်နှင့် မျက်စောင်းဝိုင်းထိုးကြသည်။ မြတ်ကိုလေးမှာ မလွှယ်လှ။ ကေသွယ်ကပဲ ထုံးစံအတိုင်း စ,စပ်စုတော့သည်။

"ဒါနဲ့ ရှင်က ဒီနေ့ဘာဖြစ်လို့ နောက်ကျတာလဲ၊ ကျောင်းကိုပြောတာနော်"

"ဒီနေ့က ဆေးရုံခဏသွားလိုက်လို့ပါ"

"ဩော် . . ဩော် . . ကျွန်မတို့က ရှင့်ကို အဆောင်သစ်ဘက်မှာ တွေ့တွေ့နေလားလို့ပါ"

သတင်းတွေကတော့ မြန်လှသည်။ ဘာပြောရမှန်းမသိ ဖြစ်သွားပြီးမှ သတိရသွား၍ . . .

"ဟုတ်တယ် . . ညီလေးတစ်ယောက်ရဲ့ကိစ္စလေ၊ အဲဒါ သွားလုပ်ပေးနေတာ"

"ရှင်လည်း အလုပ်က ခပ်များများနော်"

ခပ်ငေါ့ငေါ့လေးမေးသည့် သဲစုမွန်ကိုကြည့်ကာ မြတ်ကိုလည်း အသဲယားလာပြီး . . .

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ရည်းစားလေးတစ်ယောက်လောက်ရမှပဲ ခြေငြိမ်တော့မယ် ထင်ပါရဲ့၊ အလုပ်က ခပ်များများရယ်"

သဲစုမွန်မျက်နှာလေး မသိမသာရဲကာ မျက်စောင်းတစ်ချက်လှမ်းထိုးပြန်သည်။ နဂိုသွေးနှင့် ပိုမရေးပဲလှနေသော သဲစုမွန်ကို ပထမဆုံးအကြိမ် ရိုးသားစွာ ရင်ခုန်သွားမိသည်။ (ပထမဆုံးဆို၍ ဒုတိယ၊ တတိယတွေလည်း ရှိလာနိုင်ပါသည်။)

ချောစုက ကောက်ခါငင်ခါနှင့် . . .။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး . . . ကျွန်မတို့လည်း ရှင့်ကို ရည်းစားရှာပေးရ အောင် မအားသေးပါဘူးရှင်၊ ဒီနေ့တောင် စုမွန်အမေဆီက ဖုန်းလာလို့ နောက်ကျနေတာ"

"အမေဆီက ဟုတ်လား၊ ဘာတဲ့လဲ . . ."

"အာ . . . ဘာလဲ ကျွန်မအမေဆီကပါဆို . . ."

"ဟုတ်ပါတယ်၊ အမေဆိုတာ မသဲစုမွန်အမေကို ပြောတာလေ"

"ရှင်နော် . . ."

"ရော် . . . ခက်ပါလား၊ အမေဆို ဘာဖြစ်လို့လဲ"

"ရှင် . . . ပြောလေကဲလေပါလား၊ တော်တော့နော်"

ရုတ်တရက် မျက်နှာလေးတင်းကာ အသံက မာလာသည်။ သဲစုမွန် ဘာကိုစိတ်ဆိုးသွားလဲမသိပေ။ မြတ်ကိုက နားမလည်တာမို့ အပြစ်ကင်းစင်ဟန်လေးနှင့် . . .

"ဘာလဲ . . . မသဲစုမွန်ရာ၊ အမေဆီက ဖုန်းလာတာ ဘာ စိတ်ဆိုးစရာရှိလို့လဲ၊ ဘာလဲ အမေက ဆူလိုက်လို့လား"

"အို . . . ရှင် . . . ပြောလို့မရဘူးလား"

သဲစုမွန် မတ်တပ်ရပ်ကာ အော်တော့သည်။ မြတ်ကိုမှာ အငေး သားနှင့် ဘာလုပ်ရမှန်းမသိတော့။ ဘာကို စိတ်ဆိုးတာလဲ။ အဖြေ အလွှားစဉ်းစားလည်း အဖြေကမရ။ သဲစုမွန်ကို မဝံ့မရဲလေးကြည့်ပြီး-

"မသဲစုမွန် ကျွန်တော် ဘာမှားလို့လဲဗျာ"

"တောက်! . . ."

သဲစုမွန်ရဲ့အကြည့်တွေ မီးဝင်းဝင်းတောက်ပြီး တက်ခေါက် ကာ ထသွားလေ၏။ ကေသွယ်ကလည်း အပြေးလေးနှင့် လိုက်သွား တော့သည်။ ခုမှသတိဝင်လာတဲ့ ချောစုက . . .

"ရှင်က ရွှတ်ပြောနေတာကိုး၊ မစဉ်းစားပဲ"

"လာပြန်ပြီဗျာ၊ ဘာကို စဉ်းစားရမှာလဲ"





ချောစုက မြတ်ကို့ကို သနားစရာ (ဒါလေးတောင် မသိဘူး၊ တုံး) ဆိုသည့် အကြည့်နှင့် . . .

"ရှင်ဟာလေ၊ ဒါမျိုးကျမသိဘူး ဟုတ်လား၊ ရှင်တစ်ချိန်လုံး စုမွန်အမေကို အမေချင်းမိုးမွှန်အောင်ခေါ်နေတာလေ၊ ဟိုက ရှက်လာ တာပေါ့၊ ဘာမဆိုင်ညာမဆိုင် . . ."

ချောစုက လုံးဝမကျေနပ်ချင်း မြတ်ကိုမှာ တိုးတိုးရွှတ်ကြည့် ရသေးသည်။

"အမေ . . အမေဆီက ဖုန်း . . ဟာ . . ကျွန်တော်သတိ မထားမိလို့ပါဗျာ၊ နောက်တာ မဟုတ်ပါဘူး၊ တကယ်ပါ၊ သွားပါပြီ"

"ဘာအခုမှ သွားပါပြီလဲ၊ ပြောတုန်းက ပြောပြီးတော့"

"မသဲစုမွန် စိတ်ဆိုးသွားပြီထင်တယ်နော် . . ."

"သေချာတာပေါ့ . . ."

အဖြေက အားရစရာပင်။ ပြောရင်း ချောစုလည်း ထထွက် သွားတော့သည်။ ခုမှပဲ မြတ်ကိုမှာ တွေးရင်းတစိမ့်စိမ့် အားနာနေမိ သည်။ ဘယ်လိုတောင်းပန်ရမှန်း မသိတော့။

နှစ်လုံးထဲနှင့် ရှေ့နောက်မလွဲပဲ ဒုံပေါက်သွားသည့် အဖြစ်မျိုး။ ဒါပေမယ့် ကံဆိုးလှသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၆)

ထိုရက်ပိုင်းများအတွင်းဝယ် မြတ်ကိုတစ်ယောက် သဲစုမွန်ထို ရှောင်နေမိသည်။ ဘယ်ကစတောင်းပန်ရမှန်းလည်း မသိ။ ဖြစ်ပြီး ပူပူနွေးနွေးတုန်းက တောင်းပန်မယ်ဆိုပြီး သွားသေးသည်။ သူ့တို့ မြင်တာနှင့် မျက်နှာလေးတင်းပြီး ထပြန်သွား၍ လက်လျှော့လိုက်ရဖြ သည်။ တောင်းပန်မှ ထပ်စိတ်ဆိုးမည့် အလုပ်မျိုးတော့ မြတ်ကိုလည်း မဖြစ်လိုပေ။ အချစ်ပိုနေသည့် သဲစုမွန်ကတော့ လှည့်၍ပင်မကြည့် မောလှသည်။

ရှောင်နေမယ့်အတူတူ အကျိုးရှိအောင်ဆိုပြီး အဆောင်သစ် ဖက် ထွက်ခဲ့ပြန်သည်။ ကံဆိုးချင်တော့ အဆောင်သစ်ဖက်ဝင်ခါနီးမှာ အဆောင်ဟောင်းမှထွက်လာသော သဲစုမွန်နှင့် တန်းတိုးတော့သည် နှုတ်ဆက်ရန်မြင်ချိန်မှာပဲ နှုတ်ခမ်းမဲ့ကာ မျက်နှာလွှဲသွားပြန်၏။ ဒြေ . . . သဲစုမွန်ရယ်လို့ပဲ ညည်းမိတော့သည်။

အဆောင်သစ်ရောက်တော့ ဖြိုးကိုနှင့် တန်းတိုး၏။

"အတော်ပဲဗျာ၊ မိုးပြည့်တို့က အပေါ်ထပ်မှာဗျ၊ ဝရန်တာမှာ





ထိုင်နေကြတယ်"

အရေးထဲ သကောင့်သားက အားတက်သရော လာပြောနေ သည်။ စိတ်မကောင်းဖြစ်တာတောင် ကောင်းကောင်းမဖြစ်ရ။ မြတ်ကို တ ဖြိုးကိုအမူအရာကိုကြည့်ပြီး၊ အနည်းငယ်ကြည့်မရတာမို့ . . .

"ကျောင်းက ကျဉ်းကျဉ်းလေးပါကွာ၊ ရှာလို့လွယ်ပါတယ်၊ ဟော့ကောင် မင်းငါ့ကို ကျောင်းထဲမှာ မသိချင်ယောင်ဆောင်နေဦးလေ၊ သိသွားရင် သောက်တလွဲတွေ ဖြစ်ကုန်ဦးမယ်"

ဖြိုးကို အောင့်သက်သက်ဖြစ်သွားသော်လည်း သူပြောတာ တ မှန်နေ၍ . . .

"အေးပါဗျာ၊ ဒါဆိုလည်း သွားတော့မယ် . . ."

"ဘယ်လဲ . . ."

"လစ်ပြီလေ၊ ဘီလိယက် သွားထိုးတော့မယ် . . ."

ပြောရင်း ထွက်သွားတော့၏။ မြတ်ကိုလည်း သက်ပြင်းအသာ ချပြီး အပေါ်ထပ်ကို တက်လာခဲ့သည်။ နွေးနွေးနှင့် မိုးပြည့်ကတော့ ဘာတွေစကားကောင်းနေလဲမသိ။ တဟီးဟီး၊ တဟားဟားနှင့်ကို ဖြစ်နေ၏။

သူ့ကိုလှမ်းမြင်တော့ မိုးပြည့်က မျက်နှာချက်ချင်းတည်သွား သည်။ မိုးပြည့်မျက်နှာပေးကြောင့် နွေးနွေးက အံ့ဩပြီး လှည့်ကြည့် တာ . . .

"ဟာ . . . ကိုမြတ်ကိုပါလား၊ ဘယ်ကနေ လှည့်လာတာလဲ"

"မနှစ်က နေရာလေးတွေ သတိရလို့ပါဗျာ၊ ပျင်းတာနဲ့ ဝင် လာတာ"

နွေးနွေးက ဖော်ရွေသလောက် မိုးပြည့်ကတော့ တိုး၍မလော ချေ။ တည်နေသည့်မျက်နှာပင် ခပ်မဲ့မဲ့ ဖြစ်သွားသေးသည်။ မြတ်ကိုက မလှမ်းမကမ်းမှာ ဝင်ထိုင်ပြီး . . .

www.burmeseclassic.com



"ကျွန်တော်တို့ကျောင်းက လူနည်းပေမယ့် ပျော်စရာကောင်းတယ်နော်၊ မေဂျာကွဲတွေလည်းမရှိတော့ အားလုံးအတူတူလိုပဲ"

"အင်း . . . သွားစရာလည်း သိပ်များများစားစားမရှိတော့ ကျောင်းနဲ့ကန်တင်းမှာ ဒီလူတွေပဲ တွေ့နေတာပေါ့"

"အင်း . . . ဒါနဲ့ . . ဟိုက မိုးပြည့်က ကျွန်တော့်ကို စိတ်ဆိုးနေလားမသိဘူး"

မိုးပြည့်က ဆတ်ကနဲလှည့်ကာ . . .

"အနေသာကြီး ဘာဆိုင်လို့လဲ"

"ဟိုလေ . . . စာအုပ်ဆိုင်မှာတုန်းက စလိုက်လို့လေ၊ ကြည့်လိုက်တော့လည်း တွေ့ဖူးတဲ့လူဖြစ်နေတာကိုး"

ဘာမှပြန်မပြောချေ။ မြတ်ကိုကပဲဆက်ပြီး ပြောရတော့သည်။

"အင်း . . မိုးပြည့်ပြောတာကလေ စာအုပ်က ဆုတ်ဖြဲထားခြင်းခံရတယ်ဆိုတော့လည်း ရယ်ချင်သွားတာပေါ့"

"ဒီ . . ဟုတ်တယ် . . ကိုမြတ်ကိုရဲ့ မိုးပြည့်က စာဖတ်ရင်တောင် ရာရှားကို စာအုပ်ထဲကအတိုင်း ရုရှား ရုရှားနဲ့ဖတ်တာ၊ ခစ် . . ခစ် . . ခ . . အား . . . နာတယ်ဟဲ့"

မိုးပြည့်က နွေးနွေးကို ဘယ်နေရာဆွဲလိမ်လိုက်သည်မသိ။ စကားမဆုံးသေး အော်တော့သည်။ မိုးပြည့်က မျက်နှာလေးရဲပြီး . . .

"နွေးနွေးနော်၊ နင်က ငါ့အကြောင်းကို သူများကိုသွားပြောနေ . . . ခွေးမ . . ."

ဆွဲလိမ်ကာ ခွေးမလို့ပြောပေမယ့် နွေးနွေးက ပြန်မကိုက်ချေ။ မိုးပြည့်ဖက်လှည့်တာ ပါးလေးဖွဖွဆွဲလိမ်ပြီး . . .

"မိုးပြည့်ကလည်း ငါကချစ်လို့စတာပေါ့ဟဲ့"

"ဒီလောက် ချစ်ချင့်ရင်လည်း ဟို . . . မျက်နှာရှူးကိုသွားချစ်ပုဓွေါ် . .။ ငါ့မှား စောင်းပြောနေလားဆိုပြီး မြတ်ကိုထပြောရမလို ဖြစ်သွားသည်။ အကင်းပါးသော နွေးနွေးက ကမန်းကတန်းပဲ-





"ဟယ် . . ကိုမြတ်ကို့ကို ပြောတာမဟုတ်ဖူးနော်၊ မိုးပြည့်ကလည်း ဘေးမှာ လူရှိတာကို"

"ဆောရီးလို့ ပြောလိုက်"

တောင်းပန်တာတောင် မယ်မင်းကြီးမက တစ်ဆင့်ခံ . . .။ မြတ်ကိုပင် ပြေးကိုက်ချင်စိတ်ပေါက်သွားသည်။ မျက်နှာကိုတော့ စိတ်တိုသည့်လက္ခဏာ မြူတစ်မှုန်မှ မရှိဟန်နှင့် . . .

"ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော့်ကိုပြောတာမှ မဟုတ်တာ . . ."

မြတ်ကို သဘောထားတွေ လွှတ်ကြီးပေးလိုက်၏။ မဟုတ်ရင် ဒီငတိမလေးက မလွယ်လှ။ မျက်နှာထားကတော့ တင်းမာတာ လျော့သွား၍ မဆိုးဟု သတ်မှတ်လိုက်သည်။

ထိုအချိန်မှာပဲ မိုးပြည့်က ထိုင်နေရာမှထကာ . . .

"နွေးနွေး . . ဗိုက်ဆာပြီ၊ ထမင်းသွားစားမယ် . . လာ . ."

နွေးနွေးက ထိုင်ရာမှထကာ မြတ်ကို့ကို အားနာဟန်နှင့် ကြည့်ပြီး . . .

"ထမင်းသွားစားလိုက်ဦးမယ်၊ မစားရသေးရင် လိုက်စားပါလား"

ဒီအချိန်မှာ လောကွပ်ဆိုတာတွေလည်း ထည့်မတွက်နိုင်တော့။ အခွင့်အရေးရတုန်းဆိုပြီး . . .

"စားတော့ မစားရသေးပါဘူးဗျာ၊ ဒါပေမယ့် ဟို မိုးပြည့်များ စိတ်အနှောင့်အယှက် ဖြစ်နေမလားလို့ပါ"

မိုးပြည့်လည်း နာမည်တပ်ကာ ပြော,ပြောနေ၍ မနေသာတော့ပဲ . . .

"စားချင်လိုက်စားပေါ့၊ ဝမ်းချင်းဆက်နေတာမှ မဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



လာတော့မစနဲ့နော်”

“ဟုတ်ကဲ့ပါဗျာ . . .”

မြတ်ကိုမှာ အလျော့ပေးတာ အိုဗာနည်းနည်းဖြစ်သွား၍ မျက်စောင်းထိုးခံလိုက်ရသေးသည်။ နွေးနွေးကတော့ ပြေလည်မှုလေး ရသွား၍ ဝမ်းသာနေလားမသိ။ ထမင်းဝိုင်းမှာ သူ့အသံချည်း ဖြစ်နေ သည်။

မြတ်ကိုမှာသာ လှတပတ ကောင်မလေးနှစ်ယောက်ခြံရံပြီး ထမင်းစားရသော်လည်း မျိုမကျဖြစ်သွားသည်။ နောက်ကျောမလုံ၍ လှည့်ကြည့်ကာမှ သဲစုမွန်အကြည့်နှင့် ဆုံသွားလေ၏။

ဘာလုပ်ရမှန်းမသိတာနှင့် ပြုံးပြလိုက်သည်။ သို့သော် သဲစုမွန် ပါးစပ်လှုပ်လိုက်တာကိုတော့ ရိပ်မိသလိုလို။ နှာဘူး . . . ဆိုလားပဲ

* * * *



(၁၇)

အဆောင်ပြန်ရောက်သည်အထိ စိတ်မောလူမော ဖြစ်နေ သည်။ ကျန်တာတွေ မောလို့မရ၍သာ တော်သေး၏။ မြတ်ကိုမှာ ဖြိုးကို နှင့်ကျမှပဲ တကယ့်ဒုက္ခ။ ဆယ်တန်းဖြေသလို နာမည်အကွရာစီတာ များ ဖြိုးကိုက ရှေ့ကရောက်နေ၍လားမသိ။ ဖြိုးကိုအတွက် တစ်ကွက် ရှေ့တိုးတိုင်း မြတ်ကိုမှာ သူ့အတွက် နောက်ဆုတ်ရသလို ဖြစ်နေသည်။ မဖြစ်သေး။ မြန်မြန်ကိစ္စဖြတ်မှဟု တွေးမိသည်။

ဘယ်လိုကြီးမှန်း မသိတာမို့ ပင်ပန်းစွာပဲ လေပူကြီးမှုတ်ထုတ် မိပြန်သည်။ လေသာထွက်သွား၏။ စိတ်က ကြည်လင်မလာ။

တံခါးတွန်းဖွင့်သံနှင့်အတူ ဝင်လာသူက ချမ်းမြေ့ (ယင်ကောင် အမှတ်သုံး)။ မြတ်ကို့ကို ရွှင်ရွှင်လန်းလန်းကြည့်ကာ . . .

“အတော်ပဲကွာ၊ ငါက ရှိမှရှိပ့ါမလားလို့၊ လာကွာ . . အောက် မှာ ကိုအောင်အေးလည်း စောင့်နေတယ်”

“ဘာလုပ်မလို့လဲကွာ . . .”

လုံ့နေရာမှ မထသောကြောင့် ချမ်းမြေ့က မြတ်ကို့ကို အတင်း



www.burmeseclassic.com

www.burmeseclassic.com

ဆွဲထူပြီး . . .

"လာပါကွာ . . မင်းကလဲ၊ ငါတို့ ဒဗ္ဗလီယူ (W) ကန်မလို့ကွ"

မြတ်ကိုက လက်ကို ကမန်းကတန်းဆွဲဖြုတ်ကာ ပြန်လှဲရင်း-

"ဟာကွာ . . အရေးထဲ၊ ဒီလောက်ပင်ပန်းနေတာ . . ."

"လာပါကွ၊ လူနည်းပါတယ်၊ မင်းမို့လို့ခေါ်တာနော်၊ ဝက်ကြီးတို့တောင် မခေါ်ဘူး"

ချမ်းမြေ့၏ ခပ်တည်တည်အပြောကို မြတ်ကိုက တွေဝေတင်ဟန်ကြည့်ပြီး . . .

"ခေါ်သွားပါကွာ၊ ဒီမှာ ဘောလုံးမပြောနဲ့ ပင်ပန်းမယ်ဆို အီးတောင်မပေါက်ချင်ဘူး၊ ဂိုးကျဉ်းဆို ပိုဆိုး . . ."

ပထမတော့ ချမ်းမြေ့က မျက်မှောင်ကြုတ်ကာ ကြည့်နေသေးသည်။ ပြီးမှ တဟားဟားရယ်ကာ . . .

"မင်းဟာလေ တုံးချင်ရင်လည်းတုံးတာပဲ၊ ဒဗ္ဗလီယူ (W) ကန်မယ်ဆိုတာ ဝီစကီဆော်ဖို့ပြောတာကွ၊ ငါ့ဦးလေးအိမ်က Jonny Walker Red တစ်လုံးရလာလို့"

"ဟာ . . . ဒါဆို ကန်မယ် . . . ကန်မယ်"

မြတ်ကိုလည်း Jonny Walker ဆို၍ ထောပတ်တွေ့သည့် ကြွက်ကလေးလို ပါသွားလေ၏။

အဆင့်မြင့်မြင့်ပင် လမ်းထိပ်က GEC (ရွှေမိုးဆောင်) Beer ဆိုကို ချီတက်ကြလေသည်။ မြတ်ကို၊ ထွန်းနောင်၊ ကျော်စွာမိုး၊ ချမ်းမြေ့၊ အောင်အေးသန်း၊ ကြည်မင်းလတ်နှင့် အောင်ကိုမျိုးတို့သာဖြစ်၍ လူသန့်သည်ဟုပြော၍ရပါသည်။ (ကျန်တဲ့လူတွေကလည်း သူတို့အုပ်စု အဆောင်မှထွက်သွားကြ၍ အဆောင်သန့်သွားသည်ဟု ပြောသံပြန်ကြားရ၏။)

စားသောက်မှုရစ်ပြီးသော သကာလ၌ မှောင်ချေပြီ။ ချမ်းမြေ့ကဆို၏။





"ငါ . . . အခုလို မင်းတို့ကို လိုက်ပြုစုရတာ အရမ်းဝမ်းသာကြည်နူးမိတယ်ကွာ၊ တကယ်ပါ၊ မင်းတို့အားလုံးကို ညီအစ်ကိုအရင်းတွေလိုပဲ ခံစားမိတယ်၊ ငါနောက်ထည်း ဒီလိုတိုက်ချင်ပါသေးတယ် ဘာဖြစ်လို့လဲဆိုတော့ ဒီ Jonny Walker အရက်ဟာ ကူဝိတ်နိုင်ငံတလာတာကွ"

"ဟာကွာ၊ ဒီကောင် ဘာတွေပြောနေတာလဲ၊ စကော့တလန်တပါကွ၊ ကူဝိတ်ဆိုမှတော့ မင်းရေနံပဲသောက်ရမှာ"

အောင်အေးသန်းက မကြည်မလင်နှင့်ဝင်ပြောတော့မှ ချမ်းမြေ့က ရီဝေဝေနှင့် လက်ကာပြပြီး . . .

"အေး . . . ဆောရီး၊ အဲဒီ စကော့တလန်က ရေနံကို . . ."

"ဟာ . . . ချမ်းမြေ့၊ မင်းဘာကိုပြောချင်နေတာလဲကွာ"

"အေးကွာ . . . တိုင်ပတ်နေတာပဲ"

အရက်ကကုန်ပြီမို့ တစ်ယောက်တစ်ပေါက်ပြောတော့မှပဲ ချမ်းမြေ့ဆုံးဖြတ်လိုက်ဟန်နှင့် . . .

"အေး . . . ပြောချင်တာကတော့ စန္ဒာလင်းတို့အဆောင် ဂီတာသွားတီးမယ်၊ ဒါပဲ . . ."

"ဒါများ ဂီတာသွားတီးမလို့ မင်းတို့ကို လိုက်တိုက်တယ်ဆိုလည်း ပြီးတာကို"

"မပြီးဘူးကွ၊ အရက်က Jonny Walker ကွ"

"ဟုတ်ပါတယ်၊ ကူဝိတ်က လာတာပါ"

"အေ . . . ပေး . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်နေသည့်ညမှာ ဂစ်တာသံက သဲ့သဲ့ . . ။ သံစဉ်တွေထဲမှာ အားလုံးနစ်မျောနေကြသည်။ ချမ်းမြေ့လည်း ဝိစကီတန်နိုးနှင့် နိုင်ဆတိုးကာ အာတွေ့နေလားမသိ။ ဒီနေ့မှ mood က အရောင်းကောင်းနေလေသည်။ (တစ်ခါတလေ ဖြစ်တတ်၏။ နောက်နေ့ မသေချာချေ။)

သီချင်းသုံးပုဒ်လောက် အဆုံးမှာတော့ တံခါးလေးတစ်ချပ် ပွင့်လာ၏။ အရှုးဘုံမြှောက်လေပြီ။ ချမ်းမြေ့မှာ ဖင်ကြားခဲညပ်သလို ထိုင်မရထမရတွေ ဖြစ်ကုန်တော့သည်။

"ဟော့ကောင်တွေ . . . အဲဒါစန္ဒာ့အခန်းကကွ . . . "

ချမ်းမြေ့က လေသံလေးနှင့် အားရဝမ်းသာ အပြောအဆုံးမှာ အောင်အေးသန်းက အသံပြုကြီးနှင့်အော်လိုက်ပြီး . . .

"ခုဖျော်ဖြေနေတာကတော့ ချမ်းမြေ့ပဲ ဖြစ်ပါတယ် ခင်ဗျာ။ ခုဆက်လက်ပြီး ဝေဒနာပြတင်းပေါက်လေးကို နားဆင်ကြပါ"

"ဟာ . . ကိုအောင်အေးတလည်း အကျယ်ကြီးတော့ မအော်





နဲ့လေ"

ခပ်တိုးတိုးတော့ အော်စေချင်ပုံရသည်။ ရူးရသည့်အထဲ စီးတော ဝိုင်းနေပြီတိုး။ နေမရတော့။ ချီးမပန်းတာကပဲ တော်သေးသည်။

ကြည်မင်းလတ်က စိတ်ပါလက်ပါကို တီးပေး၏။ ဒီကောင်တွေကလည်း ဘယ်အဆောင်က ဘယ်ကောင်မလေးတွေမဆို စိတ်ပါနိုင်လွန်းသည်။

'ဝေဒနာပြတင်းပေါက်လေး' သီချင်းအဆုံးမှာတော့ ထူးခြားလေ၏။

"ဟာ . . . ချမ်းမြေ့၊ ဟိုမှာ လူရိပ်ကွ . . . လူရိပ် . . . "

"ဆော်မလို့လား မသိဘူး"

ဟာကွာ၊ မင်းကလည်း ဓါတ်မီးမှမပါတာ၊ ဟာ . . ခေါ်နေပြီ၊ ပြွတ် . . . ပြွတ်တဲ့၊ ချမ်းမြေ့သွားသွား စန္ဒာလင်းလား မသိဘူး"

ချမ်းမြေ့က တောက်ပြားခြေလှမ်းမျိုးနှင့် ရွှေတိုက်စိုးဟန်ဖမ်းသွားလေ၏။ အားလုံးက မျှော်လင့်တကြီး။ ပြန်လာတော့ ပန်းကန်လေးတစ်ချပ်ကိုင်လာ၏။

"ရော့ . . . ဒါက မင်းတို့စားဖို့၊ ဒါက ငါ့ဖို့ . . . "

ရင်လေးကော့ပြီး လက်ဖက်သုတ်ပန်းကန်လေးပေးကာ တစ်ဖက်က စာလေးလှမ်းပြ၏။ အဆင်ပြေလေပြီ။

"ဟော့ကောင် . . ဘယ်သူလာပေးတာလဲ၊ စန္ဒာလင်းလား"

"စန္ဒာလင်းတော့ ဘယ်ဟုတ်မလဲကွ၊ မိန်းမကောင်းက ဒီအချိန်ထွက်တွေ့မလား"

"အောင်မာ . . . "

ချက်ချင်းကို ကြီးကျယ်မြင့်မြတ်သွားပုံရသည်။ လက်ထဲက စာကို တယုတယ အသံထွက်ကာ ဖတ်လေသည်။

"လက်ဖက်သုတ်စားဖို့ ပေးလိုက်တယ်၊ ချမ်းမြေ့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပါပဲတဲ့၊ အဲ . . ကစ္ဆပနဒီသီချင်းတစ်ပုဒ်တော့ ဆိုပေးပါတဲ့၊ ပြီးရင် ပြန်အိပ်တော့နော်တဲ့၊ ဟာ . . . သွားပြီကွာ၊ ငါကြားတောင် မကြားဖူးဘူး၊ ကစ္ဆပနဒီတဲ့ . . . "

အတော်ပင် ယူကြုံးမရ ဖြစ်သွားပုံရလေသည်။ ငိုချတော့မယ့် အတိုင်း ဖြစ်သွား၏။ စန္ဒာလင်းက ရခိုင်သူလေးမို့ ကစ္ဆပနဒီသီချင်းကို နားထောင်ချင်ဟန်တူသည်။ ချမ်းမြေ့ကို အချစ်စမ်းတာလည်း ဖြစ်နိုင်သည်။ ဒါကြောင့်မို့ မြတ်ကိုလည်း . . .

"ကြည်မင်းလတ် . . . ငါ့ကို ဂစ်တာခဏပေးကွာ"

"ရော့လေ . . . "

ခဏနေတော့ အလိမ္မာအဆောင်ရှေ့က သန်းခေါင်ယံထဲမှာ ကစ္ဆပနဒီဟာ ငြိမ့်ညောင်းစွာ စီးဆင်းလျှက်။ ရခိုင်ဒေသရဲ့အလှတို့ သံစဉ်တွေကြားမှာ နစ်မျောစွာ ဖမ်းဆုပ်နေမိကြသည်။

"အို xxx ကစ္ဆပနဒီ xxx အို xxကစ္ဆပနဒီ xx လှိုင်းတွေကြား"

* * * *

မြတ်ကို မပျော့်တပျော် ဖြစ်နေ၏။ ချမ်းမြေ့ကိစ္စအဆင်ပြေ သွား၍ ဖြစ်သည်။ မြတ်ကို့ကို ချမ်းမြေ့မှာ ကျေးဇူးတင်လို့မဆုံး။ အဆုံး မှာတော့ ကစ္ဆပနဒီသီချင်းကို ညတွင်းချင်းကူးသွား၍ နေ့တိုင်းသွားဆို နေသည်ဟု ကြားရသည်။ ချမ်းမြေ့ကိစ္စအတွက် ပျော်ရပါသည်။

မပျော်နိုင်တာက ကိုယ်ဖြစ်နေ၏။ မြတ်ကိုမှာ သဲစုမွန်ကို ခုထိ မတောင်းပန်ရသေး။ ကိုယ်တိုင်လည်း မသွားရဲ။ ဟိုကလည်း ကိုယ့်ရှေ့လာပြီး အတောင်းပန်ခံမည်မဟုတ်။ သဲစုမွန်၏ ကြည့်စင်သော မျက်နှာလေးကိုပဲ မြင်လိုလှသည်။ ခက်လှပါဘိ . . .။ သက်ပြင်း ဖွဖွ ချမိပြန်သည်။

ဆုံးဖြတ်ချက်တစ်ချပြီး ကျောင်းကိုသာ ထွက်ခဲ့တော့သည်။ နေခြည်လင်းထဲမှ ထွန်းနောင်ဝင်းတို့က လှမ်းခေါ် သေးသည်။ ဒါပေမယ့် မသွားဖြစ်တော့။ လက်အသာပြပြီး ကိုကျော်ဌေးကန်တင်းထဲကိုသာ ဝင်လိုက်တော့သည်။ မျက်စိထဲမှာ နွေးနွေးနှင့်မှုံပြည့်ဝင်သွားသော တွေ့ လိုက်သည်ကိုး။





www.burmeseclassic.com

www.burmeseclassic.com



“ဟာ . . နွေးနွေးတို့ လက်ဖက်ရည်လာသောက်တာလား

သူ့အသံကြောင့် နွေးနွေးက လှမ်းကြည့်ပြီး . . .

“ဟုတ်တယ်၊ ထိုင်လေ . . ကိုမြတ်ကို၊ တစ်ခုခုသောက် . .

မထိုင်သေးပဲ မိုးပြည့်မျက်နှာ လှမ်းကြည့်ရသေးသည်။ ဒီ

တော့ မရွှေချောက ရွှေစိတ်တော်ညှိနေဟန်မတူ။ မျက်နှာလေး

ကြည်လင်နေတာမို့ တစ်ချက်ပြုံးပြလိုက်ပြီး . . .

“ထိုင်မယ်နော်၊ ကော်ဖီမစ်တစ်ခွက် . . .”

“ဩော် . . . ကိုမြတ်ကို . . .”

“နို့ထည့်မယ်နော် . . .”

“ရှင် . . .”

“ဟိုမှာလေ စားပွဲထိုးကိုပြောတာ ကော်ဖီမစ်နို့ထည့်မယ်လို့

“တော်ပါသေးရဲ့ . . .”

“ဗျာ . . .”

“ခစ် . . ခစ် . . ခစ် . . ဘယ်လိုဖြစ်နေကြတာလဲ ခစ် ခစ်

သူနှင့်နွေးနွေးကိုကြည့်ကာ မိုးပြည့်က ရယ်တော့သည်။ သူ

လည်း လိုက်ရယ်ကြ၍ စကားဝိုင်းဟာ စိုပြေနွေးထွေးလာလေသည်

နွေးနွေးက အရယ်ရပ်ပြီး . . .

“ဒါနဲ့ အရင်တစ်ခါက ကဗျာစာအုပ်ထုတ်တာ ကိုမြတ်

တို့ဆို . . .”

“အင်း . . .”

“ဒါဆို . . ဟို ပဲကောလိပ်ကို ရေးထားတာက ကိုမြတ်ကို

“ဟုတ်တယ် . . . ဘာဖြစ်လို့လဲ . . .”

စကားအဆုံးမှာ မိုးပြည့်မျက်ဝန်းလေးတွေက မြတ်ကို

ရောက်လာ၏။ အနည်းငယ် အထင်ကြီးသွားဟန်လည်း ရှိသည်။ အ

အနေကတော့ ပေးလေပြီ။ ဒါပေမယ့် ဘဝင်မြင့်ဟန် စိုးစဉ်းမျှမပြ





တိုယ့်ကိုတိုယ် နှိမ့်ချတတ်သည့် ပညာရှိစတိုင်(လ်)မျိုးပေါ့တော . . .

“ဒါကလည်း အကျိုးအကြောင်း တိုက်ဆိုင်သွားလို့ပါ၊ ကျွန်တော်

က ကဗျာကို ကောင်းကောင်းရေးတတ်တာ မဟုတ်ဘူး”

“ကောင်းပါတယ်၊ ရယ်လဲရယ်ရတယ်”

နွေးနွေးကတော့ ထောက်ခံသည်။ မရွှေမိုးပြည့်ကတော့

ထောက်ခံခြင်းတော့မလုပ်။ ဒါပေမယ့် လက်ခံဟန်လေးတော့ရှိသည်။

တဗျာကို ပြန်စဉ်းစားမိ၍လားတော့မသိ။ ပြုံးပြုံးလေး ဖြစ်သွားသည်။

နွေးနွေးက ဆိုပြန်သည်။

“ကိုမြတ်ကိုက ပေဒင်တွေ ဆေးနည်းတွေလည်း ရတယ်ဆို၊

သတင်းကြားတယ်နော့”

ခက်တော့ခက်ပြီ။ ဆွဲမသွင်းရဘဲ ကိုယ့်ခွင်ထဲ တန်းဝင်လာ

၏။ မြတ်ကိုလည်း မျက်နှာသေလေးလုပ်ပြီး . . .

“ဒီလောက်လည်း မဟုတ်ပါဘူး၊ နည်းနည်းပါးပါးပါ၊ ဟိုစပ်

စပ် ဒီစပ်စပ်ပေါ့ . . .”

“လျှို့ပြန်ပြီ၊ ဘယ်သူသင်ပေးတာလဲဟင် . . .”

ဒုက္ခပါပဲ။ ဘာတွေမေးနေမှန်း မသိတော့ . . .။

“ဩော် . . . ကျွန်တော်ဆယ်တန်းတုန်းက ဘုန်းကြီးတစ်ပါး

နည်းနည်းသင်ပေးသွားတာပါ”

“ဘုန်းကြီးက ဘယ်လိုပုံစံလဲဟင် . . .”

“သင်္ကန်းကြီးနဲ့လေ . . .”

“ဟင် . . .”

“ခိ . . . ခစ် . . . ခစ် . . .”

မိုးပြည့်က ပါးစပ်လေး လက်နှင့်အုပ်ကာ ရယ်မောသည်။

နွေးနွေးက မျက်စောင်းထိုးပြီး . . .

“အာ . . ကိုမြတ်ကိုကလည်း သင်္ကန်းနဲ့မှန်းတော့ သိတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟို ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်လိုလား လို့ပါ . . .”

“အဲဒါတော့ ကျွန်တော်လည်း ဘယ်သိပါ့မလဲ . . .”

နွေးနွေးက သက်ပြင်းလေးချ၏။ မိုးပြည့်က နွေးနွေးကိုကြည့်ပြီး မျက်စောင်းလေးထိုးကာ . . .

“နင်ကလည်း အသေးစိတ်ကို မေးနေတော့တာပဲ၊ အတိုတော့ ဘယ်သိပါ့မလဲဟဲ့”

“အင်းလေ . . .”

မြတ်ကိုက စကားရောဖောရောနှင့် ဝင်ထောက်ခံလိုက်သည်။ နွေးနွေးကိုကျော်ပြီး မိုးပြည့်တစ်ချက်လှမ်းကြည့်၏။ စိတ်တိုဟန်မပါ မြတ်ကိုက ရွှန်းရွှန်းစားစားပြန်ကြည့်ပြီး . . .

“ဟိုလေ . . မိုးပြည့်၊ ပုတုမလေး ဘယ်နှစ်ကောင်မွေးတာလဲ ဟင် . . .”

ပုတုမဆို၍ မိုးပြည့်ခန္ဓာကိုယ်လေး ဆတ်ကနဲတွန့်သွားပြီး မျက်နှာတစ်ခုလုံး ဝမ်းနည်းရိပ်တွေ ဖြတ်ပြေးကာ ငိုတော့မလို အံ့မှိုင်သွားလေသည်။ ဘာဖြစ်တာလဲဆိုပြီး မြတ်ကိုလည်း ပြာပြာသလဲမြန်ကာ . . .

“ဟာ . . . ကျွန်တော်မေးတာ စိတ်ဆိုးသွားတာလား”

မျက်ရည်လေးအဝဲသားနှင့် မိုးပြည့်ခေါင်းလေးအသာခါပြီး

“မဟုတ်ပါဘူး၊ ပုတုမကို သတိရလို့ပါ၊ ပုတုမလေးက ဆုံးသွားပြီ”

“ဟင် . . . ဘယ်လိုဖြစ်တာလဲ”

“ကလေးမွေးမရလို့လေ၊ သနားလိုက်တာ . . .”

“ဆောရီးနော် မိုးပြည့်၊ ကျွန်တော် မသိလို့ပါ . . .”

မိုးပြည့်ခေါင်းလေးအသာညိတ်ပြသည်။ နွေးနွေးကတော့ မိုးပြည့်ကို နှစ်သိမ့်နေ၏။ ခွေးသူဌေးသိန်းဝင်းတော့ ပုတုမကို ဘယ်





ကောင်တွေနဲ့များ ရမ်းသန်းလွှတ်ပေးလိုက်လဲမသိ၊ ခွေးဘီလူးများကြားထဲက . . ။ အင်း ပုတုမလေးတော့ သေရှာလေပြီ၊ သနားပါဘိ။

ခွေးတစ်ကောင်ကို အရင်းပြုပြီး မြတ်ကိုတော့ အမြတ်ထွက်သွားတာ သေချာသည်၊ နှစ်ကောင်ဆိုရင်တော့ အင်း . . . ။

* * * *



www.burmeseclassic.com

(၁၈)

သဲစုမွန်တို့အုပ်စု စကားကောင်းနေကြသည်။ စကား
ကောင်းနေရသည်။ စိတ်ကတော့ သိပ်မကောင်းလှ။ စိတ်မကောင်း
၍ ရူးနေကြခြင်း မဟုတ်ပါ။ သိပ်မရွှင်လန်းဖြစ်နေကြသည်။

"ငါ ပြောသားပဲ၊ နင်က အရမ်းဒေါသထွက်တာ မြန်တာ
ဟ . . ."

"အာ . . . တစ်မေထဲ မေနေတော့လည်း ငါရှက်တာ

ချောစုစကားကို သဲစုမွန်က ချေပ၏။ ကေသွယ်က . . .

"ထားပါတော့လေ၊ မြတ်ကို တမင်မလုပ်မှန်း သိတာပဲ
တောင်းပန်တာ လက်ခံလိုက်ပါလား . . ."

"လာမှမလာတာ နေပေါ့ . . ."

"လာသားပဲ၊ အဲဒီတုန်းက နင့်မျက်နှာကြီးက စူပုတ်နေ
ဘယ်လာရဲမလဲဟဲ့ . . ."

"ဩော် . . ငါကပြုံးပြီး ကိုမြတ်ကိုရယ် ကျွန်မကို လာတော
ပန်ပါလို့ လုပ်နေရမှာလား . . ."





သဲစုမွန်က မျက်နှာထိမျက်နှာထားနှင့် လုပ်ပြနေတုန်း ချောစု
ရုတ်တရက် . . .

"ဟယ် . . . မြတ်ကို . . ."

"ဟင် . . . ဘယ်မှာလဲ . . ."

"အို . . ."

ကေသွယ်က ပြုံးပြကာ လိုက်ရှာ၏။ သဲစုမွန်ဆို ခေါင်းပင်
ော်တော့။ ချောစုက . . .

"ခစ် . . ခစ် . . ခစ် . . ခုနကတော့ ကိုမြတ်ကိုရယ်နဲ့ ဘာလဲ
ိပ်ကြောက်သွားလား မိန်းကလေး . . ."

"ခွေးမ . . . ခွေးစုတ်မ ကဲဟယ် . . ."

သဲစုမွန်ရှက်ကာ မျက်နှာလေးရဲပြီး ချောစုကျောကုန်းကို
အုံးအုံးထုတော့သည်။ ချောစုက ကာရင်းနှင့် . . .

"ခဏနေပါအုံး၊ စကားက ပြတ်သွားတယ်၊ ဘယ်ရောက်သွား
. . ."

"ဟိုလေ . . . စုမွန် မျက်နှာစူပုတ်နေတာ . . ."

"အေး . . အဲဒီနေ့ကတော့ ထားပါတော့၊ နောက်နေ့တွေက
ာလုပ်တာလဲ . . ."

သဲစုမွန်က မျက်ခုံးလေးအနားစုပြီး . . .

"အမ် . . . ဘာလုပ်လို့လဲ"

"နင် ဒီကန်တင်းမှာ မထိုင်ဘဲ၊ စာအုပ်ဆိုင်နားက ထမင်းဆိုင်
ာ စားတယ်လေ၊ အမလေး . . . မမက မုန့်လက်ဆောင်းတောင်
ာက်လိုက်သေး . . ."

"ငါကြိုက်လို့ပါဟာ . . ."

"အေးလေ . . နင်က အဲဒီမှာပဲ စားနေတော့ မြတ်ကိုကောင်း
န်မှာ ရှာတွေ့တော့မလားဟဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . သူလည်း First year က ကောင်မလေးတွေနဲ့ သွားလာနေတာပဲ၊ ထားလိုက်စမ်းပါဟာ . . ."

မျက်နှာလေးမဲ့ကာ သဲစုမွန်က စိတ်မဝင်စားဟန်နှင့် ပြောသည်။ ကေသွယ်က သတိရဟန်နှင့် . . .

"ဟဲ့ . . . အဲဒါ မြတ်ကိုတစ်ခါပြောဖူးတယ်လေ၊ သူ့ညီလေးကိစ္စဆို . . ."

"အဲဒါတော့ ငါလည်း ဘယ်သိမလဲ . . ."

သဲစုမွန်က ခပ်တည်တည် ဟန်လေးလုပ်နေသောကြောင့် ချောစုက အသဲယားဟန်နှင့် လွယ်အိတ်ဖြင့်လှမ်းရိုက်ရင်း . . .

"ဟဲ့ စုမွန် . . မှန်မှန်ဖြေနော်၊ ဒီတစ်ခါ လာတောင်းပန်ရင် ဘယ်လိုလုပ်မှာလဲ . . ပြော . . ."

သဲစုမွန် တည်တည်ငြိမ်ငြိမ်လေး စဉ်းစားဟန်ပြုသည်။ ပြီး နားထင်လေးလက်ထောက်ပြီး မျက်မှောင်လေးကုတ်ကာ အသဲအသန် စဉ်းစားပြန်သည်။ ပြီးမှ ခေါင်းလေးအသာယမ်းကာ ချောစုနှင့် ကေသွယ်ကို မှင်သေသေလေးကြည့်ပြီး . . .

"တော်ပါပြီဟာ၊ ဘယ်လိုတောင်းပန်တောင်းပန် ငါခွင့်လွှတ်လိုက်တော့မယ် . . ."

"ခွေးမ . . ."

"အစုတ်ပလုပ် . . . စုမွန် . . ."

ဝိုင်းကာဆွဲဆိတ်ကြတော့သည်။ သဲစုမွန်က ရုန်းရင်း . . .

"အာ . . . နာတယ်၊ ငါက နင်တို့ ပျင်းနေမှာစိုးလို့ပါနော်"

"အံမယ် . . . ဟဲ့ ကေသွယ် . . ."

"ဘာလဲ . . ."

"အမိန့်ချမယ် . . ."

"ဒူ . . ."





"မောင်မြတ်ကိုလေးသည် သဲစုမွန်မဖုရားလေးအား၊ ရွှေစိတ်တော်ညှိုးနွမ်းအောင် လုပ်တော်မူသဖြင့် အနားတွင် ထာဝရခစားစေရန် အမိန့်တော်ချမှတ်လိုက်သည် . . ."

"ဒူ . . ."

"တော်တော့ . . . တော်တော့ . . ."

ရယ်သံတွေ စည်စည်ဝေကုန်သည်။ သဲစုမွန်လည်း မျက်နှာတစ်ခုလုံး ရှက်ရောင်ရှက်သွေးတွေနှင့် နီထွေးနေတော့သည်။ အရေးထဲ ကျေနပ်ပါတယ်ဆိုမှ ဟိုအကောင်းစားကလည်း ရောက်မလာနိုင်သေး။ သဲစုမွန် သက်ပြင်းသာ ဖွဖွချမိသည်။ ရှင်ဟာလေ အလုပ်ကိုများတယ် ဟွန်း . . .။

ထမင်းစားသောက်ပြီး၍ ပြန်မယ်အလုပ် လမ်းဖက်မျက်နှာလှည့်ထားသော ချောစုမျက်နှာက လက်ကနဲဖြစ်သွားပြီး . . .

"ဟဲ့ ရှူးတိုးတိုး၊ မြတ်ကို . . မြတ်ကို . . ."

တစ်ဝိုင်းလုံး ငြိမ်ကျသွား၏။ သဲစုမွန်လည်း ဘီးကုတ်ကို ဖြုတ်သေးသည်။ ပြီးမှ ဘာမှမဆိုင်ပါဘူးဆိုပြီး ပြန်တပ်ပြန်သည်။ အကျီတွေ ဆွဲချလိုဆွဲချနှင့် ကယောင်ခြောက်ခြားဖြစ်နေ၏။ အားလုံးကြွေရွသွားလောက်တဲ့အချိန်မှာ မြတ်ကိုက သူတို့ဘေးက ဖြတ်ကျော်သွားလေပြီ။

"ဟာ . . ဆရာ အတော်ပဲ၊ ကျွန်တော်လိုက်ရှာနေတာ . . ."

ဆရာဦးဖေမြင့်က မျက်မှန်လေးချွတ်ကာ ပြုံးပြီး . . .

"ဘာကိစ္စလဲကွ . . ."

"ဟာ . . ဆရာကလည်း ဆရာပဲ သုမောင်နဲ့ဝင်းဦးအခွေတွေ CD ခုတ်ခိုင်းထားတာလေ၊ ကျွန်တော်လုပ်ပြီးသွားပြီ ဆရာရဲ့၊ အဲဒါလာပေးတာ . . ."

မြတ်ကိုက အထုပ်ကလေးလှမ်းပေး၏။ ဆရာတော့ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အားရလှမ်းယူကာ . . .

"ကျေးဇူးပဲ မြတ်ကိုရာ၊ မင်းလို ရှာရှာဖွေဖွေရတတ်တဲ့ ကောင်မျိုးမို့လို့ပေါ့၊ ဆရာရှာတာ ကြာပြီလေ၊ အဲ . . ဘယ်လောက်ကျလဲကွ"

"မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်ကန်တော့တာပါ"

"ကျေးဇူးပဲ မြတ်ကိုရာ . . ."

ကိစ္စပြီးသွားသည်အထိ မြတ်ကိုက ရောက်မလာသေး၊ ဆရာဖေနှင့် ထုံးစံအတိုင်း စကားကောင်းနေပြန်သည်။ ဆရာဆိုတော့ မပြောသာပေ။ ခဏတော့ စောင့်လိုက်ပါဦးမယ်လို့ တွေးလိုက်သည်။ တောင်းပန်ခံဖို့ ဒီလိုစောင့်ရတာ အူကြောင်ကြောင်နိုင်လှသည်။ မတတ်နိုင်တော့ . . .။ ကိုယ်ကလည်း ကျေအေးချင်နေပြီလေ . . .။

မကြာပါ။ ရောက်လာ၏။ မြတ်ကိုတော့ မဟုတ်ပေ။ မန္တလေးမှာထဲက သဲကြီးမဲကြီးလိုက်နေသည့် မောင်မောင်လေးဆိုသည်ကောင်ဖြစ်နေသည်။ သဲစုမွန်လည်း စိတ်အတော်ညစ်သွားလေ၏။

တောသူဌေး မောင်မောင်လေးက ရုပ်တော့မဆိုးရှာပေ။ အသားလေးမဲ၊ သွားလေးကျဲပြီး ရွှေတွေ အတုံးအတစ်လိုက် ဝတ်ထားတာကလွဲရင် ကြည့်လို့ရလောက်သည်။

ခုလည်း ဟန်းချိန်းလေး တစ်ခါခါနှင့် ဝိုင်းထဲဝင်လာပြီး . .

"သဲစုရယ် ဘယ်များသွားလဲလို့၊ စားပြီးသွားပြီလား၊ ကျွန်တော် တောင် ဒံပေါက်တွေ ဝယ်လာသေးတယ် . . စား . . ."

"ဒံပေါက်လား၊ ကျွန်မစားဖူးတယ်ရှင့်"

"ဟို . . ရေခဲမုန့်လည်း ပါ . . ."

"ရေခဲမုန့်လည်း စားဖူးသားပဲ၊ နော် . . ချောစု . . ."

ချောစုက အင်တင်တင်နှင့် ခေါင်းညိတ်ပြ၏။ မောင်မောင်လေးခမျာ ဘာလုပ်ရမှန်းမသိပဲ . . .

"ဒါဆို သဲစု မစားဖူးတာ ဘာရှိသေးလဲဟင် . . ."





"ချိုး . . ."

"ဗျာ . . ."

"ဟုတ်တယ်၊ ရှင်ရော ချိုးစားဘူးလား"

"ဟာ . . မစားဖူးဘူး . . မစားဖူးဘူး . . ဖွီ . . ဖွီ"

"ထင်သားပဲ၊ အဲဒါကြောင့် အသားမဲနေတာပါလို့ . . ."

မောင်မောင်လေးလည်း ကိုယ့်အသားကို ကိုယ်ကြည့်ကာ လှုကြုံးမရဟန်နှင့် ထွက်သွားတော့သည်။ အသားဖြူအောင်ဆိုပြီး အိမ်သာတွင်းထဲ ခုန်ချရင်တော့ ဒုက္ခပါပဲလို့ သဲစုမွန်တွေးမိသေးသည်။ သတိရပြီး မြတ်ကို့ကိုကြည့်တော့ မရှိတော့။ ရင်ထဲနွမ်းလျသွားသည်။ ရှင်နော် . . . အသဲယားလာပြီ။

* * * *

www.burmeseclassic.com

## (၁၉)

ကျော်စွာမိုးနှင့် ထွန်းနောင်ဝင်းတို့ ရည်းစားရပြီးကတည်းက မြတ်ကိုမှာလည်း ထမင်းစားစား ကျောင်းသွားသွား တစ်ယောက်ထဲ ဖြစ်နေသည်။ အောင်အေးသန်းက တစ်ကိုယ်တော် . .။ ယင်ကောင်တွေကလည်း သူ့အဖွဲ့နှင့်သူ။ ထိန်လင်းရှိန်နှင့် ဝက်ကြီးကတော့ မတည့်အတူနေ . .။ ကြည်မင်းလတ်နှင့် အောက်ကိုမျိုးက တတွဲတွဲမို့ မြတ်ကိုမှာ သနားစရာ အဖော်ကွဲနေတော့သည်။

တစ်ယောက်ထဲ ထမင်းစားရတာ သိပ်မမြိန်လှ . .။ ဟိုကောင်တွေကလည်း ထမင်းလခပေးမစားတော့ဘဲ . . .။ သူတို့အတွဲတွေနှင့် ကြုံရာမှာ စားကြသည်။ နေရာပြောင်းစားတာ ပိုမြိန်တယ်လို့ ထွန်းနောင်ဝင်းက ပြောသေးသည်။

မြတ်ကို ထမင်းစားနေရင်း မဆီမဆိုင် သဲစုမွန်ကို သတိရသွား၏။ ညဖက် ဂစ်တာသွားတီးရင်ကောင်းမလား စဉ်းစားသေးသည်။ မဖြစ်သေး။ ဟိုကောင်တွေ မူးမူးရူးရူးနှင့်အော်မှ ပိုဆိုးကုန်မည်။ စိတ်လျှော့လိုက်၏။





ထမင်းစားပြီး လမ်းပေါ်ထွက်လာသည့်တိုင် နေရထိုင်ရတာ အဆင်မပြေလှ။ တစ်ခုခုလိုနေသလိုလို . .။ ပြီးမှ ရေတစ်ခွက်ပြန်သောက်တာ ထွက်ခဲ့၏။ ထိုအခါမှ အနည်းငယ် ဘဝင်ကျ၏။

လမ်းဆုံရောက်တော့ ကျော်စွာမိုးနှင့် တင်တင်မာကို တွေ့တော့သည်။ မြတ်ကိုက ဝမ်းသာသွားပြီး . . .

"ဟေ့ကောင်တွေ စားပြီးပြီလားကွ"

"ဟေ . . . မစားရသေးဘူးကွ"

ကျော်စွာမိုးက အူကြောင်ကြောင်ပြန်ဖြေ၏။ မြတ်ကိုက ပြုံးစစနဲ့ကြည့်တာ . . .

"ဘာလဲ . . . သွားစားမလို့လား . . ."

"အေး . . ဟာ . . မဟုတ်ဖူး၊ လမ်းလျှောက်သွားမလို့ကွ"

"ဩော် . . . အေး . . အေး . . မွှေပေါတယ်နော်"

"ဟာ . . . ဒီကောင်ကွာ"

တင်တင်မာ့မျက်နှာ ရဲရဲနီသွား၏။ ကောလိပ်လမ်း၏တစ်ဖက်တစ်ချက်မှာ မြက်ပင်ရှည်ရှည်တွေနှင့်မို့ မွှေပေါလှသည်။ ဘာကိုရှက်သွားလည်းတော့ မသိ။ ကျော်စွာမိုးတို့လည်း ထမင်းမစားပဲနှင့်ကို ထွက်သွားလေသည်။

မြတ်ကို သဲလမ်းအတိုင်းဆင်းလာပြီးမှ ဖြိုးကို့ကို လှမ်းတွေ့၍-

"ဖြိုးကို ညကျရင် ငါ့အခန်းကို လာခဲ့ဦး"

"ဟာ . . ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . အခြေအနေကောင်းလား"

မြတ်ကို ခေါင်းအသာညိတ်ပြလိုက်၏။ နွေးနွေးနှင့်မိုးပြည့်ကရန်ကုန်က နေ့ချင်းပြန်ကျောင်းတက်တာမို့ ညနေပိုင်းမှာ သိပ်ရှောင်နေစရာမလိုပေ။ တခါတလေမှ သူငယ်ချင်းတွေအဆောင်မှာ အိပ်တတ်ကြသည်။

စာအုပ်ဆိုင်ရှေ့ရောက်လာတာမို့ မြတ်ကိုလည်း ပျှင်းပျှင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တစ်အုပ်လောက်တော့ ငှားဦးမှပဲဆိုပြီး (cupid) စာအုပ်ဆိုင်ထဲ လှမ်းဝင်လိုက်သည်။

ထိုအချိန်မှာပဲ . . .။

သဲစုမွန်လည်း အမေဆီက ဖုန်းလာမယ်ပြောထား၍ စာအုပ်ဆိုင်ဘေးက ဖုန်းဆိုင်ကို ရောက်လာ၏။ လာသွားပြီလားတော့မသိ။ ဆိုင်ထဲကိုကြည့်ပြီး . . .

"ဟဲ့ . . . အကြီးမ၊ ငါ့ဖုန်းလာပြီလား"

"မလာသေးဘူး . . . အစ်မ . . ."

"ဟူး . . စောင့်ရဦးမယ်ထင်တယ်"

ဘေးမှာပါလာတဲ့ ချောစုက . . . .

"စုမွန် . . အကင်စားရအောင်ဟာ၊ ကိုရီးယားကင်လေ . ."

"အေးစားမယ် . . ."

ကေသွယ်ကပါ တော်ကြီးဝင်ကျသည်။ သဲစုမွန်က ခုမှထမင်းစားပြီးစမို့ ခေါင်းခါပြရင်း . . .

"တော်ပြီဟာ . . ငါမစားတော့ဘူး၊ သွားစားလေ ငါရှေ့က စာအုပ်ဆိုင်မှာ စာအုပ်တစ်အုပ် ဝင်ငှားလိုက်ဦးမယ်"

"အေး . . . အေး"

ဆိုင်ထဲဝင်လိုက်တာနှင့် သဲစုမွန်မှာ ပြန်လှည့်ရမလို ဖြစ်သွား၏။ မြတ်ကိုတစ်ယောက် စာအုပ်အထူကြီးတစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေခြင်းကြောင့် ဖြစ်သည်။ သူမကိုတော့ မြင်ဟန်မတူသေး။ ဆိုင်ထဲဝင်ပြီးမှ ပြန်ထွက်ပြန်ရင်လည်း ဆိုင်ရှင်ကို အားနာစရာမို့ စာအုပ်တစ်အုပ် အမြန်ရွေးလိုက်သည်။

စာအုပ်ရွေးပြီး ပြန်လှည့်ကာ စာအုပ်မှတ်ရန်အပေး . .။ သဲစုမွန်မျက်လုံးလေး ဝိုင်းသွားတော့သည်။ စာအုပ်ငှားတဲ့နေရာမှာ မိန့်မိန့်ကြီးထိုင်နေတာက မြတ်ကို . . .။ ဘာမှတော့ မပြော . . .။





ခပ်တည်တည်လုပ်နေသည်။

စာအုပ်ကိုမှတ်ရန် ခုံပေါ်တင်ပေးလိုက်တော့ မြတ်ကိုက ပါးစပ်က အသံထွက်ပြီး မှတ်တော့သည်။

"အင်း ဝေမှူးသွင် . . စိတ်ကောက်နတ်သမီး အင်း . . နာမည်လေးက လှတယ်နော်၊ စိတ်ကောက်နေတဲ့ နတ်သမီးပေါ့၊ အပြင်မှာလည်း စိတ်ကောက်နေတဲ့ နတ်သမီးလေးရှိတယ်ဗျ . . အရမ်းလှတယ်"

စာအုပ်မှတ်ရင်း တတွတ်တွတ်ပြောနေတော့သည်။ သဲစုမွန်လည်း ကိုယ့်ကိုပြောနေမှန်းသိသိနှင့် ဘာပြန်ပြောရမှန်းမသိ။ ဆွတ်ပျံ့သည့် ခံစားမှုနှင့် ရင်ခုန်သံတွေ ဆူညံနေသည်။ ပါးစပ်ထဲမှာလည်း အာစေးထည့်ထားသလို ဖြစ်နေ၏။ ရင်ထဲတလှပ်လှပ်နှင့် မြတ်ကို ရှေ့က ပြေးသွားချင်လှသည်။ ပြီး သူမရှက်နေပြန်သည်။ စာအုပ်က မရသေး။ ဘုရား . . . ရေ။ ဒါဘယ်လိုအဖြစ်မျိုးပါလိမ့် . . .။

မြတ်ကိုက စာအုပ်ကို လှမ်းအပေး . .။ ရှက်ငွေ့တွေနှင့် နီအမ်းနေသည့် သဲစုမွန်မျက်နှာလေးကို တရှိုက်မက်မက်ကြည့်ရင်း၊ စိတ်တွေ ထူးခတ်မရချင်တော့ . .။ အသက်ကို မအောင့်ရှူသွင်းပြီး . . .

"သဲစု . . . ကျွန်တော့်ကို စိတ်ဆိုးနေတုန်းလားဟင် . . ."

အသံက လေးနက်တိုးဖွသည်။ သဲစုမွန်ဘာမှပြန်မပြောနိုင်။ အပြာရောင်မျက်ဝန်းတွေ မှေးစင်းကာ နှုတ်ခမ်းလေးတွေက လှုပ်လှုပ်ရွရွ . .။ တစ်ခုခုပြောရန် အားယူနေသလိုမျိုး . .။ ကျူးပစ် (cupid) စာအုပ်ဆိုင်ထဲက ရင်ခုန်သံတွေဟာ ညနေရီနှင့်အပြိုင် ဖြာဝေဆူပွက်နေကြသည်။ သည်းသည်းအုံ ရင်ခုန်နေကြသည်။

မြတ်ကိုက မလင်းမရဲလေးကြည့်ပြီး . . .

"သဲစု . . . ကျွန်တော်လေ . . . ကျွန်တော် . . ."

စကားတွေက လည်ပင်းမှာ တစ်ဆို့တင်းကျပ်လျက် . .။ အခြေအနေနှင့် အချိန်အခါသည် လူနှစ်ဦး၏ရင်ခုန်သံကို ထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်တာ သေချာလှသည်။ ထပ်မံအားယူပြီး တံတွေးကို မျိုချလိုက်သည်။ ပြီးမှ . . .

"သဲစု . . . သဲစု . . . ကျွန်တော် သဲစုကို . . ."

"မသဲစုမွန် . . . ဖုန်းလာပြီ . . . မန္တလေးကတဲ့ . . ."

သွားပြီ . . ။ ဒါအကြီးမအသံ . . ။ ခွေးမလေး . . ။ မြတ်တို့လည်း ကောင်းခန်းရောက်မှ မီးပြတ်သလို ခံစားလိုက်ရသည်။ သဲစုမွန်က စာအုပ်ကို ဆတ်ကနဲယူကာ ထွက်ပြေးသွားတော့သည်။ ဆိုးလိုက်တဲ့ ကံရယ် . . .။

မြတ်ကို နောက်ဆုံးဖမ်းဆုပ်မိတာကတော့ ချစ်သောဇူမွန်လေး၏ ချစ်ရည်ရွှန်းလဲ့နေသော မျက်ဝန်းလေး . . ။ နှုတ်ခမ်းထောင့်စွန်းတွေ ကွေးရုံမျှ ရှက်ပြုံးလေး . . ။ ပင့်သက်တစ်ချက် ရှိုက်မိလိုက်သည်။

သေချာပါတယ်၊ အချစ်ဆိုတာ တစ်ခါတလေမှာ မျက်ခုံးတစ်ဝင့်၊ အကြည့်တစ်ချက်နဲ့တင် တစ်ဘဝစာ လုံလောက်သွားတတ်တာမျိုးပါ . . .။

* * * *



နောက်နေ့ကျောင်းရောက်တာနှင့် မြတ်ကို သဲစုမွန်တို့ လိုက်ရှာတော့သည်။ ကျော်ငွေးကန်တင်း၊ နေခြည်လင်းကန်တင်း၊ ကျောင်းဝန်းထဲက ကန်တင်းလေးတွေထဲမှာလည်း မတွေ့။ အဆောင်ဟောင်းမှ အပေါ်ထပ်၊ အောက်ထပ်ရှိ စာသင်ခန်းတွေမှာလည်း မရှိ။ စိတ်မောလာသည်။ ကျောင်းတော်က ချစ်စကို ဘယ်လိုရှင်းရမှန်း မသိတော့။

မသေချာပေမယ့် အဆောင်သစ်ဖက်သွားရန် အကြံရသည်။

မြတ်ကို ပျာယာခတ်နေတာကိုကြည့်ပြီး ထွန်းနောင်ဝင်းက-

"ဟော့ကောင် . . ဘာတွေ ဖြစ်နေတာလဲ၊ ဆပ်ပြာသည် လင်ပျောက်တာ ကျနေတာပဲ . . ."

"ဆပ်ပြာသည် မဟုတ်ဘူးဟေ့၊ မင်းယောက်ဖ . . . မင်းနှမ ပျောက်လို့ လိုက်ရှာနေတာ . . ."

အဆောင်သစ်မှာလည်း မတွေ့ချေ။ နည်းနည်းတောင် မသက်သာ ဖြစ်လာ၏။ ပြီးမှ ကိုယ်နှင့် ဘာမှမဆိုင်သေးမှန်း သတိရ၏။ ဖြေလုမ်းတွေပင် မသယ်ချင်တော့။ ဝရန်တာမှာ မင်းသားစတိုင်(လ်)နှင့် ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသေးသည်။ ဘာဆက်လုပ်ရမှန်းကို မသိ။ အတန်းလည်း မတက်ချင်တော့။

ထိုအချိန်မှာပဲ နွေးနွေးနှင့်မိုးပြည့် ဘွားကနဲရောက်လာပြီး

"ဟင် . . ကိုမြတ်ကိုက ဒီမှာရပ်ပြီး ဘာလုပ်နေတာလဲ . ."

"ရှုပါကွေးနေတာလေ . . ."

စိတ်ပေါက်ပေါက်နှင့် ပြောပစ်လိုက်သည်။ ဒါကို မရွှေချော တွေက သဘောကျပြီး . . .

"ခစ် ခစ် ရှုပါတော့ မကွေးပါနဲ့ ကိုမြတ်ကိုရယ်၊ ကွေးချင်ရင် ကျွန်မတို့ကို မုန့်လိုက်ကျွေး၊ ဗိုက်ဆာလို့ . . ."

"စေတနာရော ရှိရဲ့လား မသိဘူး . . ."

နွေးနွေးစကားကို မိုးပြည့်ကပါ ခနဲ့သလို ဝင်ပြောသည်။

မြတ်ကိုလည်း ရှုပါဆက်မကွေးရတော့ပဲ တကယ့်ကို လိုက်ကျွေးရတော့သည်။

စားသောက်နေရင်း နွေးနွေးနှင့်မိုးပြည့် တီးတိုးပြောနေတာ တွေ့တာမို့ . . .

"နွေးနွေးနဲ့မိုးပြည့်က ကျွန်တော့်အကြောင်း အတင်းပြောနေ တာလား . . ."

နွေးနွေးက ပတ်ဝန်းကျင်ကို ကျီးတီးကြားတားကြည့်ကာ လေသံနှင့် . . .

"အာ . . ကိုမြတ်ကိုကလည်း နောက်ပိုင်းမှာလေ ဖြူးကိုဆိုတဲ့ ကောင်လေ၊ မိုးပြည့်ကိုလိုက်နေတာ၊ ခုလည်း ခေါ်တောအကြည့်နဲ့ ကြည့်နေလို့ . . ."

"ဟုတ်လား၊ အဲဒါ ကျွန်တော်အရင်တခါ ဆရာလိုလိုနဲ့ ဆုံးမ လွှတ်လိုက်တဲ့ ကောင်လား . . ."

"ဟုတ်ပ၊ ဂျစ်ကန်ကန်နဲ့ ငပု၊ ရုပ်ကိုက . . ."





ကာယကံရှင်မိုးပြည့်ကပင် ဘာမှမပြောပေ။ နွေးနွေးက ပိုဆိုးနေ၏။ သူ့ကိုမကြိုက်၍လား မသိပေ။ ပြောနေတာတွေက ဖြူးကိုကြားရင် သတ်သေချင်စိတ်ပေါက်သွားနိုင်သည်။ (ဝါသနာပါရင်ပေါ့)

မြတ်ကိုက မိုးပြည့်မျက်နှာရိပ်၊ မျက်နှာကဲကို အကဲခတ်လိုက်ပြီး . . .

"မိုးပြည့် . . . ကျွန်တော် သွားပြောပေးရမလား . . ."

နွေးနွေးက ဝင်ပြီး စိတ်ပူသံနှင့် . . .

"ရန်တွေ ဘာတွေ ဖြစ်နေပါဦးမယ်၊ တော်ကြာ . . ."

"နွေးနွေးကလည်း ဒီငပုလောက်တော့ အင့်ပါ၊ ကျွန်တော် ဒါမျိုးဆို လက်ယားနေတာ၊ ဒီကောင် ဘာလိုင်းကြီးနှိုးနေတာ ကြည့်မရလို့ . . ."

ပြောရင်း မြတ်ကိုထမယ်လုပ်တော့ မိုးပြည့်မျက်လုံးလေးဝိုင်းပြီး . . .

"နေပါစေ၊ သွားပြောမနေပါနဲ့ . . ."

"ဘာလဲ . . မိုးပြည့်က ကျွန်တော်နာမှာစိုးလို့လား၊ ဟဲ . . ဟဲ . . . ကျွန်တော် ဘာညာနည်းနည်းပါးပါး တတ်ပါတယ်၊ မပူပါနဲ့"

"မဟုတ်ပါဘူး၊ ရန်မဖြစ်စေချင်လို့ပါ၊ ပြီးတော့ ဟိုက သေးသေးလေး . . . နာမှာပေါ့ . . ."

ပြီးရော . . ။ အရေးထဲ မရွှေချောက ငပုဘက်က စိုးရိမ်နေသေး၏။ မြတ်ကိုစိတ်ထဲက ပြုံးလိုက်ပြီး မျက်နှာကို ရှုတည်တည်လုပ်ကာ . . .

"ဒါဆိုလည်း ပြီးရောလေ၊ ကျွန်တော်က မိုးပြည့်တို့ကို ကိုယ့်ညီမလေးတွေလို ခင်လို့ပါ . . ."

"ကျေးဇူးပါပဲ . . ."

မိုးပြည့်ကပြောရင်း ငြိမ်ကျသွားသည်။ စားပွဲကိုကြည့်ပြီး သက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းတွင်တွင်ချနေလေ၏။ စားသောက်ထားတာတွေ ရှင်းရမှာကြောက်လို့တော့ မဖြစ်နိုင်ချေ။ မြတ်ကိုက သွေးတိုးစမ်းကြည့်ဦးမှဆိုပြီး . . .

"ဘယ်လိုမှမထင်နဲ့နော် မိုးပြည့်၊ အဲဒီကောင်က တော်တော်နှောင့်ယှက်နေလို့လား"

မိုးပြည့်ခေါင်းလေးမော့ကာ မျက်လွှာလေးချပြီး . . .

"နှောင့်ယှက်တာထက် ဖြိုးကိုက မလိမ္မာတာ အရမ်းဆိုးတာပဲ၊ ကျောင်းလည်း မှန်မှန်မတက်ဖူး၊ ဘယ်လိုလုပ်စာမေးပွဲအောင်မှာလဲ၊ ဂျစ်ကန်ကန်နဲ့မို့ ကြည့်မရတာ . . ."

အခြေအနေက မဆိုးလှ။ နွေးနွေးက မျက်နှာလေးမဲ့ကာ . .

"အမလေး . . . ဒီအပေအတေကိုများဟယ်၊ ဘယ်တော့မှ ကောင်းလာမှာ မဟုတ်ဖူး"

မြတ်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ဖြိုးကိုက ဆံပင်စုတ်ဖွားနှင့် အသဲကွဲသမားဟန်ဖမ်းထားသည်။ ရီဝေဝေနှင့် မျက်တွင်းတွေချောင်ပြီး အိပ်မရတဲ့ပုံစံမျိုး။ မိုးပြည့်ကြောင့်တော့ ဟုတ်မယ်မထင်။ ဖြစ်နိုင်တာကတော့ မနေ့ညကန်သည့် ချန်ပီယံလိဂ်(ဂ်)ကြောင့် ဖြစ်နိုင်သည်။

* * * *



"အဲဒါပဲ ဟော့ကောင်၊ မင်း Roll sheet တွေလည်း မပြည့်ဘူးဆို . . ."

"အင်း . . . ဟုတ်တယ်"

ဖြိုးကိုက မျက်နှာသေလေးနှင့် ပြော၏။ ခုမှ နောင်တရနေတာန်လည်း ရှိသည်။

"ဒါနဲ့ မင်းကို ဘယ်သူကျောင်းမှာ အာမလိုက်ခံပေးလဲ"

"ကိုထက်လေ . . ."

"ဘယ်သူ . . ."

"ဉာဉ်ဘေးအိမ်က ထက်အောင်ကျော်လေ . . ."

ခုမှသဘောပေါက်၏။ ညညဉာဉ်မှာ ဖြိုးကိုတို့နှင့် ထိုင်ထိုင်နေတဲ့ ဆံပင်နီနီနဲ့တစ်ယောက် . . .။ သူလည်း ဖြိုးကိုတို့လို FIFA အုပ်စုဝင်။ ဆံပင်တွေ နီလိုက်၊ ဝါလိုက်၊ ပြာလိုက်နဲ့ ပုတ်သင်ညိုနှင့် အမျိုးတော်လားမသိပေ။ တစ်ခါတွေ့ရင် ဆံပင်တစ်မျိုးပြောင်းနေ၏။ ဒီဆံပင်နှင့် အာမလိုက်ခံပေးတာကြားပြီး ရယ်ချင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကိုက ဖြိုးကို့ကို မှာစရာရှိတာမှာပြီး စာအုပ်ဆိုင်ဘက် ထွက်လာခဲ့သည်။ သဲစုမွန်တို့များ တွေ့မလားဆိုပြီးသွားသော်လည်း သဲစုမွန်နှင့်တူတာဆိုလို့ ဘဲဥခွံတောင်မတွေ့ရ။ လေပူကြီးမှုတ်ထုတ် ရပြန်သည်။

စာအုပ်ဆိုင်ထဲဝင်ပြီး စာအုပ်ရွေးနေမိသည်။ စိတ်က သိပ် မပါလှ။

ခဏနေတော့ ဆိုင်ထဲကို အသားမဲမဲ ထိပ်ပြောင်ပြောင်နှင့် ခပ်တောက်တောက် အဝတ်အစားတွေ ဝတ်ထားသော လူခပ်ဝဝတ ယောက်ဝင်လာပြီး . . .

"ကိုလတ် . . ကို . . ကို . . ကိုလတ် ဘာ . . ဘာစာအုပ် ထွက် . . ထွက် . . ထွက်သေးလဲဗျ"

အဝတ်အစားက အချိုးမကျရသည့်အထဲ သကောင့်သားက စကားပါ ထစ်နေသေးသည်။ ကိုလတ်က . . .

"ဘာမှ မထွက်သေးပါဘူးကွာ၊ မင်းဘယ်နေ့က ရောက်တာ လဲ ပုဂံကြီးရ . . ."

"ဒီ . . ဒီ . . ဒီနေ့ပဲ၊ ဟိုလေ . . နီ . . နီ . . နီကိုရဲ့ အကြည်တော်တို့ အသစ်ထွက်ရင် ပြော . . ပြောနော်"

"အေးပါကွာ . . . အေးပါ"

စာဖတ်ပြီး ရယ်ရင်ရော ထစ်သေးလားမသိ။ အ့ထစ်၊ အ့ထစ် နှင့်ပြောပြီး ထွက်သွားတော့သည်။ မြတ်ကို ရယ်ချင်ပက်ကျိဖြစ်သွား ပြီး . . .

"ကိုလတ် . . . အဲဒါ နှစ်နှစ်ကိုတစ်တန်းတက်တဲ့ ပုဂံကြီး တာလား"

ကိုလတ်က ရယ်ကျဲကျဲနှင့် . . .

"ဘာလဲ . . . မထင်ရလို့လား၊ ပုဂံကြီးပုံစံကြည့်ပြီး . . ."





"မဟုတ်ပါဘူး၊ ဘယ်လိုများ ဘွဲ့ရလာလဲလို့ပါ"

"မင်းကတော့ ပြောတော့မယ်"

ကိုလတ်က ခပ်ပြုံးပြုံးနှင့် ထပ်ပြောသည်။ မြတ်ကိုက . . .

"ကျွန်တော်က ခုသူ့အခန်းမှာ နေ . . . နေတာဗျ"

ကိုလတ် ဆက်ပြောတာလည်း မြတ်ကိုမှာ မကြားတော့။ ဆိုင်ရှေ့က ဖြတ်လျှောက်သွားသော သဲစုမွန်၏အရိပ်လေးမှာ စိတ်တွေကပ်ငြိကာ ပါသွားလေသည်။

နောက်ကလိုက်သွားရင် ကောင်းမလား စဉ်းစားသေးသည်။ မဖြစ်သေး။ လမ်းမှာလူတွေများလှသည်။ တော်ကြာရှက်သွားမှ ပိုဆိုးနေဦးမည်။

ဘာဖြစ်လို့ ကျောင်းမတက်တာလဲဆိုတာ ခုမှအဖြေပေါ်တော့၏။ ပုံစံက အပြင်မှာ ဈေးသွားဝယ်ကြသည့် ပုံစံမျိုး။ လက်တွေထဲမှာလည်း အဝတ်အစားထည့်သည့် စက္ကူအိတ်တွေဆွဲလို့။ တံဆိပ်တွေကလည်း ရန်ကုန်မြို့ထဲက နာမည်ကြီးဆိုင်တွေ ဖြစ်နေသည်။

စနေ၊ တနင်္ဂနွေမှမသွားပဲ ကျောင်းဖျက်ပြီး ဘာကြောင့်သွားသနည်း။ အဖြေက မရချေ။ ဘဏ်မှာ ပိုက်ဆံထုတ်ရင်းနဲ့များ သွားလားမသိ။ ဒီနေ့ဘာနေ့လဲဆိုပြီး နာရီကိုအကြည့်။ မတ်လ၊ သုံးဆယ့်တစ်ရက်နေ့ . . .။ မနက်ဖြန် ဧပြီ၊ တစ်ရက် . . .။ ဟာ . . .။

မြတ်ကို ရင်တွေ တဒိုင်းဒိုင်းခုန်နေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

မြတ်ကို အစောကြီးနိုးနေ၏။ (အမှန်မှာ ညထဲက အိပ်မပျော်ခြင်း ဖြစ်သည်။) နာရီကိုကြည့်ကာ အိပ်ယာမှ ကုန်းရုန်းထပြီး ရေမိုးချိုးလိုက်သည်။

မှန်ကြည့်ရင်းနှင့် ဒီဇိုင်းကတော့ အလန်းပဲလို့ ကိုယ့်ဟာကိုယ်ပြောမိသေး၏။ စတစ်ကော်လံကတုံးနှင့် ကချင်ကွက်စိပ်လေးဝတ်ပြီးချိန်မှာတော့ ခြောက်နာရီထိုးလေပြီ။

အောင်အေးသန်းတော့ အိပ်တုန်းပင်။ ဘယ်နှစ်တောင်ကျော်နေပြီ မသိ။ ခြေသံအသာဖွကာ အဆောင်မှ ဆင်းခဲ့သည်။ ညထဲက စီစဉ်ထားသည့် လက်ဆောင်ပူးလေးကိုင်ကာ ဥယျာဉ်အတွင်းထဲမှာ ထိုင်နေလိုက်သည်။

အမှန်တော့ သိပ်မသေချာပေ။ မွေးနေ့ဆိုရင်တော့ လူတွေဘုရားသွားတတ်ကြသည်။ သဲစုမွန်က ဗုဒ္ဓဘာသာမို့ သွားမည်ထင်၏။ မြတ်ကိုလည်း မပြောကောင်းပြောကောင်း ဘုရားကိုအားကိုးပြီး စောင့်နေတာလို ဖြစ်နေသည်။





သဲစုမွန်ဘုရားသွားရင် ငါနဲ့ချစ်သူတွေဖြစ်ပါစေဆိုပြီး ဆုတောင်းရန် စဉ်းစားသေး၏။ မဖြစ်သေး . . ။ မသွားရင်တော့ လွဲဦးမည်။ ဒါဆိုရင် ရှစ်နာရီထိုးမှမလာရင် ငါနဲ့ချစ်သူတွေ ဖြစ်ပါစေဆိုရင် ကောင်းမလားဟု စဉ်းစားကြည့်သေးသည်။ ရှစ်နာရီထိုးမှတော့ ကျောင်းသွားတော့မှာပေါ့။ ဒါကလည်း တဖက်သတ်ကြီး။ မကောင်းသေး . . . ။

ငယ်ငယ်တုန်းကလို အစို၊ အခြောက်လှန်ရင်ရော။ တုတ်ပိုင်းက မလွယ်လှ . . ။ နောက်ဆုံး ဘိလပ်ရည်အဖုံးလေး ခုံအောက်ကတွေ့၍ ခေါင်းပန်းသဘောမျိုးလှန်ရန် အကြံရသည်။

စိတ်ထဲက ချိတုံချတုံနှင့် ဘယ်ဘက်ယူရမှန်း မသိသေး။ စိတ်ကိုတင်းကာ ကဲ ဒီအဖုံးလေး ခေါင်လိုက်ကျရင် စုမွန်နဲ့ငါနဲ့ လွဲမယ်ကွာဆိုပြီး မြှောက်ချလိုက်တော့ မှောက်ခုံလေးကျသွား၏။ ကံကြမ္မာကတော့ ကိုယ့်ဖက်မှာ ရှိနေလေပြီ။ စိတ်ကူးတွေ စိန်စီပစ်လိုက်သည်။

"ဟဲ့ . . ဟိုမှာ ကောင်မလေးတွေ ချစ်စရာလေးတွေနော်"

အစ်မကြီးအသံကြား၍ မြတ်ကိုအတွေးထဲက လူးထပြီးအကြည့်။ ဝုန်းဆိုမတ်တပ်ရပ်မိရက်သား ဖြစ်သွား၏။

စုမွန် . . ချစ်ရပါသော စုမွန်လေး . . ။ ချိတ်အဖြူဝမ်းဆက်တလေးနှင့် . . ။ ခေါင်းမှာလည်း ဘီးကုတ်ဖြူဖြူလေးနဲ့ ချစ်စရာ . . . ။ တစ်လှမ်းချင်း . . . ။

လေအေးအေးတစ်ချက် ဝေ့လာ၏။ သစ်ရွက်တွေ လှုပ်ခတ်သွားပြန်သည်။

စကားတိုးတိုးပြောကြပါ သစ်ရွက်ကလေးရယ် . . . ။

ငါရင်ခုန်လှချည်ရဲ့ . . . ။

ပိုက်ဆံအမြန်ရှင်းပြီး ဆိုင်ထဲက ထွက်လိုက်သည်။ သမကောလိပ်လမ်းဟာ ဒီနေ့မှာမှ အလှဆုံးဟု၍ပင် ထင်မိသေးသည်။ လမ်းလေးဟာ ဖုံလို့။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားခြေလှမ်းမှ မြတ်ကို သဲစုမွန်နားကို မှီလာ၏။ ဆွဲငှ အာရုံလား၊ မိန်းကလေးတွေ၏မွေးရာပါ Will Power လားတော့ မသိ။

သဲစုမွန်နောက်ကို ဆတ်ကနဲလှည့်ကြည့်ပြီး နှုတ်ခမ်းလေးများ ဝိုင်းသွားသည်။ မျက်ဝန်းတွေမှာတော့ မယုံကြည်နိုင်ဟန် အထင်းသား။ မြတ်ကိုမှာ ဘာရယ်မဟုတ်ပဲ ခြေလှမ်းက တုံ့ဆိုရပ်သွားလေ၏။

မရဲမလင်းလေး ပြန်ကြည့်လိုက်တော့ သဲစုမွန်က ဘေးမှ ချောစုနှင့်ကေသွယ်တို့ကို တီးတိုးပြောနေဟန်ရှိသည်။ ကေသွယ်တို့က လှည့်ကြည့်ကြ၏။ ကေသွယ်နှင့်ချောစု မျက်နှာတွေက ပြုံးစိစိနှင့်မို့ မြတ်ကိုလည်း အားပြန်တက်သွား၏။

လေကို အဆုတ်ထဲ ဝအောင်ရှူသွင်းပြီး ဆူညံနေသည့် ရင်ခုန်သံကိုထိန်းကာ အနားကပ်လိုက်သည်။ (ကိုယ့်အလှည့်မှ ဂါထာတွေ ယတြာတွေလဲ မရတော့။)

သဲစုမွန်၏ ကိုယ်သင်းနံ့လေးကြောင့် ရင်ထဲ ဒိန်းကနဲ ဖြစ်သွား၏။ စိတ်ထဲမှာလည်း ကြည်နူးရိပ်လေး ဖြတ်ပြေးသွားသည်။ ရင်တွေဖိုပြီး စိတ်တွေ တစ်မျိုးဖြစ်လာ၏။

မြတ်ကိုက အရဲစွန့်ပြီး မျက်နှာလေးငယ်ကာ . . .

"စုမွန် . . . စုမွန် . . ."

". . . . . . . . . . . . ."

"စုမွန် . . . စုမွန် . . . စုမွန် . . ."

"ဘာလဲ . . . ဘာဖြစ်နေတာလဲ"

ဆတ်ကနဲလှည့်ရင်း ပြော၏။ မျက်နှာထားက မဆိုသလောက် လေးတင်းနေ၏။ ဟိုနေ့ညနေကနှင့် မတူတော့။ ဘာဖြစ်သနည်း။ မိန်းကလေးဟာ ဒီလိုပဲလားဆိုပြီး အတွေးချော်နေမိသေးသည်။

စိတ်ကိုပြန်တင်းလိုက်ပြီး . . .





"စုမွန် . . ကျွန်တော့်ကို စိတ်ဆိုးနေတုန်းလားဟင် . . ."

"ဘာတွေလာပြောနေတာလဲ မသိဘူး"

"စုမွန်ရယ် . . မွေးနေ့ဆိုတာ အဲဒီလိုမနေရဘူး ကြည်ကြည် လင်လင်နဲ့ ပြုံးပြုံးလေးနေပါလား"

"ဘာဆိုင်လို့လဲ . . ."

အခြေအနေက မကောင်းလှသေး။

"စုမွန်ကလည်း ကျွန်တော်ပြောပြမယ်၊ မျက်နှာကို ရှုံ့မဲ့ဖို့ အတွက် အကြောခြောက်ဆယ့်လေးကြောတောင် အလုပ်လုပ်ရတာ ပြုံးတာလေးက ဆယ့်နှစ်ကြောပဲ လုပ်ရတာလေ၊ ဘာဖြစ်လို့ အပင်ပန်း ခံနေတာလဲ စုမွန်ရယ်"

မှတ်မိသလောက်တွေ ပြောရတော့၏။ သဲစုမွန်က နားထောင် ပြီး မျက်နှာလေးမချိုမချဉ် ဖြစ်လာသည်။ မြတ်ကိုက ထိုအခွင့်အရေးကို လက်လွှတ်မခံပဲ . . .

"အဲ . . ပြုံးတော့မှာပါ၊ စုမွန်က ပြုံးရင် အရမ်းလှတာ၊ အဲ . . . ပြုံးပြီ . . ပြုံးပြီ . . ပြုံးပြီခင်ဗျ . . ."

စုမွန်က ခိကနဲ တစ်ချက်ရယ်ပြီး ပီယဝါစာလေး ဆိုလာ၏။

"ငပေါ . . ."

အခြေအနေက မဆိုးတော့။ မျက်နှာလေး ပြေလျော့ကာ ကြည်စင်လာ၏။ ကေသွယ်နှင့်ချောစုကတော့ အလိုက်တသိနှင့် ရှေ့က ခပ်လှမ်းလှမ်းမှာ . .။ မယ်မင်းကြီးမတွေ ကျွန်းမာပါစေ၊ ချမ်းသာပါ စေ . . .။

မြတ်ကိုက သဲစုမွန်ဘေးက ယှဉ်လျှောက်ရင်း ရယ်ကျဲကျဲလုပ် ကာ . . .

"ငပေါမှာလည်း အသဲနဲ့ပါဆိုတာ ကြားဖူးတယ် မဟုတ်လား၊ ဗွီဒီယိုတောင်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ငပေါ လက်လျှော့ပြန်လေတော့ပဲ ကြည့်ဖူးတယ်"

"ကိုယ်က နှလုံးလှငပေါလေ"

"တို့ရွာမှာတော့ ငပေါရဲ့အုတ်ဂူလေးရှိတယ်"

"အဲဒါက အမည်မဖော်လိုသူ ငပေါပါ"

"ဒါဆိုလည်း သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ငပေါပေါ့"

"ကဲ . . . ကျေပါတော့ မအေးစိန်ရယ်"

"ဒါကတော့ ပုလိပ်အမြင်ကိုး ကိုဘချစ်ရဲ့ . . ."

စိန်ပလိမ်တိန် ဂွမ်ကုန်ပါတော့သည်။

မြတ်ကိုလည်း မထူးတော့ပြီမို့ မျက်နှာပိုးသတ်ကာ . . .

"ကျွန်တော့်အမြင်ကတော့ သဲစုအရမ်းလှနေတာပဲ သိတယ်"

သဲစုမွန်က မျက်နှာလေးတည်သွားပြီး အကဲခတ်သလို တစ်ချက်လှမ်းကြည့်သည်။ မြတ်ကိုမှာ မနေတတ်တော့။ ပေါက်တဲ့နဖူးကတော့ ကွဲပြီမို့ . . .

"သဲစု . . . သဲစုကို ကျွန်တော် ချစ်တယ်"

သဲစုမွန်မျက်နှာလေး နီအမ်းသွားပြီး တဖတ်လွှဲလိုက်လေသည်။ (လမ်းလျှောက်ရင်းနဲ့မို့ ခေါင်းငုံ့မရဟန်တူ၏။)

မြတ်ကိုမှာ ဆက်တွန်းရတော့သည်။ (သဲစုက ကားမဟုတ်၍ စကားပြောခြင်းကို ဆိုလိုပါသည်။)

"သဲစုရယ် . . . စကားလေး ဘာလေးပြောပါဦး"

"ဘာပြောရမှာလဲ . . ."

"တစ်ခုခုပေါ့ . . ."

"စဉ်းစားဦးမှာပေါ့၊ ဘာဖြစ်နေတာလဲ"

"သဲစုကလည်း အချစ်ဆိုတာ . . ."

"မွေးနေ့နော် . . ."





မြတ်ကိုလည်း အချစ်ငိုကာ မဖွင့်လိုက်ရတော့ . . ။ သဲစုမျက်နှာတ စူပုတ်ပုတ်ပြန်ဖြစ်လာတာမို့ အခြေအနေကို ပြန်ထိန်းသည့်သဘောနှင့် . . ။

"သဲစုသဘောပါ။ ကဲ . . ကဲ . . အကြောင်းကို ဆယ့်နှစ်ခုပဲ ပြန်လုပ်တော့ . . ."

"ပြီးရော . . ."

"အကြာကြီးတော့ မစောင့်နိုင်ဘူးနော်"

"လဲသေလိုက် . . ."

မသေသေးပါ . . ။ မြတ်ကို ကျိုက်ခေါက်ဘုရားတောင် လိုက်သွားလိုက်သေးသည်။ အတူယှဉ်ပြီးတော့ ရှိမခိုးခဲ့ . . ။ ပြော၍ရတာမဟုတ်။ ကွဲတတ်သည်ဟု နားစွန်နားဖျားကြားဖူးသည်။ ဘယ်ရမလဲ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

ရည်းစားပင်မဖြစ်သေး သဲစုက ကန့်သတ်ချင်လာသည်။ (မြတ်ကိုကလည်း ခံချင်နေသည်။) အဓိက,ကတော့ နွေးနွေးနှင့်မိုးပြည့်တို့ဆီ သွားတဲ့ကိစ္စကို ဖြစ်သည်။

ချစ်သူတွေ မဖြစ်သေး၍ အတိအလင်းတော့ မပြော။

"မြတ်ကိုနော်၊ ရှင် . . . ကျောင်းလည်း မှန်မှန်မတက်ဖူး"

"တက်ပါတယ်၊ သဲစုကလည်း . . ."

"ဘာတက်တာလဲ၊ ကျွန်မ မသိဘူးများ မှတ်နေလား"

"ဟာ . . . သဲစုရယ်၊ သူများကိစ္စပါ . . . တဲ . . . ဟဲ"

"ရှင့်မှာလည်း သူများကိစ္စတွေပဲ အရေးကြီးနေတာပဲ"

"ကျွန်တော့်ကိစ္စက သဲစုလက်ထဲမှာလေ . . ."

"ဘာ . . ."

မြတ်ကိုပင် လန့်သွားရ၏။ ပြီးမှ ရယ်ပြီး . . .

"သြော် . . . သဲစုမှ ကျွန်တော့်ကို အဖြေမပေးတာကိုး"

"လာပြီ . . . ဒါပဲ . . ."





ထိုသို့ . . ထိုသို့ပဲ ဖြစ်နေသည်။ ဒီဘက်မှာလည်း အဖြေက မရသေး . . ။ တိုဘက်မှာက မပြီးမပြတ် . . ။ တကယ့်ကို တန်းလန်း တန်းလန်း ဖြစ်နေသည်။ အမြီးမဟုတ်၍သာ တော်တော့သည်။ သိပ် မစားသာလှ . . . ။

ဒီကြားထဲ တစ်ရက်မှာ ကြုံရသေးသည်။

မြတ်ကိုတစ်ယောက် သဲစုမသိအောင် မိုးပြည့်တို့ဆီသွားပြီး ပြန်အလာ ကျောင်းက တစ်ချိန်မပြီးသေး၍ ကျော်ဒွေးကန်တင်းထဲကို ဝင်တော့ သဲစုတစ်ခါပြဖူးသည့် ၂တေ က တစ်ယောက်ကို တွေ့လိုက်ရ သည်။

နာရီတကြည့်ကြည့်နှင့် သဲစုကိုများ စောင့်နေလားမသိ။ ကိုးပေ ကိုးတော့ ဖြစ်ရဦးမည်။

မြတ်ကိုက မယောင်မလည်နဲ့ အနားကပ်သွားပြီး . . .

"သူငယ်ချင်း ထိုင်မယ်နော်"

ကိုလော (ယာယီသတ်မှတ်သည့်နာမည်) က ရွှေကိုင်းမျက်မှန် လေးပေါ် ကျော်ကြည့်ပြီး . . .

"အင်း . . . ရပါတယ်၊ ထိုင်လေ . . ."

စကားမပြောဖြစ်ကြ . . ။ ခဏနေတော့ ကိုရွှေလောက ပျင်း လာဟန်တူ၏။ စကားစလာသည်။

"သူငယ်ချင်းက ဒီကျောင်းကပဲလား"

သိရက်သားနှင့်မေးသည်ဟု ထင်သည်။ မြတ်ကိုက ခေါင်း ညိတ်ကာ . . .

"ဟုတ်ပါတယ် . . ."

"ဒါနဲ့ ဘယ် Year ကလဲ . . ."

"DTM . . . ."

"ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယနှစ်သမလေ . . ."

"ဩော် . . ."

ကိုလောက ဘာတွေသဘောတွေ့သွားလည်း မသိ။ ပြုံးစေ လုပ်ကာ . . .

"ဟိုလေ . . . တတိယနှစ်က သဲစုမွန်ကို သိလားတင်"

"သိသားပဲ၊ ကျွန်တော့်ရည်းစားလေ . . ."

"ဗျာ . . ."

ကိုလောမျက်နှာလည်း ချက်ချင်းအိုမင်းရင့်ရော်ကာ ငူငူကြီး ဖြစ်သွားလေ၏။ မြတ်ကိုက သတိရသွားပြီး . . .

"တတိယနှစ်မှာက သဲစုမွန်နှစ်ယောက်ဗျ၊ နှစ်ယောက်လုံး ချောတာပဲ"

"ဟာ . . . ဟုတ်လား"

ကိုလောခမျာ ပြန်အားတက်လာဟန်ရှိသည်။ မျက်နှာပင် အနည်းငယ် ဝင်းတက်လာ၏။ မြတ်ကိုက . . .

"အဲဒီ သဲစုမွန်က TTM ဘယ်လောက်လဲ၊ နံပါတ်လေ . ."

"မသိဘူးဗျ . . ."

"ဟဲ . . . ဟဲ . . . ခင်ဗျား ရည်းစားထင်တယ်"

မြတ်ကိုအပြောကြောင့် ကိုလောလည်း ရှက်ကိုးရှက်ကန်းတွေ ဖြစ်ကာ . . .

"အဲ . . ဟို . . ရည်းစားတော့ မဟုတ်သေးပါဘူး၊ ကိုယ်က ကြိုက်နေတာပါ . . အဟီး . . ."

"ဒါဆို နောက်သဲစုမွန်ဖြစ်မှာပါ။ ကျွန်တော့်ကောင်မလေးနဲ့က ကြိုက်နေတာ ကြာလှပြီလေ"

ကိုလော ခုမှသက်ပြင်းကျသွားဟန်တူသည်။ မြတ်ကို၏သဲစုမွန် နှင့် သူ့သဲစုမွန် မတူဘူးဟု ထင်သွားပုံလည်း ရ၏။ ပျော်နေသည့်





အမူအရာလည်း အနည်းငယ် တည်ငြိမ်သွားပြီး၊ ယုံကြည်မှု ပြန်ရှိလာ ဟန်တူသည်။

"ကိုယ်က Law ကပါ"

မြတ်ကိုလည်း တိုယ်က သမကလေလို့ ပြန်မပြောချေ။ ငြိမ် ငြိမ်လေးပဲ နေလိုက်သည်။ ကိုလောက မြတ်ကို့ကို သိမ်ငယ်သွားသည် ဟုထင်လားမသိ။ စကားက တစ်မျိုးဖြစ်လာသည်။

"သယ်ချင်းတို့ ကျောင်းက ကျဉ်းကျဉ်းလေးနော်"

ကျောင်းက တကယ်ကျဉ်းတာမို့ လက်ခံပါသည်။ အနို့ကိုလော ၏ လေသံကိုတော့ လက်မခံနိုင်ပါ။ အနည်းငယ်နှိမ်နေသလို ခံစားရ သည်။

ခပ်တည်တည်ပဲ ကိုလောကိုကြည့်ပြီး . . .

"ကျောင်းက ကျဉ်းပေမယ့် ဒီမှာက ဖျော်စရာကောင်းပါတယ်၊ ကျောင်းသားတစ်ယောက်က ဘာသာရပ်တိုင်းကို သင်ရတာ၊ ခင်ဗျား တို့ရော . . ."

"အဲ . . ဟို . . ကိုယ်တို့မှာက မေဂျာကွဲတွေဆိုတော့ . . ."

"ဩော် . . ဩော် . . ကျန်တဲ့အကြောင်းတွေ မသိတော့ဘူး ပေါ့နော်"

ကိုလောလည်း မျက်နှာကွက်ကနဲ ပျက်သွားလေ၏။ ပြီးမှ စကားလမ်းကြောင်းလွှဲဟန်နှင့် နာရီကိုကြည့်ကာ ညည်းပြြန်သည်။

"ဟူး . . . ဘယ်အချိန်မှ လာမလဲမသိဘူး"

မသိရင်ပဲ သူနှင့်ရည်းစားလိုလို . . .။ မြတ်ကိုက သံယောင် လိုက်ပြီး . . .

"အင်း . . ဟုတ်ပါရဲ့၊ ကျွန်တော့်စုမွန်လည်း မလာသေးဘူး"

ပြောရင်း ခေါင်းထဲက လက်ကနဲ ဖြစ်သွားတာမို့ . . .

"ဟာ . . အတော်ပဲ၊ ကျွန်တော်နဲ့ ဒီက သယ်ချင်းနဲ့ အပျင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေလောင်းရအောင် . . .”

“ဟင် . . . ဘာ . . ဘာလောင်းမှာလဲ”

“ဒီလိုလေ၊ သဲစုမွန်က နှစ်ယောက်ဆိုတော့ အရင်လာတဲ့ ပိုင်ရှင်ကို နောက်တစ်ယောက်က စားထားတာရှင်းကြေး၊ မကောင်းဘူးလား၊ အပျော်ပေါ့”

ကိုလော တစ်ချက်တွေကနဲ ဖြစ်သွားပြီးမှ သိက္ခာမကျချင်၍ ထင်သည်။ အသံကတော့ အနည်းငယ် လေးသွားလေ၏။

“အင်း . . . အင်းလေ၊ ရပါတယ် . . . အပျော်ပဲ”

စကားဆုံးတော့ လမ်းဘက်မျှော်ကြည့်လိုက်ကြသည်။ စုမွန် မဟုတ် ဥခ္ခတောင် မတွေ့သေး။

တဟီးဟီး၊ တဟားဟားနှင့် ဝင်လာသူတွေက အောင်အေးသန်း ဝက်ကြီးနှင့် ထိန်လင်းရှိန် . . ။ မြတ်ကိုက အားရဝမ်းသာလှမ်းခေါ်ပြီး

“လာကြလေကွာ၊ ဒီမှာ ဧည့်သည့်လည်း ရောက်နေတယ် သဲစုမွန်ရဲ့ ဘာညာပေါ့၊ Law ကလေ . . .”

အောင်အေးသန်းက ကြောင်တောင်တောင်နှင့် မြတ်ကိုကို ကြည့်၏။ မြတ်ကိုက မျက်စိတစ်ဖက် အသာမှိတ်ပြပြီး လောင်းထား သည့် အကြောင်းကိုပြောလိုက်သည်။

“ဟာ . . အတော်ပဲ၊ ငါတို့ ပါမယ်လေ၊ နော် . . အကိုကြီး”

“အဲ . . အင်း . . အင်း . . ရ . . ရပါတယ် . . အဟဲ”

မချိုပြုံးလေးနှင့် ကိုလောမှာ တကယ့်သနားစရာ . . ။ ကိုယ့် အတတ်နှင့်ကိုယ်စူး ဖြစ်နေတော့သည်။

မြတ်ကိုက စလာသည်။

“သယ်ချင်း ကြားဖူးလားတော့ မသိဘူး၊ ရောသမမွေဆိုတာ လေ . . .”

“အင်း . . . သီချင်းခွေ မဟုတ်လား”





“သေချာတာပေါ့၊ အဲဒီထဲက သမက ကျွန်တော်တို့ သမကို သုံးထားတာပဲလေ . . . ဟဲ . . . ဟဲ . . .”

“အင်း . . .”

အသံက မဖြေချင့်ဖြေချင် . . ။ မြတ်ကိုလည်း ဆက်ပြန်၏။

“ပြီးတော့ ရှိသေးတယ်၊ နားရင်းကို သမတယ်ဆိုတာ ကြားဖူး တယ် မဟုတ်လား”

“အဲ . . .”

“အဲဒါလည်း ဒီသမပဲပေါ့၊ ဒီကောင် ဝက်ကြီးဆို သိပ်လက်သံ ပြောင်တာ”

“ဟဲ . . . ဟဲ . . . နည်းနည်းပါးပါးပါ”

ဝက်ကြီး၏ ခပ်အစ်အစ်ဖြေသံကြောင့် ကိုလော ဆတ်ကနဲ တွန့်ကာ ဝက်ကြီးကို မရဲတရဲလေးကြည့်သည်။ ပြီးတော့ လှုပ်လှုပ်ရွရွ ဖြစ်လာပြီး နေချင်ဟန်မတူတော့။ အပြင်ဘက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေလေသည်။ သဲစုမွန်ကလည်း မလာသေး . . . ။

အားလုံးငြိမ်သက်၍နေကြစဉ် အောင်အေးသန်းက ခုံကို ဖြန်းကနဲ ပုတ်လိုက်ပြီး . . .

“ဟာ . . . မြတ်ကို၊ သဲစုမွန်လာပြီကွ”

“ဟာ . . . အဲဒါ . . .”

ကိုလော စကားမဆုံးခင်မှာပဲ မြတ်ကိုက . . .

“ဟုတ်ပ့ါ သယ်ဂျင်းရာ၊ အဲဒါ ကျွန်တော့်ရည်းစားလေ၊ မလှ ဘူးလား”

“လှ . . . လှ . . . လှပါတယ်၊ အစ် . . . အစ်”

ကိုလောမျက်နှာကြီးတစ်ခုလုံး မဲ့ရွဲ့သွားလေသည်။ မယုံကြည် ဟန်လည်း ဖြစ်လာတာမို့ မြတ်ကိုက ကိုလောကို တစ်ချက်ကြည့်ကာ သဲစုမွန်ကို လှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သဲစု . . . လာလာ . . . ကိုယ်ဒီမှာ . . ."

ပိုင်စိုးပိုင်နင်းဆိုပြီး သဲစုမွန်လည်း စိတ်ထဲယောင်းကနဲ ဖြစ်သွားပြီး ခပ်သွက်သွက်လျှောက်လာ၏။

သဲစုမွန်ကိုမြင်တာနှင့် ကိုလောလည်း မျက်နှာအပျက်ပျက် အယွင်းယွင်းဖြစ်သွားပြီး ဝုန်းဆိုထကာ . . .

"သွား . . . သွားတော့မယ်ဗျာ၊ အချိန်မရတော့လို့ . . ."

"ဟာ . . . နေဦးလေ၊ ဒီမှာ စားထားတာတွေ . . ."

ကိုလောက ပိုက်ဆံအိတ်ဆွဲထုတ်ကာ တစ်ထောင်တန်နှစ်ရွက် ပစ်ချပြီး . . .

"သွားပြီဗျာ . . ."

"လောလိုက်တာ သယ်ဂျင်းတပဲ . . ."

"လော . . . လောပဲ၊ လော . . . လောပဲဗျာ"

တလောထဲလောပြီး ကိုလောလည်း လောငလော လောလော နှင့် ပြေးတော့သည်။

မြတ်ကိုတို့မှာ တသောသောရယ်ကြတော့သည်။ အနား ရောက်လာတဲ့ သဲစုမွန်က မျက်နှာလေးစူပုတ်ပြီး . . .

"ပြေးသွားတာ Law ကတစ်ယောက် မဟုတ်လား"

"ဟုတ်တယ်၊ Law ကလူတော့ လောသွားပြီလေ"

"ဟင် . . . ဘာလဲ . . ."

ပြန်ပြောပြတော့ သဲစုမွန်က တခစ်ခစ်ရယ်တော့သည်။ ရှင်း သန့်ကြည်စင်နေသော သဲစုမွန်မျက်နှာလေးကိုကြည့်ပြီး မြတ်ကိုမှာ ချစ်အဖြေကို လော၍မရတာ ရင်နာလို့မဆုံး . .။

* * * *



(၂၂)

ရာသီဥတုက သာယာလှသည်။ ကောင်းကင်တစ်ခုလုံး တိမ်တွေကင်းစင်ကာ လင်းပနေ၏။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေပွေလေးတွေနှင့်အတူ မလေးရှားပိတောက်ပွင့်တွေကလည်း ဝဲလို့၊ လွင့်လို့၊ ဖွေးလို့ . .။

ကျော်ဌေးကန်တင်းကိုရောက်တော့ မြတ်ကိုပင် အံ့ဩသွားသည်။ ဒီနေ့ လူတွေစုံလှချည်လား . .။ ထွေထွေထူးထူးကိစ္စတွေ အထိမ်းအမှတ်တွေလည်း မရှိပေ။ ဘာဖြစ်သနည်း။ ကိုယ့်အစီအစဉ်နှင့်တိုယ်မို့ မြတ်ကိုပင် ရင်ထဲ ထိတ်ကနဲပင် ဖြစ်သွားသေးသည်။

သဲစုမွန်တို့ အုပ်စုက တစ်ဝိုင်း၊ ကျော်စွာမိုးနှင့် ထွန်းနောင်ဝင်းတို့အတွဲနှင့် အောင်အေးသန်းတို့အုပ်စုက တစ်ဝိုင်း။ မလှမ်းမကမ်းမှာ ယင်ကောင်တို့အဖွဲ့ ခေါင်းချင်းဆိုင်နေကြ၏။

မြတ်ကိုက ကျော်စွာမိုးတို့ကို မသိကျိုးကျွန်ပြုကာ သဲစုမွန်တို့ ဝိုင်းမှာဝင်ထိုင်တော့ တင်တင်မာနှင့် ဇင်မာက ချဉ်သွားပုံရသည်။ မျက်နှာတွေ မဲ့သွားတာ သတိထားမိလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



မြတ်ကိုက ကြွားသည့်သဘောလေးနှင့် တင်တင်မာတို့ကို ခေါ်ပြီး မိတ်ဆက်ပေးလိုက်သည်။ ခဏနေတော့လည်း နှစ်ဖွဲ့က တစ်ဖွဲ့ ဖြစ်ပြီး ပျော်စရာကောင်းလှသည်။ မြတ်ကိုလည်း ဘာရယ်မဟုတ် ကျေနပ်နေမိသည်။ သူက ဒါ စုမွန်လေလို့ မိတ်ဆက်ပေးတော့ စုမွန်က ရှက်နေ၏။ မြတ်ကိုစိတ်ထဲမှာလည်း အရာရာဟာ လှပလာသလို ခံစားနေရပြန်သည်။

တင်တင်မာက ငြင်ငြင်သာသာ စဖောက်လာ၏။

"သဲစု . . . ခင်လို့ပြောတာနော်၊ ဒီကောင်က ခြေငြိမ်တာ မဟုတ်ဘူး . . . သိလား"

"ဟုတ်တယ်ဟ၊ ညဆိုရင်တောင် ကြိုးတုတ်ပြီး အိပ်ရတယ်"

သဲစုတော့မသိ . . ။ မြတ်ကိုစကားကြောင့် တင်တင်မာတော့ ငိုသွားသည်။ ဇင်မာက အကွက်ဆင်လာပြန်သေးသည်။

"ညဘက်ပဲ တုတ်လို့ရမှာပါဟာ၊ နေ့ခင်းဘက်ကတော့ အဆောင်သစ်မှာ လှုပ်လို့ရမှာ မဟုတ်ပါဘူး"

"နင်တို့ လျှောက်ကျပ်မနေနဲ့နော်၊ တော်ကြာ . . သဲစုယုံသွားမယ်"

မြတ်ကိုစကားကြောင့် သဲစုက မျက်ခုံးလေးစုပြီး မထီတထီ ဟန်လေးလုပ်ကာ . . .

"ဘာဆိုင်လို့လဲ၊ ကိုယ့်ဘဝ ကိုယ့်အကြောင်းပဲလေ၊ သွားချင်သွားပေါ့"

သဲစုမွန်စကားကြောင့် မြတ်ကိုပင် ကျောချမ်းသွားသည်။ ရင်ကတော့ ပူလာ၏။ သဲစုမွန်ကို အချိုသာဆုံးပြုံးကာ အပြစ်ကင်းစင်ဟန်လေးနှင့် . . .

"သဲစုရယ်၊ သူများကိစ္စပါ၊ သိပ်လည်း မကြာတော့ပါဘူး"

သဲစုကတော့ အင်းမလုပ် အဲမလုပ်ဟန်လေးနှင့် ခပ်တည်တည်





ထိုင်နေသည်။

စကားနောက်တရားပါဆိုသလို ဖြစ်လာတော့သည်။ ကန်တင်းထဲဝင်လာသူတွေက မိုးပြည့်နှင့်နွေးနွေး . . ။ မြတ်ကိုရင်ထဲမှာလည်း ဒိန်းကနဲ ဖြစ်သွားပြီး မမြင်ချင်ဟန်ဆောင်ထားလိုက်သည်။ မျက်နှာအလှည့်မှာ မိုးပြည့်မျက်နှာမေ့မဲ့သွားတာ တွေ့ဖြစ်အောင်တွေ့လိုက်ရသေး၏။

မိုးပြည့်တို့ကိုကြည့်ပြီး မြတ်ကိုတို့ တစ်ဝိုင်းလုံး အပ်ကျသံမကြားရလောက်အောင် တိတ်ဆိတ်သွားကြသည်။ အားလုံးက ရင်တထိတ်ထိတ်နှင့် မြတ်ကို့ကို ကြည့်ကြ၏။ မြတ်ကိုက သဲစုမွန်မျက်နှာလေးကို ခိုး၍တစ်ချက်ကြည့်မိသည်။

အေးစက်မာကျောနေသည့် ရေခဲတုံးတစ်တုံး၏ မျက်နှာပြင်မျိုး။ စေ့ကပ်ထားသော နှုတ်ခမ်းနှစ်လွှာက ပြတ်သားမှု ထင်ဟပ်စေသည်။ မြတ်ကို သက်ပြင်းသာ ဖွဖွချမိသည်။ စနစ်တကျ မှားယွင်းမှုတစ်ခုလား . . . ။ အဖြေရှာမရခင်မှာပဲ . . . ။

"ကိုမြတ်ကို ခဏလောက် . . ."

ဘုရား . . ဘုရား . . ။ မိုးပြည့်က ဆက်မသွားပဲ ရပ်ကာ လှမ်းခေါ်၏။ မြတ်ကို အသက်ရှူပါရပ်ချင်သွားသည်။ တောက်! ဒီခွေးမလေး ဘာမှလည်းနားမလည်ဘူး . . ။ မြတ်ကိုမှာ ပြေးကိုက်ချင်စိတ်ပေါက်သွား၏။ ဖြိုးကို ကိစ္စကလည်း ပြေလုဆဲဆဲမို့ လက်လွှတ်မခံနိုင်တော့။

မြတ်ကို ဆတ်ကနဲအထမှာ သဲစုမွန်အသံက အေးအေးစက်စက်နှင့် ထွက်လာသည်။

"မြတ်ကို . . . ရှင် မသွားရဘူး၊ ဒါပဲ . . ."

ခက်ချေပြီ . . ။ သဲစုမွန် နားလည်မှုလွဲသွားပြီထင်၏။ မိုးပြည့်မျက်နှာပေးကလည်း လွဲချင်စရာ။ အစွမ်းကုန်ပြုံးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကို လည်း ကြံရာမရပဲ . . .

"စုမွန် . . . ခဏလေးပါ၊ ခဏ . . ."

"မရဘူး . . . မရဘူး . . ."

မိန်းကလေးတွေ၏စိတ်ကို မြတ်ကိုတကယ်ပဲ နားမလည်တော့။ ဝင်းဝင်းတောက်နေသည့် သဲစုမွန်မျက်ဝန်းထဲမှာတော့ မဲတစ်လက်ကို မြင်ရသည်။ စုမွန် . . . ကိုယ့်ကို အထင်မလွဲပါနဲ့ . . ။ ကိုယ့်ဝေယျာဝစ္စတွေကို နားလည်ပေးစမ်းပါ။

မြတ်ကို ပင့်သက်ကို ခပ်ပြင်းပြင်းရှိုက်ကာ ဆုံးဖြတ်လိုက်ပြီး သဲစုမွန်ကို အဓိပ္ပာယ်အများကြီးပါသော မျက်ဝန်းတွေနှင့် ကြည့်လိုက်ကာ . . .

"သဲစု . . . ကိုယ်ပြောမယ်နော်၊ ကိုယ် . . သဲစုတစ်ယောက်တည်းကိုပဲ ထကယ်ချစ်ခဲ့တာပါ၊ ဒါ ကိုယ့်ရဲ့သစ္စာပဲ၊ ကိုယ် အခုခဏသွားရလိမ့်မယ်၊ ကိုယ့်ကို နားလည်စေချင်တယ်၊ ကိုယ် သူများကိစ္စတွေဦးစားပေးတာ ဒီတစ်ခါနောက်ဆုံးပါ . . ."

သဲစုမွန်က နားမလည်နိုင်သော မျက်ဝန်းတွေနှင့် မြတ်ကို့ကို အငေးသား ကြည့်နေသည်။ အားလုံးရဲ့သက်ပြင်းတွေက ကိုယ်စီကိုယ်ငှပေါ့ . . . ။

"ကိုမြတ်ကို . . ကျွန်မဟိုဘက်ဝိုင်းက စောင့်နေမယ်နော်"

မိုးပြည့်က ရင်သက်ရှုမောဖွယ် ခြေလှမ်းတွေနှင့် လှမ်းဝင်သွားသည်။ ဒီခွေးမလေးတော့ . . . ။ အင်း . . . ။

* * * *



"ဒီနေ့ ကျွန်မမွေးနေ့လေ၊ ကိုမြတ်ကို့ကို ကျွေးချင်လို့ . ."

ဘာမှကိုမစားချင်တော့ . . . ။ အစထဲက မလာရင်ကောင်းမည်ဟုသာ တွေးမိသည်။ မရှိုင်းချင်တာမို့ ပြုံးပြကာ . . . (ရင်ထဲမှာတော့ မပြုံးနိုင်ပေ။)

"မစားတော့ပါဘူး၊ ကျွန်တော့်မှာ ပေးစရာလက်ဆောင်လည်း မရှိဘူး မိုးပြည့်ရဲ့ . . ."

"မလိုပါဘူး ကိုမြတ်ကိုရယ်၊ ဘာလဲ . . ဟိုတစ်ယောက်စိတ်ဆိုးမှာ စိုးတာလား"

မိုးပြည့်မျက်နှာက ခပ်လှောင်လှောင်လေး လုပ်ထားသည်။ မြတ်ကိုစိတ်ထဲမှာ အနည်းငယ်ခုသွားပြီး . . .

"ရပါတယ်၊ အဲဒီလို မဟုတ်ပါဘူး၊ စုမွန်က နားလည်တတ်ပါတယ်"

"ဩော် . . . ဒါဆို ကျွန်မတို့က နားမလည်တတ်ဘူးပေါ့၊ ဒီလိုလား . . ."



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးကပါ ဝင်ပြောသည်။ မြတ်ကိုမှာ ဘာလုပ်ရမှန်းကို မသိတော့ . . ။ ထွက်သာပြေးချင်တော့သည်။ စိတ်တလည်း တဖြည်းဖြည်း တိုလာလေသည်။ ကော်ဖီပင်မျိုမကျတော့ . . ။ နို့မထည့်ထား၍ အရသာကလည်း ခံစားလို့မရ။

"မိုးပြည့် . . . ဒါ ကျွန်တော့်ရဲ့ လက်ဆောင်ပါ . . ."

အသံကြား၍ကြည့်လိုက်တော့ ဖြိုးကို . . ။ ခွေးစုတ်ဖွားလေး တစ်ကောင်ကို မိုးပြည့်ဘက် ထိုးပေးနေသည်။ မိုးပြည့်မျက်လုံးလေး အပြူးသားနှင့် ပါးစပ်က လွှတ်ကနဲ ထွက်သွား၏။

"ဟယ် . . . ပုတုမ၊ ဟာ . . . မဟုတ်သေးပါဘူး၊ ပုတုမတော့ သေပြီပဲ . . ."

"ယူလိုက်ပါ မိုးပြည့်ရယ်၊ ဘာမှစိတ်ထဲမှာ မထားပါနဲ့၊ ကျွန်တော်ရလိုမှုတစ်ခုနဲ့ပေးတာ မဟုတ်ပါဘူး၊ ယူပါ . . ."

ဖြိုးကိုမျက်နှာတစ်ခုလုံး အံ့မှိုင်းရီမှောင်ကာ အသံက ဆွေးရိပ်သန်းနေ၏။ ခံစားချက်ဖြင့် ရင်ထဲကလာသည့် အသံမျိုး။ မိုးပြည့်မှာ ဖြိုးကို့ကိုကြည့်ပြီး ဆုံးဖြတ်ရခက်နေသည့် မုံစံမျိုး . . .။

ထိုအချိန်မှာပဲ ခွေးမလေးက မြတ်ကိုလက်ကို လာလျှက်သည်။ စိတ်ကတိုနေသည့် အချိန်နှင့် မြတ်ကိုလည်း တွန့်ပြီး ခွေးကိုရိုက်ချလိုက်သည်။

"ဟာ . . . သွားကွာ၊ ဘာတွေလဲ . . ."

ခွေးမလေးက အင့်ကနဲ တစ်ချက်အော်ကာ ထွက်ပြေးတော့သည်။ ဖြိုးကိုလည်း ဆတ်ကနဲ သတိဝင်ကာ ခွေးမလေးနောက်ကို အတင်းပြေးလိုက်သွားတော့သည်။ ဖမ်းလို့မမိသေး . . ။ ဖြိုးကိုဆက်လိုက်၏။

နောက်က ပြေးလိုက်လာသော ဖြိုးကို့ကိုကြောက်ပြီး ခွေးမလေးက လမ်းမပေါ်တက်အပြေး . . ။ ဖြိုးကိုက အမိဆိုပြီး ခုန်အအုပ် . . ။





လမ်းပေါ်ကို မောင်းဝင်လာသော ကားအကောင်းစားတစ်စီးနှင့် မလွတ်တော့ . . . ။

"ကျွီ . . . . . ဒုန်း . . . . . ."

"အား . . . . . ."

တဒင်္ဂပေမယ့် မြန်ဆန်လွန်းလှသည်။ မိုးပြည့်၏မီးဝင်းဝင်း တောက်မျက်ဝန်းတွေ မြတ်ကိုဆီရောက်လာပြီး အသံတိုခြစ်ကာ . .

"အဲဒါ အားလုံး ရှင့်ကြောင့် . . ."

"မြန်း . . ."

"ဟာ . . ."

မြတ်ကို ပါးတစ်ခြမ်းထူပူကာ မျက်စိထဲမီးပွင့်သွားတော့သည်။ မုန်းတီးနာကျင်စွာကြည့်နေသော မိုးပြည့် . . ။ ဘာတွေဖြစ်တုန်ပြီလဲ။

"ဘာမှမသိပဲ ဒီလောက်တောင်စွာတာ ကဲဟယ် . . ."

"မြန်း . . ."

ဒီတစ်ခါ ခံလိုက်ရသူက မိုးပြည့် . . ။ ရိုက်လိုက်သူက ဘယ်လိုအနားကို ရောက်လာမှန်းမသိသော သဲစုမွန် . . ။ မိုးပြည့်လည်း ပါး တစ်ဖက်အုပ်ကာ သဲစုမွန်ကို လက်ညှိုးထိုးပြီး ထစ်ငေါ့စွာပဲ . . .

"ရှင် . . . ရှင် . . . ရှင်နဲ့ ဘာဆိုင်လဲ . . ."

သဲစုမွန်က မဖြေ။ အေးစက်စွာ စိုက်ကြည့်နေသည်။ ပထမဆုံး သတိဝင်လာတဲ့ အောင်အေးသန်းက အော်ပြီး . . .

"ဟာ . . မဖြစ်ကြပါနဲ့ဗျာ၊ ဟိုမှာ ကောင်လေး ဘာဖြစ်သွားပြီလဲ မသိဘူး"

အားလုံး၏အကြည့်တွေနှင့် ခြေလှမ်းတွေဟာ လမ်းမဆီသို့။

အမှန်တော့ ပုတုမနှင့်တူသည့် ခွေးကိုရှာပြီး ဖြိုးကိုအားပေးခြင်းမှာ မြတ်ကို၏ စိတ်ကူးနှင့်ဖန်တီးထားသော ဇာတ်လမ်းဖြစ်သည်။

ခုတော့ စေတနာက ဝေဒနာဖြစ်လေပြီ။ ဖြိုးကိုလည်း အသဲ

www.burmeseclassic.com



အသန့်လိုက်ဖမ်း . .။ ခွေးမလေးကလည်း လမ်းပေါ်တက်အပြေး . . .။ အရာအားလုံးသည် နာတျင်စွာ နောက်ကျသွားပြီထင်၏။

ကံကြမ္မာဆိုတာ ဘယ်လိုမျိုးလဲ . . .။ တရားခံကရော ဘယ်သူလဲ . .။ ငါလား . . .။

မြတ်ကို မျက်စိသာ စုံမှိတ်ပစ်လိုက်သည်။

* * * *



## နိဂုံး

ခွေးလေးပိုက်ကာ လမ်းပေါ်မှာ ဖြိုးကိုလဲနေသည်။ ခွေးလေးကို မြဲမြဲဆုပ်ထား၍ တဝုတ်ဝုတ်ဟောင်နေ၏။ ဖြိုးကိုက မလှုပ်တော့။ နောက်ဆုံးချိန်ထိ သူ့လက်ဆောင်ကို အသက်နှင့်လဲပြီး ကာကွယ်ကာ မိုးပြည့်ကို ပေးခဲ့သည့်အလား။

မြတ်ကို အံတစ်ချက်ကြိတ်လိုက်သည်။ မိုးပြည့်က သံတိလက်လွတ် အိကနဲ ငိုချတော့သည်။ ကားမောင်းလာသော အဖိုးကြီးလည်း ဘာလုပ်ရမှန်းမသိ။ ကြောက်၍ ဆတ်ဆတ်တုန်နေသည်။

အောင်အေးသန်းက ကားထဲကိုကြည့်ပြီး မထိမဲ့မြင်ဟန်နှင့်-

"ဪ . . ဘယ်သူများလဲလို့၊ မေနွယ်ဦးတို့ပါလား၊ ခင်ဗျားတို့ဗျာ . . ပိုက်ဆံရှိတယ်ဆိုပြီး ကားကို မဆင်မခြင်မောင်းကြတာပဲ၊ ကဲ . . အခု ဘယ်လိုလုပ်ကြမလဲ၊ ဘာမဟုတ်တဲ့ ခွေးလေးတစ်ကောင်ကို တိုက်မိမှာစိုးလို့ အခုအသက်ပေးလိုက်ရပြီ၊ အဲဒါ မေတ္တာတရားဗျ၊ ပိုက်ဆံပေးဝယ်လို့မရဘူး၊ ခင်ဗျားတို့ နားလည်လား၊ ခင်ဗျားတို့ဗျာ"

ဖြိုးကိုအပေါ် နှမျောစိတ်၊ ပြီးတော့ ပိုက်ဆံမက်သော ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



အပေါ် နားကျည်းစိတ်တွေနှင့် အောင်အေးသန်းကြွမ်းတော့သည်။ မေနွယ်ဦးက မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုချတော့သည်။ မေတ္တာတရား၏ အတိမ်အနက်ကိုတော့ သူမသဘောပေါက်သွားပါလိမ့်မည်။

ထိုအချိန်မှာပဲ ဖြိုးကို လူးလွန့်လာပြီး . . .

"အား . . . ကျွတ် . . . ကျွတ် . . ."

"ဟာ . . . မသေဘူးဟ . . မသေဘူး . . ."

လူတွေဝိုင်းအုံသွားကြတော့သည်။ ဖြိုးကိုမျက်လုံးလေးဖွင့်ပြီး မိုးပြည့်တို့ ပျောက်သွားသည့်အလားကြည့်ကာ ခွေးလေးကို ထပ်မေးရင်း . . .

"မိုးပြည့် . . . ရော့လေ . . . ယူပါဗျာ"

"အေးပါ . . . ဖြိုးကိုရယ်၊ ဘယ်လိုနေသေးလဲ . . ."

"ခေါင်းက ကျောက်ခဲနဲ့ရိုက်မိပြီး မေ့သွားတာပါ၊ ရပါတယ်"

မိုးပြည့်က ခေါင်းလေးခါပြီး . . .

"အာ . . . ဘယ်ရမလဲ၊ ဆေးရုံသွားမယ် ကားခေါ်ပေးပါ"

မိုးပြည့်အသံကြောင့် အောင်အေးသန်းက အဖိုးကြီးကိုကြည့်ကာ အံကြိတ်ပြီး . . .

"ကဲ . . . အဘပဲ လိုက်ပို့လိုက်တော့"

အောင်အေးသန်းအပြောကြောင့် မေနွယ်ဦးနှင့် စေ့စပ်ထားသော အဖိုးကြီးက ရှက်သွားပြီး . . .

"ဟာ . . . မင်းကလည်း ငါ့ဒီလောက် မကြီးသေးပါဘူးကွ"

"ဟာဗျာ . . . ခင်ဗျားကလည်း သေရေရှင်ရေးမှာ ကြီးတယ် ငယ်တယ် လုပ်မနေသေးတာယ်၊ သွားတော့ . . ."

"အေး . . . အေးပါကွာ၊ ဘယ်သူလိုက်မှာလဲ . . ."

"သမီးလိုက်မယ်၊ လာနွေးနွေး . . ."



ကားလေးထွက်ခါနီး မိုးပြည့်က မြတ်ကို့ကို တစ်ချက်လှည့်ကြည့်သေး၏။ မြတ်ကိုက နူးနူးညံ့ညံ့လေးပဲ ပြုံးပြလိုက်သည်။ ပါးက စစ်ကနဲ နာပြန်သည်။ သူ့ကို ပြန်ပြုံးပြသော မိုးပြည့်လည်း မျက်နှာလေးတွန့်သွားတာ တွေ့လိုက်သည်။

တခါတလေ နာကျင်မှုတွေကြားမှာ နားလည်မှုတွေ မွေးဖွားတတ်ကြသေးသည်။ ထိုအရာသည် နာကျင်မှုတဝက်ပါသော နားလည်မှုပင်ဖြစ်သည်။

မြတ်ကို ကားလေးကို ငေးနေမိသည်။ အနားကို ရနံ့လေး တစ်ခု လှုပ်ခတ်စွာ တိုးဝင်လာသည်။ ချစ်သော သဲစုမွန် . .။ ဘဲဥခွံ တလေး . . .။

"မြတ်ကို . . . အရမ်းနာနေသေးလား"

"မနာပါဘူး . . . စုမွန်ရှိနေပြီပဲ"

"ဘာလဲ . . . ထပ်အရိုက်ခံချင်လို့လား"

သဲစုမွန်က ပြုံးစစနှင့်ပြောတော့ မြတ်ကိုက ကျန်ပါးတစ်ဖက်ကို ယောင်ယမ်းကာပွတ်ပြီး . . .

"ဒီတစ်ဖက်က စုမွန်အတွက်ပါ၊ ရိုက်ဖို့တော့ မဟုတ်ဖူးလေ"

သဲစုမွန်မျက်နှာလေး နီအမ်းကာ ရှက်သွားလေသည်။ ခဏနေတော့ မျက်နှာက စူပုတ်ပုတ်လေး ပြန်ဖြစ်လာတာမို့ မြတ်ကိုမှာ နားမလည်တော့ပဲ . .။

"သဲစု . . . ဘာဖြစ်လို့လဲဟင် . . ."

"မကျေနပ် ဖြစ်နေတာ . . ."

"ဟင် . . . ဘယ်သူ့ကိုလဲ၊ မိုးပြည့်ကိုလား . . ."

သဲစုမွန်က ခေါင်းလေးအသာခါပြီးမှ ငုံ့ကိုင်းကာ တိုးတိုးဖွဖွ လေးပြောသည်။ သို့သော် နုနုသက်သက်ကလေး . .။

"ကိုယ့်စိတ်ကို မကျေနပ်ဖြစ်နေတာ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘယ်လို . . ."

"ဟုတ်တယ်၊ ရင်ထဲက ကျေနပ်နေတဲ့စိတ်ကို မကျေနပ် ဖြစ်နေတာ . . ."

"ဟာ . . . ဟာ . . . ဒါဆို . . ."

မြတ်ကို၏ရေရွတ်သံအဆုံးမှာ သဲစုမွန်မှာ မျက်နှာလေးရှက်ရောင်ရှက်သွေးနှင့် နီထွေးနေတော့သည်။

မြတ်ကိုရင်ထဲမှာလည်း အပျော်တွေ တလင်းလင်းနှင့် အချစ်တွေက ညွတ်နူးစွာ လှုပလို့ပေါ့။ တစ်ခြားသော ဝေယျာဝစ္စတွေကိုလည်း မြတ်ကိုစိတ်မဝင်စားချင်တော့ . . ။ ချစ်ခြင်း၏ဝေယျာဝစ္စတွေကိုပဲ သဲစုမွန်အတွက် ဖြည့်ဆည်းပေးချင်လှသည်။

တကယ်တော့ ချစ်ခြင်းတရားရဲ့ ဝေယျာဝစ္စတွေဟာ ချစ်သူနှစ်ဦးကြားက အလှပဆုံးသော ပေးဆပ်မှုတွေပဲ မဟုတ်ပါလား။

လေးစားစွာ

**လတ်တေဇအောင်**



## လတ်တေဇအောင်၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ တိမ်တွေဖျော်ထည့်ထားတဲ့ကောင်းကင်

၂။ ငါ့ရင်ဘတ်ကိုမှ ကြက်ခြေခတ်တဲ့ချစ်သူ

၃။ ရင်ကြားစေ့အလွမ်းတွေနဲ့ ယုန်ကလေးရဲ့ငါ

၄။ ကျွန်တော်နှင့် ဆယ့်နှစ်ကြိုးဆိုင်ခ်ီ

၅။ အနှုတ်အမြှောက်အနှုတ် ညီမျှခြင်းအပေါင်း

၆။ ငါ့မြို့ရိုးထက်က ငွေ့ရည်ဖွဲ့မိုးတိမ်

၇။ နှင်းဆီဖိုင်

၈။ မိုးကျရွှေကို ပုံပြင်

၉။ သောကြာထောင့်မှာ မစောင့်တဲ့ ပီးနပ်(စ်)

၁၀။ အစိမ်းတေးအယ်လ်ဘမ်

ယခု

၁၁။ ဝေယျာဝစ္စများတဲ့ ကြယ်

www.burmeseclassic.com